www.burmeseclassic.com

ရှုအိမ်မှုစာပေ

BURMESE CLASSIC .com

# သတိုးဂေရ

## ကကြိုးရှုပ်တဲ့တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၄၂၆၀၃၀၈ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၀၄၅၉၀၄၀၈ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဧပြီလ၊ ၂၀၀၈ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင့်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – Rainmaker

■ ကွန်ပျူတာစာစီ – သူသူ (ကွန်ပျူတာ)

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၂၀၀၀ ကျပ်

BURMESE CLASSIC .com

ရွှေအိမ်မှူးစာပေ

# သတိုးဓေ

## ကကြိုးရှုပ်တဲ့တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## အခန်း (၁)

"ဝူး. . . ဟူး. . . ဟူး. . .၊ ဝူး. . . ဟူး. . . ဟူး"

ချစ်သက်နွယ်က သူမ၏အမြွာညီအစ်မဖြစ်သူ လှည့်မကြည့်ခံနေနိုင်အောင် တမင်ပင် သံသေးသံကြောင်လုပ်နေ၏။

လင်းလက်ကြယ်က စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာဖတ်နေရာမှ ဘာသံပါလိမ့်ဟုတွေးကာ လှည့်ကြည့်လိုက်၏။ အမြွာညီမဖြစ်သူ ချစ်သက်နွယ်၏မျက်နှာရှေ့တွင်ကွယ်နေသော ကြီးမားသည့်ပူဖောင်းနီနီကြီးတစ်လုံးကို တွေ့လိုက်ရသည်။

ချစ်သက်နွယ်တစ်ယောက် ပီကေဘယ်နှစ်ခုတောင်စားပြီး ပူဖောင်းမှုတ်ထားသည်မသိ။ ပူဖောင်း၏အရွယ်အစားက မျက်နှာကိုပင် ကွယ်နေလေသည်။

"မဆိုးပါဘူး။ တော်တော်ကြီးအောင်မှုတ်နိုင်သားပဲ"

လင်းလက်ကြယ်က စိတ်မပါဘဲ ချီးကျူးသလိုပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လား။ အချိုးအဆက်နေရာတွေကို ခုတ်သင့်တာခုတ်၊ ဖြတ်သင့်တာ ဖြတ်ပြီး အပေါက်တွေဖောက်မယ်။ ပြီးတော့ ကြိုးတွေနဲ့ချည်မယ်။

လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေအားလုံးကို အဲဒီလိုခုတ်ဖြတ်ဖောက်လိုးပြီး ကြိုးတွေနဲ့ ထိန်းချုပ်ထားလိုက်နိုင်ပြီဆိုရင် ကိုယ်လိုချင်ရာခိုင်းလို့ရတဲ့ ရုပ်သေးတစ်ရုပ်ရပြီပေါ့။

ကနိုင်းချင်သလား၊ ငိုနိုင်းချင်သလား. . . ကြိုက်ရာကိုနိုင်းလို့ရတယ်။

ကြည့်စမ်း ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်မလဲလို့. . . ။ ကိုယ့်စိတ်ရဲ့ခိုင်းစေချက်အတိုင်း သူ့ခန္ဓာကိုယ်တစ်ကိုယ်လုံးကကြိုးတွေဟာ သူ့ကို အမျိုးမျိုးစေစားနိုင်မှာမဟုတ်လား။

ကဲ. . . မင်းကော ရုပ်သေးတစ်ရုပ်မဖြစ်ချင်ဘူးလား။

ဖြစ်ချင်ရင် မင်းရဲ့ခန္ဓာကိုယ်ကြီးတစ်ခုလုံး ငါ့ကိုပုံအပ်လိုက်လေ။ ဟောဒီမှာ ဓါးတွေ၊ လှံတွေ၊ ဆောက်တွေ၊ လွှန်ပူတွေနဲ့ ကြိုးအမျိုးမျိုးက မင်းကို ပုံစံပြောင်းပေးဖို့ အသင့်စောင့်နေကြတယ်။

ဘာလဲ. . . မင်းကြောက်သွားပြီမဟုတ်လား။

အလကားပြောတာပါ. . . တကယ်မလုပ်ပါဘူး။

မင်းတို့လူတွေ စဉ်းစားကြည့်ဖို့ပြောတာပါ။ အမြဲတမ်း လူ့ရဲ့ဘက်ကချည်းပဲ အမှန်လို့အောက်မေ့မနေနဲ့။

တစ်ခါတလေလည်း အရုပ်ရဲ့ဘက်ကနေ တွေးကြည့်ပေးပါဦး။

■

## အခန်း (၁)

"ဝူး. . . ဟူး. . . ဟူး. . . ၊ ဝူး. . . ဟူး. . . ဟူး"

ချစ်သက်နွယ်က သူမ၏အမြှာညီအစ်မဖြစ်သူ လှည့်မကြည့်ဘဲမနေနိုင်အောင် တမင်ပင် သံသေးသံကြောင်လုပ်နေ၏။

လင်းလက်ကြယ်က စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာဖတ်နေရာမှ ဘာသံပါလိမ့်ဟုတွေးကာ လှည့်ကြည့်လိုက်၏။ အမြှာညီမဖြစ်သူ ချစ်သက်နွယ်၏မျက်နှာရှေ့တွင်ကွယ်နေသော ကြီးမားသည့်ပီကောပူဖောင်းနီနီကြီးတစ်လုံးကို တွေ့လိုက်ရသည်။

ချစ်သက်နွယ်တစ်ယောက် ပီကေဘယ်နှစ်ခုတောင်စားပြီးပူဖောင်းမှုတ်ထားသည်မသိ။ ပူဖောင်း၏အရွယ်အစားက မျက်နှာကိုပင်ကွယ်နေလေသည်။

"မဆိုးပါဘူး၊ တော်တော်ကြီးအောင်မှုတ်နိုင်သားပဲ"

လင်းလက်ကြယ်က စိတ်မပါဘဲ ချီးကျူးသလိုပြောလိုက်၏။

www.burmeseclassic.com

ထို့နောက် အလစ်တွင် ရုတ်တရက်လှမ်းပြီး ပူဖောင်းကို ဆတ်ကနဲ ဖောက်ပစ်လိုက်သည်။

"ဟဲ့. . ."

ချစ်သက်နွယ်က အလန့်တကြားအော်လိုက်၏။ ပေါက်သွားသော ပူဖောင်းမှ ပီကေအစအနများက ချစ်သက်နွယ်၏ပါးပြင်နှင့် မေးစေ့များပေါ်တွင် လွင့်စင်တွယ်ကပ်ကာ ပေကျံသွားသည်။

ဒါကိုပင် လင်းလက်ကြယ်က သဘောကျစွာရယ်မောလိုက်ပြီး . . .

"ကဲ. . . ဒါမှကောင်းတယ်၊ မှတ်ကရောမဟုတ်လား"

ဟု ထေ့ထေ့ငေါ့ငေါ့ပြောလိုက်၏။

ချစ်သက်နွယ်က အရမ်းစိတ်ဆိုးသွားသည်။ သူမက လင်းလက်ကြယ်၏လက်ထဲမှ ဖတ်လက်စစာအုပ်ကို ဆတ်ကနဲဆွဲယူကာ ပိတ်ပစ်လိုက်၏။ ထို့နောက် . . .

"ကဲ. . . ကောင်းတယ်လို့ပြောချင်ဦးလေ၊ အခု နင်ဖတ်လက်စစာမျက်နှာ ဘယ်ရောက်သွားပြီလဲဆိုတာ မသိတော့ဘူးမဟုတ်လား"

လင်းလက်ကြယ်တစ်ယောက် အဲသည်လိုမျိုး ဖတ်လက်စစာမျက်နှာ ပျောက်ပျောက်သွားလျှင် အရမ်းစိတ်ဆိုးတတ်မှန်း သူမ ကောင်းကောင်းသိသည်။

ထင်ထားသည့်အတိုင်းပင် လင်းလက်ကြယ်က ဒေါသတကြီး အော်ဟစ်ကာ စာအုပ်ကိုပြန်ယူလိုက်၏။ သို့တိုင် ချစ်သက်နွယ်က မကျေမနပ်ဖြင့် . . .

"ဘာဖြစ်လို့ ငါ့ပူဖောင်းကို ဖောက်ပစ်လိုက်ရတာလဲ၊ အဲဒီလောက် ပူဖောင်းအကြီးကြီးရဖို့ ဘယ်လောက်ကြိုးစားပြီး မှုတ်ထားရတယ်ထင်လဲ"



ပီကေအစအနများက သူ၏မေးစေ့ပေါ်တွင် ယခုတိုင်ကပ်နေသေးသဲ။

လင်းလက်ကြယ်က နှုတ်ခမ်းကိုမဲ့လိုက်ပြီး ချစ်သက်နွယ်၏ ပါးကို အလေးမထားဟန်ဖြင့်. . .

"အောင်မယ်. . . နင့်ပူဖောင်းက ဘယ်လောက်များကြီးလို့ ထဲ ဟိုတစ်နေ့က ငါမှုတ်တဲ့ပီကေပူဖောင်းက အဲဒီထက် အများကြီး ပိုသေးတယ်"

"ငါတော့ မယုံပေါင်"

သူတို့အမြွှာညီအစ်မနှစ်ယောက် အပြန်အလှန် ခွန်းကြီးခွန်း ငယ်ပြောနေကြသည်ကို မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်လင်းက ကြားသွားပြီး စိတ်မရှည်ပုံဖြင့် . . .

"သမီးတို့ကလည်းကွယ်၊ ကလေးမဟုတ်သူငယ်မဟုတ်နဲ့၊ ပီကေပူဖောင်းမှုတ်တာကိုတောင် အပြိုင်အဆိုင်လုပ်နေစရာလား၊ သတတည်းမှုပဲ"

"သမီးတို့က တစ်ယောက်နဲ့တစ်ယောက် ပြိုင်နေတာမှ မဟုတ်ဘဲ"

လင်းလက်ကြယ်က မပွင့်တပွင့် ပြန်ပြောလိုက်ပြီးနောက် သူမ၏စာအုပ်ကို ဖတ်လက်စနေရာပြန်ရှာကာ ဆက်ဖတ်နေသည်။ သူမ ခါးပုခုံးပေါ်မှ ဆံနွယ်များကတော့ ပြတင်းပေါက်မှတိုးဝင်လာသော လေအဝှေ့တွင် ယိမ်းနွဲ့လှုပ်ရမ်းလျက်ရှိသည်။

တကယ်တော့ သူတို့အမြွှာညီအစ်မနှစ်ယောက်စလုံးမှာပင် ရှည်လျားဖြောင့်စင်းသောဆံပင်များ အသီးသီးရှိကြသည်။ လင်းလက်ကြယ်က ဆံပင်ကို ရှံဖန်ရံခါ ကျစ်ဆံမြီးကျစ်လေ့ရှိသည်။

ထိုသို့ ဆံပင်ပုံစံမတူသည့်အချိန်မှာသာလျှင် သူတို့ညီအစ်မနှစ်ယောက်ကို ခွဲခြားမှတ်မိနိုင်ခြင်းဖြစ်သည်။ ဆံပင်ပုံစံသာ မကွဲပြား

www.burmeseclassic.com



ပါက သူတို့၏အမေအရင်းကိုယ်တိုင်ပင် မနည်းခွဲယူရလောက်အောင် အစစအရာရာ တစ်ထပ်တည်း ချွတ်စွပ်တူလွန်း၏။

နဖူးကျယ်ပုံ မျက်နှာသွယ်ပုံချင်းလည်း တူကြ၏။ ဝိုင်းစက်သောမျက်လုံးများကလည်း တစ်ထပ်တည်းပင်။ နောက်ဆုံးကုန်ကုန်ပြောရလျှင် သူတို့ရယ်လိုက်သည့်အခါတိုင်း ပါးပြင်များပေါ်တွင် ပါးချိုင့်တစ်စုံစီရှိနေပုံကအစ တစ်စိုးတစ်စိမှမလွဲအောင် တစ်ပုံစံတည်းတူကြသော အမြွှာညီအစ်မနှစ်ယောက်ပင်ဖြစ်၏။

ချွတ်ယွင်းချက်တစ်ခုရှိသည်မှာ သူတို့ညီအစ်မနှစ်ယောက်စလုံးတွင် နှာတံများကသိပ်မလှကြ။ အနည်းငယ်ပွသယောင်ရှိသည်။ နောက်ပြီး သူတို့နှစ်ယောက်စလုံးက လက်ရှိအရပ်ထက် အနည်းငယ်ပိုမြင့်ချင်ကြသည်။ လင်းလက်ကြယ်၏အချစ်ဆုံးသူငယ်ချင်း မိုးသန္တာဆိုလျှင် ငါးပေရှစ်လက်မအထိ ရှည်လျားသွယ်လျသော အရပ်အမောင်းရှိသည်။ လင်းလက်တို့အမြွှာညီအစ်မကတော့ မိုးသန္တာထက် သုံးလက်မခန့်နိမ့်၏။ နောက်ပြီး ရှေ့နှစ်ဆိုလျှင် သူတို့နှစ်ယောက်စလုံး အသက်(၂၀)ပြည့်တော့မည်ဖြစ်ရာ ထပ်ပြီးအရပ်ရှည်လာဖို့ သိပ်မျှော်လင့်၍မရတော့ပေ။

ချစ်သက်နွယ်က သူမ၏ပါးပြင်နှင့်မေးဖျားတွင် စေးကပ်ပေကျံနေသော ပီကေအစအနများကို လက်ခုံဖြင့်တိုက်ကာ ပွတ်သပ်ရင်း . . .

''ငါ့မျက်နှာမှာ ပီကေတွေပြောင်သွားပြီလား''

''ဟင့်အင်း. . . ကျန်သေးတယ်၊ နင့်ဆံပင်မှာ. . .''

''ဟယ်. . . ဒုက္ခပါပဲ''

ချစ်သက်နွယ်က အလန့်တကြားရေရွတ်လိုက်ရင်း သူမ၏ဆံပင်ကို လက်ဖြင့် ပျာပျာသလဲစမ်းသည်။ သို့သော် မည်သည့်ပီကေအစအနမျှ ပေကပ်နေခြင်းမရှိပါ။



လင်းလက်ကြယ်က သူ့ညီမကိုကြည့်ကာ သဘောကျစွာ ပြောင်ရယ်လိုက်ရင်း . . .

''ကဲ. . . အညာခံရပြီမဟုတ်လား၊ နင်ဟာလေ အ,လိုက်တာလွန်ပါရော၊ နင့်ကိုလိမ့်ချင်ရင် လွယ်လွယ်လေးပဲ''

ထိုစကားကြောင့် ချစ်သက်နွယ်က အကြီးအကျယ်ပေါက်ကွဲသွားပြီး . . .

''နင်ဘာဖြစ်လို့ ငါ့ကို အမြဲတမ်းအကျင့်ယုတ်နေရတာလဲ''

''ဘာ. . . ငါက အကျင့်ယုတ်တယ်ဟုတ်လား၊ ငါ့လောက်စိတ်ကောင်းနှလုံးကောင်းထားတာ ငါပဲရှိတယ်၊ မယုံရင် ကြိုက်တဲ့လူမေးကြည့်''

လင်းလက်ကြယ်က မထီတရီပြန်ပြောလိုက်သည်။ ချစ်သက်နွယ်ကတော့ ခြေနှစ်ဖက်ကိုဆောင့်ကာ မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်လင်းဘက်သို့လှည့်ကာ . . .

''မေမေ. . . ဒီလောက်စိတ်ပုပ်တဲ့သူနဲ့ သမီး တစ်ခန်းတည်းအတူမနေနိုင်ဘူး၊ သမီးအတွက် အိပ်ခန်းသပ်သပ်ခွဲပေးနော်၊ မေမေနော်''

''အေးပါသမီးရယ်၊ နောက်တော့လုပ်ပေးတာပေါ့''

မိခင်ဖြစ်သူက စိတ်ရှုပ်ဟန်ဖြင့် ခပ်ဆတ်ဆတ်ပြောလိုက်သည်။ ချစ်သက်နွယ်က . . .

''ဟွန်း. . . မေမေက ပြောလိုက်ရင်ဒီလိုချည်းပဲ''

''ဟဲ့. . . ဒီလိုမပြောလို့ ငါက ဘာသွားလုပ်ရမှာတုံး၊ အိမ်ထဲမှာ နေရာအပိုဆိုလို့ တစ်လက်မစာတောင် မကျန်တော့တဲ့ဥစ္စာ၊ ဒီကလေးတွေနှယ်. . . ခက်တော့တာပဲ''

ဒေါ်နွယ်နွယ်လင်းက ညည်းညည်းညူညူပြောရင်း အိပ်ခန်းပြတင်းပေါက်ကိုဖွင့်ကာ ကြက်မွေးတံမြက်စည်းဖြင့် ဖုန်သုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သောနေရောင်ခြည်က ပြတင်းပေါက်လိုက်ကာစပေါ်သို့ ငွေးထွေး စွာကျနေလေသည်။

ဒေါ်နွယ်နွယ်လင်းက လိုက်ကာစကိုချည်လိုက်ရင်း . . .

''ကြည့်စမ်းပါဦး၊ အပြင်မှာ ဘယ်လောက်တောင် နေသာ လိုက်သလဲလို့၊ ကိုင်း . . . ညည်းတို့နှစ်ယောက်က ဒီအိမ်ထဲမှာပဲကုပ်ပြီး တကျက်ကျက်နဲ့ ဘာလုပ်နေကြတာတုံး၊ အပြင်မှာ သွားကစားကြ ချေ''

''ဟာ . . . မေမေကလည်း၊ အပြင်မှာသွားကစားရအောင် သမီးတို့က ကလေးမှမဟုတ်တော့တာ၊ နောက်တစ်နှစ် နှစ်နှစ်ဆိုရင်ပဲ ဘွဲ့ယူရတော့မယ့်အရွယ်ရောက်နေပြီ''

လင်းလက်ကြယ်က ပွစိပွစိဖြင့် အမေဖြစ်သူကို စောဒကတက် လိုက်၏။ ချစ်သက်နွယ်ကတော့ သူမ၏မျက်နှာတစ်ပြင်လုံးကို လက် ဖြင့်ပွတ်သပ်ရင်း . . .

''ငါ့မျက်နှာမှာ ပီကေတွေပြောင်သွားပြီလား''

''မပြောင်တော့လည်း ဘာဖြစ်လဲဟ၊ ထားလိုက်စမ်းပါ၊ မျက်နှာပေါင်းတင်ပြီးသားဖြစ်သွားတာပေါ့''

လင်းလက်ကြယ်က ခပ်ငေါ့ငေါ့ပြန်ပြောလိုက်၏။ သူတို့နှစ် ယောက် အပြန်အလှန်ပြောနေကြသည်ကိုကြားရပြီး မိခင်ဖြစ်သူက သက်ပြင်းကိုချကာ . . .

''ကဲ . . . ညည်းတို့နှစ်ယောက်နဲ့တော့ ခက်နေပါပြီ၊ တစ် ယောက်နဲ့တစ်ယောက် နည်းနည်းလေးမှ တည့်အောင်မနေနိုင်ကြ ဘူးလား''

ထိုစဉ် ခွေးဟောင်သံကို ရုတ်တရက်ကြားလိုက်ရသည်။ ဒေါ်နွယ်နွယ်လင်းက . . .

''ဟဲ့ . . . ဂျက်ကီတစ်ကောင်တော့ ဘာကိုများတွေ့လို့ ဟောင်



[illegible]ပြီလဲမသိဘူး''

ဂျက်ကီဆိုသည်မှာ သူတို့မိသားစုကမွေးမြူထားသော အနက် ဆောင် တယ်ရီယာခွေးသေးသေးလေးတစ်ကောင်ဖြစ်သည်။ ဂျက်ကီ သည် ယဲလွန်းသောကြောင့်လားမသိ ဘာကိုမဆိုမြင်လိုက်သည်နှင့် [illegible]မဲ ထိုးဟောင်တတ်သောအကျင့်ရှိသည်။

ဒေါ်နွယ်နွယ်လင်းက ဆက်၍ . . .

''ဂျက်ကီ့ကို လမ်းလေးဘာလေးလျှောက်ရအောင် ခြံအပြင် ခေါ်ထုတ်သွားကြပါလား''

''ဟာ . . . မေမေကလည်း . . . သမီးတော့ ခွေးမကျောင်းချင် ပါဘူး''

လင်းလက်ကြယ်က နှုတ်ခမ်းစူကာပြောရင်း သူမ၏စာအုပ် ဆီကိုသာ မျက်နှာပြန်အပ်ထားလိုက်သည်။ ဒေါ်နွယ်နွယ်လင်းက . . .

''အလိုတော် . . . အပြင်ထွက်ပါဆိုတော့ မထွက်ချင်ကြဘူး၊ ဒီတစ်လောတုန်းကတော့ အပြင်သွားဖို့ စက်ဘီးမရှိရင် ညည်းတို့ပဲ သေတော့မလောက်ဖြစ်နေကြတာနဲ့ စက်ဘီးအသစ်နှစ်စီး ဝယ်ပေးခဲ့ ရပါကော၊ ဟော . . . ကြည့်၊ စက်ဘီးတွေလည်းရရော တစ်ခါတည်း ချောင်ထိုးထားလိုက်ကြတယ်၊ ပိုက်ဆံကုန်တာပဲ အဖတ်တင်တယ်''

လင်းလက်ကြယ်က မိခင်ဖြစ်သူ၏ ဗျစ်တောက်ဗျစ်တောက် ပြောနေသံကို ဆက်လက်ပြီး သည်းမခံနိုင်တော့ဟန်ဖြင့် စာအုပ်ကို ဖုတ်ကနဲပိတ်လိုက်ကာ . . .

''ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ပြောမနေပါနဲ့တော့မေမေရယ်၊ သမီးတို့ပဲမှားပါတယ်''

ပြောပြောဆိုဆိုဖြင့် ထိုင်နေရာမှထလိုက်သည်။ ချစ်သက် နွယ်က တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .

''နင်က စိတ်ပါသွားပြီပေါ့လေ''

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို စိတ်ပါရမှာလဲ"

"စက်ဘီးလျှောက်စီးဖို့ကိုလေ၊ ငါလည်း လိုက်ခဲ့မယ်၊ တက္ကသိုလ်အားကစားကွင်းဘက် သွားရအောင်ဟာ"

ချစ်သက်နွယ်၏စကားကြောင့် လင်းလက်ကြယ်က နှာခေါင်းကိုရှုံ့လိုက်ပြီး . . .

"ဘာလဲ . . . အဲဒီမှာ နေမျိုးဇော်ကိုများ တွေ့မလားဆိုပြီး သွားချင်နေတာမဟုတ်လား"

"ဟုတ်တော့ဘာဖြစ်လဲ"

ချစ်သက်နွယ်က ရက်ရက်ဖြင့်ပြန်ငေါ်၏။

အချေအတင်ပြောလို့ မဆုံးနိုင်အောင်ဖြစ်နေသော အမြွာညီအစ်မကြောင့် မိခင်ဖြစ်သူမှာ အတော်ပင်စိတ်ရှုပ်လာပြီး . . .

"ကဲ . . . သွားမှာဖြစ်လည်း သွားကြစမ်းပါအေ၊ ညည်းတို့ကြောင့် ငါ ဦးနှောက်တွေခြောက်လှပြီ၊ ကဲ . . . သွား သွား . . . မေမေလည်း ဈေးဝယ်ထွက်စရာရှိသေးတယ်"

မိခင်ဖြစ်သူ၏စကားအဆုံးတွင် ချစ်သက်နွယ်က မှန်ထဲတွင်ကြည့်ကာ ဆံပင်ကိုလက်ဖြင့်တစ်ချက်နှစ်ချက် သပ်တင်လိုက်ပြီး . . .

"ကဲ . . . သွားမယ် . . . သွားမယ်၊ လာ . . . လာ ဘိတ်ချေးကျတဲ့သူ အနူ"

ဟု မခံချင်အောင်အော်ဟစ်ပြီး အခန်းထဲမှ ဦးအောင်ပြေးထွက်လိုက်သည်။ လင်းလက်ကြယ်ကလည်း ဝုန်းကနဲထကာ တံခါးဝကို ကိုယ်တစ်ခြမ်းဖြင့်ပိတ်ကွယ်ရင်း အလုအယက်တိုးထွက်လိုက်ပြန်သည်။

သူတို့နှစ်ဦးသား ဝုန်းကနဲပြေးထွက်လာသည်နှင့်တစ်ပြိုင်နက် ခွေးကလေးဂျက်ကီကလည်း တဝုတ်ဝုတ်ထိုးဟောင်ရင်း သူတို့နောက်မှ ပြေးလိုက်လာလေသည်။



ကောင်းကင်က တိမ်သားကင်းစင်ပြီး ပြာလဲ့ရွှန်းစိုနေသည်။ ဖြတ်သန်းတိုက်ခတ်လာသော လေငွေ့ကလည်း နွေးထွေးလတ်ဆတ်နေသည်။ ဆောင်းရာသီဟုပင်မထင်ရ။ နွေဦးပေါက် နေ့ရက်တစ်ရက်လိုမျိုး ချိုမြိန်နေသည်။

သူတို့အမြွာညီအစ်မနှစ်ယောက်စလုံး ဂျိုင်းပြတ်တီရှပ်အကျႌနှင့် ကာကီရောင်ဘောင်းဘီတိုတို့ကို ဝတ်ဆင်ထားကြတယ်။ လင်းလက်ကြယ်က စက်ဘီးထားသော ကားဂိုဒေါင်တံခါးကိုဖွင့်ရန် လက်လှမ်းလိုက်ပြီးမှ ရုတ်တရက်တုံ့ဆိုင်းသွားသည်။

သူမ၏အကြည့်က ဟိုဘက်ခြံဆီသို့ရောက်သွားသောကြောင့်ဖြစ်၏။ လင်းလက်ကြယ်က သူတို့၏အိမ်နောက်ဖေးကွက်လပ်ကိုကျော်ကာ တစ်ဘက်ခြံဆီသို့လှမ်းကြည့်ရင်း . . .

"ဟော . . . ဟိုမှာကြည့်စမ်း၊ အိမ်ဆောက်နေတာ ပြီးတောင်ပြီးသွားပြီနော်"

"ဟုတ်တယ် . . . အဲဒီအိမ်သစ်ကို စပြီးဆောက်တာ အရမ်းမြန်တာပဲ . . . အံ့သြစရာကောင်းတယ်နော်"

ချစ်သက်နွယ်ကလည်း သူ့အစ်မငေးကြည့်နေသော မြင့်မားလှသည့် သုံးထပ်တိုက်အိမ်သစ်ကြီးဆီသို့ မျက်လုံးအကြည့်ကိုငေ့ကြည့်ရင်းပြောလိုက်သည်။

ပြီးခဲ့သည့်(၆)လခန့်ကပင် ထိုနေရာတွင်ရှိသော အိမ်အဟောင်းကို အလုပ်သမားများက ဖြိုချပစ်ခဲ့သည်။ အိမ်အသစ်ဆောက်ရန်အတွက် အုတ်မြစ်ချသည်ပင် ဘာမျှမကြာလိုက်သေးချေ။ အခုတော့ မျက်စိနောက်မှာပင် ကြီးမားသော သုံးထပ်တိုက် အိမ်သစ်တစ်အိမ်ရုပ်ပုံပေါ်လာပြီ။

"အလုပ်သမားတွေလည်း တစ်ယောက်မှမတွေ့ဘူးနော်၊ ဒီကနေ့ နားကြတယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်းလက်ကြယ်က ပြောလိုက်သည်။ သူတို့နှစ်ယောက်သား ဆောက်လက်စအိမ်ကြီးဆီသို့ တရွေ့ရွေ့လျှောက်လှမ်းလာခဲ့ကြ၏။ ချစ်သက်နွယ်က . . .

"ဒီအိမ်ကြီးကို ဘယ်သူတွေများ ပြောင်းလာကြလဲမသိဘူးနော်၊ တကယ်လို့များ ငါတို့ညီအစ်မလို ရုပ်ချောချောအမြွှာညီအစ်ကိုနှစ်ယောက်များပါရင် ကောင်းမှာဟ"

"ဟွန်း. . . နင်နဲ့ငါ အမျိုးတော်တယ်ဆိုတာကို ဖြစ်နိုင်ရင်တောင် ငါကမေ့ထားချင်တာ"

လင်းလက်ကြယ်၏ ခပ်ငေါ့ငေါ့ခပ်ရိရိစကားများကို ချစ်သက်နွယ်ကတော့ ကြားရဖန်များလွန်းသဖြင့် ရိုးနေလေပြီ။

သူတို့ညီအစ်မနှစ်ယောက်စလုံးသည် တစ်ယောက်နှင့်တစ်ယောက် အမြွှာညီအစ်မဖြစ်ရခြင်းကို နှစ်လည်းနှစ်မြို့က်သည်။ စိတ်လည်းပျက်သည်။ အဘယ်ကြောင့်ဆိုသော် ရှိရှိသမျှအရာတိုင်းကို တစ်ဦးတည်းအပိုင်မရဘဲ နှစ်ယောက်မျှပြီး ခွဲဝေခံစားသုံးစွဲနေရသောကြောင့်ဖြစ်သည်။

ရုပ်ရည်ဆိုလျှင်လည်း နှစ်ယောက်အတူတူ။ အဝတ်အစားဆိုလျှင်လည်း နှစ်ယောက်အတူတူ။ အိပ်ခန်းဆိုလျှင်လည်း တစ်ခန်းတည်းမှာ နှစ်ယောက်အတူနေကြရသည်။

တစ်ခါတလေကျတော့လည်း သီးသီးသန့်သန့် မိမိဘာသာ တစ်ယောက်တည်းပိုင်ဆိုင်ရသော ထူးခြားမှုမျိုးကို လိုချင်မိသည်မှာ သူတို့နှစ်ဦးစလုံး၏သဘာဝကျသော စိတ်ကူးယဉ်မှုပင်ဖြစ်လေသည်။

"ဘယ်သူမှမရှိဘူးဟ. . . လာဟာ၊ အခုလိုလူလစ်တုန်း အဲဒီအိမ်သစ်ကြီးထဲ ဝင်ပြီးကြည့်ရအောင်"

လင်းလက်ကြယ်က ပြောပြောဆိုဆိုဖြင့် ရှေ့မှ ခပ်သွက်သွက်လျှောက်သွား၏။ ချစ်သက်နွယ်ကလည်း သူ့အစ်မကိုမီအောင် ခြံဝင်း



ကိုဖြတ်ပြေးပြီး လိုက်လာသည်။

သစ်ဆိမ့်ပင်ကြီးပေါ်မှ ရှဉ့်ညိုလေးတစ်ကောင်က သုတ်သီးသုတ်ပြာသွားနေသော မိန်းကလေးနှစ်ယောက်ကို ငေးမောကြည့်နေ၏။

အိမ်ခြံဝင်းနှစ်ခုကို ပိုင်းခြားထားသော ခြံစည်းရိုးမှရိုတ်ပင်တန်းလေးကိုဖြတ်သန်းကာ လျှောက်လာခဲ့ကြသည်။ ဟိုနေရာတစ်ကွက် ဒီနေရာတစ်ကွက်ပုံထားသော ဘိလပ်မြေအိတ်များ၊ အုတ်ခဲများကိုလည်း ကျော်ခွလာခဲ့ကြရသေး၏။

ဆောက်လက်စအိမ်သစ်ကြီးတွင် အဝင်တံခါးမကြီးကို မတပ်ဆင်ရသေးချေ။ ထို့ကြောင့် တံခါးပေါက်နေရာကို ပလတ်စတစ်စကြီးဖြင့်ကာထား၏။

သူတို့ညီအစ်မနှစ်ယောက်က ပလတ်စတစ်စကိုမကာ ငုံ့လျှိုးပြီးဝင်လိုက်သည်။ အိမ်ထဲတွင်မှောင်နေ၏။ အေးစိမ့်စိမ့်လည်းဖြစ်နေသည်။ အသုံးပြုထားကာစ သစ်သားလတ်လတ်ဆတ်ဆတ်တို့၏ ခွဲကော်နံ့ရနံ့တစ်မျိုးကိုလည်း ရှူရှိုက်ရသည်။

လင်းလက်ကြယ်က သစ်သားတန်းများတွင် တစ်ပိုင်းတစ်စချိတ်နေသော အိမ်ရိုက်သံများကို လက်ညှိုးထိုးပြပြီး . . .

"သတိထား. . . သံစူးမယ်နော်၊ တက်နင်းမိလို့ သံစူးမှဖြင့် မေးခိုင်ပိုးဝင်ပြီး တစ်ခါတည်းရောသွားဦးမယ်"

"နင်က ငါ့ကို အဲ့သလိုသေစေချင်နေတာမဟုတ်လား"

ချစ်သက်နွယ်က ပြန်ငေါ့လိုက်သည်။ လင်းလက်ကြယ်က. . .

"မသေစေချင်ပါဘူး၊ မေးခိုင်ပိုးဝင်ပြီး ပါးစပ်ဟလို့မရဘဲနေရင် လောက်ဆိုတော်ပါပြီ၊ နင်စကားများတာ ငါ သည်းမခံနိုင်လွန်းလို့"

ချစ်သက်နွယ်ကတော့ ဂရုမစိုက်။ ကျယ်ဝန်းသောအခန်းကြီးတစ်ခန်းကို လှည့်ပတ်ကြည့်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



''ဒီနေရာက ညဉ့်ခန်းဖြစ်လိမ့်မယ်ထင်တယ်''

''မျက်နှာကြက်တွေကလည်း အမြင့်ကြီးပဲနော်''

လင်းလက်ကြယ်ကလည်း အပေါ်ကိုမော့ကြည့်ရင်း သူညီမ၏ထင်မြင်ချက်ကို ထောက်ခံလိုက်၏။ ချစ်သက်နွယ်က ပြတင်းပေါက် အကျယ်ကြီးမှတဆင့် လမ်းမဆီသို့ ငေးကြည့်နေရာမှ ပြန်လှည့်လိုက်ပြီး . . .

''အခန်းကြီးကအကျယ်ကြီးပဲနော်၊ ငါတို့အိမ်က ညဉ့်ခန်းထက် အများကြီးပိုကျယ်တယ်''

သူတို့နှစ်ဦးသား စကားတပြောပြောဖြင့် အခန်းတိုင်း အနှံ့လျှောက်ကြည့်ကြသည်။ ချစ်သက်နွယ်က နံရံမှတွဲလောင်းကျနေသော ဝါယာကြိုးများကို လက်ညှိုးထိုးပြရင်း . . .

''ဟိုမီးကြိုးတွေက ဆင်ပြီးသွားပြီလားမသိဘူးနော်''

''သေသေချာချာသိရအောင် နင်သွားကိုင်ကြည့်ပါလား''

လင်းလက်ကြယ်က အကြံပေးလိုက်၏။ ချစ်သက်နွယ်က. . .

''နင် အရင်သွားကိုင်ကြည့်လေ''

ဟုပြောရင်း အပေါ်ထပ်သို့တက်ရန် ခြေလှမ်းပြင်လိုက်သည်။ ထိုအချိန်မှာပင် အသံတစ်သံကို ကြားလိုက်ရလေသည်။ အံ့အားသင့်မှု ကြောက်လန့်မှုတို့ဖြင့် ချစ်သက်နွယ်၏မျက်လုံးများ ပြူးကျယ်သွားပြီး . . .

''တစ်ယောက်ယောက်များ ရှိ. . . ရှိနေသလား''

လင်းလက်ကြယ်ကလည်း အခန်းအလယ်တွင် ကြက်သေသေကာ တောင့်တောင့်ကြီးရပ်နေသည်။

သူတို့နှစ်ယောက်စလုံး တုပ်တုပ်မျှမလှုပ်ရဲဘဲ နားစွင့်ထားကြ၏။

ဘာသံမျှမကြားရ။



သို့သော် ခဏအကြာမှာပင် ခပ်ဖွဖွလျှောက်လာသော ခြေသံကို သူတို့နှစ်ဦးစလုံး ကြားလိုက်ရလေသည်။

ခြေသံက တဖြည်းဖြည်းနီးလာ၏။ အိမ်ထဲသို့ရောက်လာ၏။

''ပြေး. . . ပြေး''

လင်းလက်ကြယ်ပြောလိုက်သည့် စကားမဆုံးခင်မှာပင် ချစ်သက်နွယ်က တံခါးပေါက်ဝရှိ ပလတ်စတစ်စကိုဆွဲမကာ အပြင်သို့ ထိုးထွက်နေလေပြီ။ မြေကြီးပေါ်သို့ ခြေချမိသည်နှင့်တစ်ပြိုင်နက် နောက်ကြောင်းကိုပြန်မကြည့်ဘဲ တစ်ဟုန်ထိုးပြေးလေတော့၏။ လင်းလက်ကြယ်ကနောက်မှ ပြေးလိုက်လာသည်။ နောက်. . . မြန်းကနဲ အိမ်နံရံနံဘေးတွင်ရပ်လိုက်၏။

''ဟဲ့. . . နေဦး. . . နေဦး၊ ဟိုမှာကြည့်စမ်း''

တစ်စုံတစ်ခုကိုမြင်သွားသော လင်းလက်ကြယ်က ညီမဖြစ်သူကို လှမ်းခေါ်ကာပြလိုက်သည်။

အိမ်အပေါ်ပြတင်းပေါက်မှ တွယ်ဆင်းလာသော ရှဉ့်ညိုလေးတစ်ကောင်. . .။

ရှဉ့်ကလေးက နံရံပေါ်မှနေ၍ မြေကြီးပေါ်သို့ခုန်ချပြီးနောက် သစ်ဆီမှုံပင်ကြီးဆီသို့ လုစ်ကနဲပြေးသွားလေတော့သည်။

လင်းလက်ကြယ်က ရယ်မောလိုက်ရင်း . . .

''ဘာမှမဟုတ်ပါဘူးဟာ. . . ရှဉ့်ကလေးပါ''

ချစ်သက်နွယ်ကတော့ ပျဉ်းကတိုးပင်တန်းနားဆီမှ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ပြန်လှည့်လာရင်း . . .

''နင့်ဟာကသေချာလို့လား၊ ငါ့စိတ်ထင်ပြောရရင် ရှဉ့်မဟုတ်လောက်ဘူးထင်တယ်၊ ခြေသံက နည်းနည်းကျယ်တယ်ဟာ''

ပြောပြောဆိုဆိုဖြင့် လင်းလက်ကြယ်ရှိရာဆီသို့ လှည့်ပြေးလိုက်သည်။

www.burmeseclassic.com



"ဟင်. . ."

လင်းလက်ကြယ်ကို မတွေ့ရတော့သဖြင့် သူမ ရင်ထိတ်သွား၏။

"လင်းလက်ရေ. . . နင် ဘယ်မှာလဲ"

"ငါ ဒီဘက်မှာဟ၊ အိမ်ဘေးကိုလာခဲ့"

အသံကြားရာဆီသို့ မှန်းဆပြီးလိုက်သွားသည်။ ခြံထောင့်အဆုံးရှိ အမှိုက်ပုံကြီးအနီးတွင် လင်းလက်ကြယ်ကို တွေ့လိုက်ရသည်။ လင်းလက်ကြယ်၏ ပုံသဏ္ဌာန်က အမှိုက်များကြားမှ တစ်စုံတစ်ရာကို ငုံ့ကြည့်နေပုံမျိုး. . .။

ချစ်သက်နွယ်၏စိတ်ထဲတွင် ထူးဆန်းနေသလို ခံစားရသောကြောင့် ထိုနေရာသို့ ခပ်သွက်သွက်ပြေးသွားလိုက်ရင်း . . .

"လင်းလက်. . . နင်ဘာဖြစ်နေတာလဲ"

အဖြေစကားသံမကြားရ။ ချစ်သက်နွယ်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့်ပင် ရှေ့သို့ တစ်လှမ်းချင်းတိုးသွားလိုက်သည်။

လင်းလက်ကြယ်က အမှိုက်ပုံအောက်မှ တစ်စုံတစ်ရာကို ဆွဲထုတ်နေ၏။

"ဘာလဲ. . . အဲဒါဘာလဲဟင်"

ပြောပြောဆိုဆိုဖြင့် ချစ်သက်နွယ်က လှမ်းကြည့်လိုက်ရာ ထိတ်လန့်ဖွယ်ရာမြင်ကွင်းတစ်ခုကို မြင်လိုက်ရလေတော့သည်။

ကလေးငယ်တစ်ယောက်၏ ဦးခေါင်း. . .။

ခြေတွေလက်တွေက အသက်မဲ့စွာ ဆန့်ကားလျက်. . .။

"အား. . ."

ချစ်သက်နွယ်က အမှိုက်ပုံအောက်မှ ကလေးတစ်ယောက်၏ မလှုပ်မယှက်ခန္ဓာကိုယ်ကို ကြည့်ရင်း ချောက်ချားစွာ အော်ဟစ်လိုက်လေတော့သည်။

■

## အခန်း (၂)

"လင်းလက်. . ."

ချစ်သက်နွယ်က ရင်ခေါင်းသံကြီးဖြင့် အထိတ်တလန့်လှမ်းအော်ရင်း . . .

"သူ. . . သူ အသက်ရှိသေးရဲ့လား"

ဟု အလောတကြီးလှမ်းမေးလိုက်သည်။ လင်းလက်ကြယ်ကသော့ ထိုကလေးငယ်ကို ပွေ့ယူလိုက်ရင်း . . .

"ဟင့်အင်း. . . အသက်မရှိဘူး"

"ဘာ. . ."

ချစ်သက်နွယ်၏ အံ့ဩချောက်ချားမှုဖြင့် ရေရွတ်လိုက်သံက ကျယ်လောင်သွားသည်။ သို့သော် လင်းလက်ကြယ်က ပြောင်စပ်စပ်မျက်နှာပေးဖြင့် လှည့်ကြည့်ရင်း . . .

"ဟုတ်တယ်လေ. . . အသက်မရှိဘူး။ ဘယ်ရှိမလဲ၊ သူက

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ပဲဥစ္စာ''

''ဘာပြောတယ်''

ချစ်သက်နွယ်၏အမေးကို လင်းလက်ကြယ်က ပြန်မဖြေတော့ဘဲ လက်ထဲမှသစ်သားရုပ်ကြီးကိုသာ မြှောက်၍ပြလိုက်၏။ ထို့နောက် . . .

''ဒီမှာကြည့်လေ၊ တကယ့်ရုပ်သေးစင်မှာသုံးတဲ့ သူငယ်တော်ရုပ်ဟ၊ တစ်ယောက်ယောက်က အမှိုက်ပုံမှာ လာပစ်သွားတာဖြစ်မယ်၊ ကြည့်စမ်းပါဦး. . . ဘာမှ မကျိုးပဲ့သေးဘူး။ အားလုံးအကောင်းတိုင်းပဲရှိသေးတယ်''

လင်းလက်ကြယ်က ထိုသို့ပြောရင်းနှင့် လှမ်းကြည့်လိုက်ရာ တုန်လှုပ်ခဲ့ယဉ်းစွာ အသက်ပြင်းပြင်းရှုနေသော ချစ်သက်နွယ်၏ မျက်နှာကို မြင်လိုက်ရသဖြင့် . . .

''ဟင်. . . နင်ကဘာဖြစ်နေရတာလဲ၊ တကယ့်အလောင်းကောင်အောက်မေ့ပြီး ကြောက်သွားတယ်ပေါ့လေ. . . ဟုတ်လား''

''မကြောက်ပါဘူး၊ အစကတည်းက အရုပ်ကြီးမှန်း ငါသိသားပဲ''

ချစ်သက်နွယ်က ခပ်မာမာပြန်ပြောလိုက်သည်။ လင်းလက်ကြယ်ကတော့ အရုပ်၏အောက်နှုတ်ခမ်းကို လှုပ်ရှားရန်မေးစေ့မှ ဆက်သွယ်ထားသည့်ကြိုးကို ဆွဲတင်ဆွဲချလုပ်ရင်း အရုပ်ကစကားပြောသည့်ဟန်ဖြင့် . . .

''ဟင့်အင်း. . . ငါက အရုပ်မဟုတ်ဘူး အသက်ရှိတယ်၊ မယုံဘူးလား''

ဟု အသံဖျက်ကာပြောလိုက်သည်။

ဒါကိုကြည့်ပြီး ချစ်သက်နွယ်က မျက်စောင်းတစ်ချက်ထိုးကာ . . .



''ငပေါမ''

''လင်းလက်က ငပေါမဟုတ်ဘူး။ နင်သာငပေါမ''

အရုပ်၏ပါးစပ်ကို ဖွင့်ချည်ပိတ်ချည်ဖြစ်အောင် ကြိုးဆွဲရင်း လင်းလက်က အသံဖျက်ကာပြောနေပြန်သည်။ လင်းလက်က သူမ၏ နှုတ်ခမ်းတို့ကို မလှုပ်ရှားအောင်သွားစေ့ပြီး အသံစူးစူးဖြင့်ပြောနေခြင်းဖြစ်ရာ သစ်သားရုပ်က ပြောနေသည်နှင့် တကယ်ပင် သဏ္ဌာန်တူရသည်။

ချစ်သက်နွယ်ကတော့ မနှစ်သက်ဟန်ဖြင့် နှာခေါင်းရှုံ့လိုက်ပြီး . . .

''အမှိုက်ပုံထဲကရတာဆိုတော့ ရောဂါတွေပါချင်ပါမှာဟ၊ မြန်မြန်လွှင့်ပစ်လိုက်စမ်းပါဟာ''

''အံမယ်. . . ဘာလို့လွှင့်ပစ်ရမှာလဲ၊ ဒီအရုပ်ကို ငါသေသေချာချာသိမ်းထားမလို့''

''ဘာ. . . နင်တကယ်ပြောနေတာလား''

ချစ်သက်နွယ်က မယုံကြည်နိုင်စွာ ပြန်မေးလိုက်ရင်း အရုပ်ကို သက်မကင်းဟန်ဖြင့် ကြည့်လိုက်သည်။

သူငယ်တော်ရုပ်ဖြစ်သောကြောင့် ဦးခေါင်းမှဆံပင်များကို ဘယ်ညာတစ်ဖက်စီတွင် ချည်နှောင်ပြီး နပန်းဆံအဖြစ်ချထား၏။ အရုပ်က (၂)ပေနီးပါးခန့်မြင့်ပြီး လက်နှစ်ဖက်တွင် လက်ကောက်ကြီးကြီး တစ်ဖက်ဆီပါရှိ၏။ ရင်ဘတ်တွင်လည်း ဆွဲပြားအဝိုင်းကြီးတစ်ခု၊ အဝတ်အစားများကမူ ဟောင်းနွမ်းလှပြီဖြစ်ရာ အရောင်အသွေး သိပ်မပေါ်လွင်တော့ပေ။ ရွှေရောင်ဘောင်ကြယ်စီးကွင်းများလည်း နေရာအတော်များများတွင် ပြုတ်ထွက်နေလေပြီ။ ခြေထောက်မှာတော့ ရွှေရောင်ကတ္တီပါစဖြင့်ချုပ်ထားသည့် ဇာတ်မင်းသားများစီးသော ခြေနင်းကို ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်တော်ရုပ်၏မျက်နှာပေါ်တွင် ခြယ်သထားသော ဆေးရောင်များကတော့ မပျက်ပြယ်သေး။ မျက်လုံးကိုခြယ်ထားသော ဆေးအနက်ရောင်သည် စိုပြီးတောက်ပနေ၏။ အရုပ်၏မျက်လုံးအိမ်များက မျက်တောင်မခတ်နိုင်သည်မှလွဲ၍ နံဘေးဝဲယာသို့ ရွေ့လျားနိုင်ပေရာ ပိုပြီးအသက်ဝင်လှသည်။

သူငယ်တော်ရုပ်၏ ပါးပြင်ပေါ်မှာတော့ ဝိုင်းဝိုင်းစက်စက် ပါးကွက်နှစ်ခုကို ရေးခြယ်ထား၏။ နှုတ်ခမ်းအစုံကို ခြယ်သထားသော ဆေးအနီရောင်မှာလည်း ပကတိအသစ်နီးပါးပင်။ သစ်သားရုပ်၏ အောက်နှုတ်ခမ်းမေးစေ့အတွက် သီးခြားသစ်သားအပိုင်းငယ်ပေါ်တွင် ပုံဖော်ပြီး အပေါ်အာခေါင်အောက်မှာ ပတ္တာဖြင့် အရှင်တပ်ဆင်ထားခြင်းဖြစ်သည်။

သို့မှသာ မေးစေ့တွင်ဆက်ထားသောကြိုးကို ဆွဲလိုက်လျှင် အောက်နှုတ်ခမ်းကပါ ဖွင့်ချည်ပိတ်ချည် လှုပ်ရှားနိုင်မည်ဖြစ်၏။ ကြိုးကိုမဆွဲဘဲ ဒီအတိုင်းချထားသည့်အခါမျိုးတွင် သစ်သားမေးစေ့၏ အလေးချိန်ကြောင့် အရုပ်၏အောက်နှုတ်ခမ်းကလည်း တွဲလောင်းကျပြီး ခပ်ဟဟဖြစ်နေသည်။

အမှတ်တမဲ့ကြည့်လျှင် ပါးစပ်ဟပြီးပြုံးရယ်နေသည်ဟု ထင်ရ၏။ သို့သော် ကြည်လင်သော နှစ်လိုဖွယ်အပြုံးတစ်ခုတော့မဟုတ်၊ ခါးသီးရက်စက်တတ်သူတစ်ယောက်၏ အပြုံးမျိုးဖြစ်လေသည်။

●

လင်းလက်ကြယ်ကတော့ လက်တစ်ဖက်က အရုပ်တွင်တပ်ဆင်ထားသောကြိုးများကိုဆွဲရင်း ကျန်လက်တစ်ဖက်က အရုပ်ကိုပွေ့ကာ အကျေနပ်ကြီးကျေနပ်နေသည်။



သူမက စောစောကလိုပင် အရုပ်၏ပါးစပ်ကို ဖွင့်ချည်ပိတ်ချည်လုပ်ရင်း (သူမ၏နှုတ်ခမ်းများကို မလှုပ်ဘဲ) အရုပ်ကစကားပြောဟန်ဖြင့် . . .

"ငါ့နာမည်က 'ငလက်ဝါး' တဲ့ကွ၊ ဟင်း ဟင်း . . . ဘာမှတ်သလဲ"

ချစ်သက်နွယ်က မျက်မှောင်ကုတ်ရင်း . . .

"ငပေါမ၊ သူ့အရုပ်ကို နာမည်ပေးတာကလည်း၊ 'ငလက်ဝါး' တဲ့ ကြောင်လိုက်တာ"

လင်းလက်ကြယ်က အရုပ်စကားသံဖြင့် . . .

"ကြောင်သလား မကြောင်သလားသိချင်ရင် ရွှေတိုးခဲ့လေ၊ နင့်ပါးပေါ်မှာ ဖြန်းကနဲ ဖြန်းကနဲနေသွားအောင် လက်ဝါးစွမ်းပြလိုက်မယ်"

လင်းလက်ကြယ်ကပြောရင်း အရုပ်၏ လက်ကောက်ဝတ်ကြိုးကို တို့ဆွဲပေးနေသောကြောင့် အရုပ်က လေထဲတွင် လက်ဝါးတရွယ်ရွယ်ဖြစ်နေ၏။

ချစ်သက်နွယ်က . . .

"ကဲ . . . လင်းလက်၊ ကလေးမဟုတ် သူငယ်မဟုတ် အရုပ်နဲ့ဆော့မနေနဲ့၊ နင်နဲ့ငါ စက်ဘီးလျှောက်စီးဦးမှာလား၊ မစီးတော့ဘူးလား၊ ဒါပဲပြော"

"အောင်မယ်၊ ဟိုကောင်နေမျိုးဇော်နဲ့ မတွေ့လိုက်ရမှာစိုးနေတယ်ပေါ့လေ"

အရုပ်စကားသံဖြင့် လင်းလက်၏ လည်ချောင်းကိုညှစ်ပြီး ပြောနေသံက နားကလောစရာကောင်းလှသည်။ ချစ်သက်နွယ်က စိတ်မရှည်စွာဖြင့် . . .

"နင့်ပုံဆိုးပန်းဆိုးအရုပ်ကြီးကို ပစ်ထားခဲ့စမ်းပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက အရုပ်မဆိုးဘူး၊ နင်ကသာ ရုပ်ဆိုးမ"

လင်းလက်ကြယ်က အသံဖျက်၍ပြောရင်း အရုပ်၏ပါးစပ်ကို ဖွင့်ချည်ပိတ်ချည်လုပ်ရုံသာမက မျက်လုံးကိုပါ ဘယ်ညာရွှေ့လျားပြလိုက်သေးသည်။

ချစ်သက်နွယ်က . . .

"ဟင် . . . အရုပ်က စကားပြောတာနဲ့လည်းမတူဘူး၊ နင့်ပါးစပ်လှုပ်နေတာက အသိသာကြီး"

"အောင်မယ် . . . ဒါကတော့ တဖြည်းဖြည်းလေ့ကျင့်ယူရင် တူလာမှာပေါ့ဟ"

"နင် တကယ်ပဲ ဒီရုပ်သေးနဲ့လေ့ကျင့်မလို့လား၊ လင်းလက်"

"အေးလေ . . . ရုပ်သေးဆိုရင် ငါက အမြဲသဘောကျတာပဲဥစ္စာ၊ နင်မမှတ်မိဘူးလား၊ ငါတို့ ပုဂံသွားတုန်းကလေ၊ အဲဒီတုန်းက တကယ်ကြိုးဆွဲလို့ရတဲ့ ရုပ်သေးရုပ်ကြီးတွေ ဝယ်ဖို့ပိုက်ဆံမရှိတာနဲ့ အလှချိတ်တဲ့ ရုပ်သေးရုပ်အငယ်စားလေးတွေပဲ ဝယ်ကြရတာလေ"

"အေး . . . ဟုတ်တယ်၊ ငါလည်း စင်ပေါ်မှာတကယ်ကတဲ့ ရုပ်သေးရုပ်ကြီးတွေကို သဘောကျတယ်"

ချစ်သက်နွယ်ကလည်း တွေတွေငေးငေးဖြင့် ရေရွတ်လိုက်၏။

သူတို့အမြဲညီအစ်မနှစ်ယောက် စကားတပြောပြောဖြင့် လျှောက်လာရင်း သူတို့အိမ်ရှေ့လမ်းမပေါ်သို့ ရောက်လာ၏။ လင်းလက်ကြယ်ကတော့ ရုပ်သေးရုပ်ကလေးကို တယုတယပွေ့ထားဆဲပင်။

ချစ်သက်နွယ်က လမ်းပေါ်တွင်တွေ့ရသည့် ကျောက်ခဲအကြီးကြီးတစ်လုံးကို ခြေထောက်ဖြင့်လှမ်းကန်လိုက်ရင်း . . .

"ငါတော့ နင့်အရုပ်ကိုကြည့်ရတာ ကြောက်စရာကောင်းတယ်ထင်တာပဲ၊ အမှိုက်ပုံထဲကိုပဲသွားပြန်ပြီး ပစ်ထားလိုက်စမ်းပါ



ဟာ"

"အံ့မယ် . . . ဘာလို့ပစ်ရမှာလဲ၊ တကယ်တော့ နင် ငါ့ကိုနာလိုဖြစ်နေတာမဟုတ်လား"

ချစ်သက်နွယ်က ပြန်ငြင်းဆန်ဖို့ဟန်ပြင်လိုက်စဉ်မှာပင် ခပ်လှမ်းလှမ်းမှ ဆူဆူညံညံအသံများကို ကြားလိုက်ရသည်။ လှမ်းကြည့်လိုက်သောအခါ လမ်းထိပ်ဆီမှနေ၍ ပြေးလာသော ဖိုးသားနှင့်ဖိုးခွား ညီအစ်ကိုနှစ်ယောက်ကို တွေ့လိုက်ရ၏။

ဖိုးသားနှင့်ဖိုးခွား ညီအစ်ကိုနှစ်ယောက်က ကိုးနှစ်ဆယ်နှစ်သားအရွယ်သာရှိပြီး အလွန်ချစ်စရာကောင်းသည်။ တစ်ခါတစ်ရံ သူတို့၏အဖေနှင့်အမေတို့ အပြင်သွားလျှင် ချစ်သက်နွယ်တို့ ညီအစ်မနှစ်ယောက်က သွားကူပြီးထိန်းပေးရသည်။

အနီးသို့ရောက်လာသော ဖိုးသားက လင်းလက်ကြယ်၏ရင်ခွင်ထဲမှအရုပ်ကို လက်ညှိုးထိုးပြီး . . .

"အဲဒါ ဘာရုပ်လဲဟင်"

"အဲဒီအရုပ်က စကားပြောတတ်လား"

အငယ်ကောင်ဖိုးခွားကလည်း ဝင်မေးသည်။ သူကတော့ အရုပ်ကိုနည်းနည်းကြောက်နေပုံရ၏။ အနီးသို့သိပ်မကပ်ရဲ။

"ဟိတ်ကောင်တွေ . . . ငါ့နာမည်က လေက်ဝါးကွ"

လင်းလက်ကြယ်က နှုတ်ခမ်းကိုမလှုပ်ဘဲ အရုပ်ကပြောဟန်ဖြင့် နှုတ်ဆက်လိုက်သည်။

သူမက လေက်ဝါး၏လက်ကို ဝှေ့ယမ်းနှုတ်ဆက်ဟန်ဖြစ်အောင် ကြိုးကိုဆွဲလိုက်သော်လည်း ကြိုးတွေရှုပ်ယှက်ခတ်ကာငြိနေသဖြင့် အရုပ်၏လက်က လိမ်ဖယ်လိမ်ဖယ်ဖြစ်နေသည်။

ဖိုးသားက . . .

"ဒီအရုပ်ကို ဘယ်ကရလာတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အရုပ်က မျက်လုံးတွေလည်းလှုပ်တယ်နော်"

ဖိုးခွားက သူ့အစ်ကိုနောက်တွင် ကွယ်ကာရပ်နေရင်း မရဲတရဲလှမ်းပြော၏။ လင်းလက်ကြယ်က အရုပ်၏ပါးစပ်ကို ဖွင့်ချည်ပိတ်ချည်လုပ်ရင်း . . .

"မင်းမျက်လုံးတွေတောင် လှုပ်သေးတာ၊ ငါက ဘာလို့ မလှုပ်ရမှာလဲ"

ပြောကာ အရုပ်၏မျက်လုံးများကို မျက်စပစ်သလိုမျိုး ဝဲယာသို့လျင်မြန်စွာ လှုပ်ပြလိုက်၏။

ချာတိတ်နှစ်ကောင်က သဘောကျပြီး ခွက်ထိုးခွက်လန်ရယ်ကြသည်။ ဖိုးခွားက အနည်းငယ်ရဲတင်းဟန်ဖြင့် ရှေ့သို့တိုးလာပြီး အရုပ်၏လက်မောင်းကို လှမ်းကိုင်လိုက်သည်။

"လွှတ် . . . လွှတ် . . . နာလိုက်တာ"

ရုတ်တရက်မို့ အရုပ်ကအော်လိုက်သည်ဟုထင်ပြီး ဖိုးခွားတစ်ကိုယ်လုံး တုန်ယင်သွားကာ ဆတ်ကနဲလွှတ်ချလိုက်သည်။ ပြီးတော့မှ လင်းလက်ကြယ်က အသံတုဖြင့်အော်လိုက်မှန်း သူသိသွားပြီး ရှက်ရယ်ရယ်နေ၏။

ဖိုးသားကတော့ သူ့ညီကြောက်လန့်သွားပုံကိုကြည့်ပြီး အော်ကြီးဟစ်ကျယ်ရယ်လေတော့သည်။

အဲသည့်တစ်ခဏအတွင်းမှာပင် ချာတိတ်နှစ်ကောင်သည် လင်းလက်ကြယ်၏ ပရိသတ်များဖြစ်မှန်းမသိဖြစ်သွားကြ၏။ လင်းလက်ကြယ်က ကြည်နူးပီတိဖြစ်စွာပြုံးရင်း သူ့ညီမရှိရာဆီသို့ လှမ်းကြည့်လိုက်၏။

ချစ်သက်နွယ်ကတော့ ခပ်လှမ်းလှမ်းက သစ်တုံးတစ်ခုပေါ်တွင် သွားထိုင်နေသည်။ လင်းလက်တို့လူစုကိုလည်းမကြည့်ဘဲ အဝေးသို့မျက်နှာလွှဲထား၏။ သူမ၏ မျက်နှာပေါ်တွင်ကား တစ်စုံတစ်ရာကို



အလိုမကျသောခံစားမှုက ပေါ်လွင်နေသည်။

သူငါ့ကို တကယ်မနာလိုဖြစ်နေတာပဲဟု လင်းလက်ကြယ်က တွေးလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူမ၏အောင်မြင်မှုအတွက် လင်းလက်ကြယ်က ကျေနပ်နေမိ၏။

သူမက နှစ်လိုစွာပြုံးရင်း လက်ထဲမှသစ်သားရုပ်ကို ငုံ့ကြည့်လိုက်သည်။

"ဟင် . . ."

လင်းလက် အံ့အားသင့်သွားသည်။ လေက်ဝါးကသူ့ကို တည့်တည့် ပြန်စိုက်ကြည့်နေသောကြောင့် ဖြစ်၏။

သူ့အကြည့်က သိစိတ်တစ်စုံတစ်ရာရှိနေသည့် အကြည့်မျိုး။ ပြီးတော့ သူ၏ခါးသီးသောအပြုံးကလည်း တစ်စုံတစ်ရာကို ရက်စက်စွာ နှင့် ညှိနှယ်ထားသောအပြုံးဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ဘယ်သူဖုန်းဆက်တာလဲ သမီး''

ဟု ဖခင်ဖြစ်သူ ဦးချစ်ဆွေက နန်းကြီးသုပ်ကိုစားနေရင်း လှမ်းမေးလိုက်သည်။ လင်းလက်ကြယ်က ဆေးကြောပြီးသွားသော သူမ၏ပန်းကန်ကို စင်ပေါ်တွင်နေသားတကျပြန်ထားရင်း . . .

''ဟိုဘက်လမ်းက အန်ကယ်ဦးတင်အောင်လေ၊ ဖိုးသားတို့ အဖေပေါ့''

''ဘာလဲ . . . ဖိုးသားတို့နှစ်ကောင်ကို ထိန်းပေးဖို့ သမီးတို့ကိုခေါ်တာလား''

မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်လင်းက ထမင်းစားပွဲကို သန့်စင်နေရင်း လှမ်းပြော၏။

''မဟုတ်ပါဘူး မေမေ၊ ဖိုးသားမွေးနေ့ နီးလာပြီလေ၊ အဲဒါ မွေးနေ့ပွဲကျရင် ကလေးတွေပျော်အောင် သမီးရဲ့ရုပ်သေးရုပ်နဲ့ လာ



[illegible]ပါလို့ အကူအညီတောင်းတာ မေမေရဲ့''

''တယ်ဟုတ်ပါလား၊ ငါ့သမီးက နာမည်တောင်ကြီးနေမှ [illegible]''

ဦးချစ်ဆွေက ရယ်ရယ်ရွှန်းရွှန်းပြောလိုက်၏။ လင်းလက်[illegible] သူမ၏ဖခင်ကို မျက်လုံးဝင့်ကာကြည့်လိုက်ရင်း . . .

''ဖိုးသားနဲ့ဖိုးခွားက လေက်ဝါးကို အရမ်းသဘောကျတာ [illegible] အခုလည်း သူတို့အဖေကို သူတို့ပဲ အတင်းပူဆာကြတာ၊ [illegible]ဦးတင်အောင်က သမီးကို မုန့်ဖိုးငါးထောင်ပေးမယ်လို့ ပြော[illegible]''

''အံမယ် . . . ငါ့သမီးတော့ ကြီးပွားဦးမယ်ဟေ့ . . . ဟား . . . [illegible] . . ဟား''

လေက်ဝါးကို အမှိုက်ပုံထဲမှ ကောက်ယူလာခဲ့သည်မှာ တစ်[illegible]ကျော်ပင် ကြာမြင့်ခဲ့လေပြီ။ ဒီရက်များအတွင်း လင်းလက်[illegible] ကျောင်းမှပြန်လာတိုင်း အခန်းထဲတွင်အောင်းကာ လေက်[illegible]စားသည်။ သူမ၏နှုတ်ခမ်းကို အတတ်နိုင်ဆုံးမလှုပ်ပဲ လေက်[illegible] စကားပြောသည့်ဟန်မျိုး အသံစူးစူးဖြင့်ပြောတတ်အောင် လေ့[illegible]သည်။ လေက်ဝါးအနေဖြင့်ပြောရန် ဟာသပြက်လုံးများကိုလည်း [illegible]သလောက်ချရေးကာ အလွတ်ကျက်ထား၏။ အရုပ်က ရယ်စရာ[illegible] များများပြောနိုင်မှ လူစိတ်ဝင်စားမည်မဟုတ်ပါလား။ တကယ့်[illegible]ပွဲလို အရုပ်တွေအများကြီးနှင့် ကပြနိုင်ခြင်းမျိုးမဟုတ်ဘဲ ရုပ်[illegible]ရုပ်တည်းဖြင့် တစ်ကိုယ်တော်ဖျော်ဖြေရမည်ဖြစ်သောကြောင့် [illegible]အပြောအဆို ပြက်လုံးတို့ကိုသာ အဓိကအားကိုးရမည်ဖြစ်သည်။

ချစ်သက်နွယ်ကတော့ သူ့အစ်မလုပ်သမျှကိုကြည့်ပြီး . . .

''အလကား ပေါကြောင်ကြောင်အလုပ်ကိုများ နှင်မို့လို့အချိန် [illegible]ဘယ်''

www.burmeseclassic.com

www.burmeseclassic.com



ဟု အမြဲသြဘာပေးလေ့ရှိသည်။ လင်းလက်က သူ့ရုပ်သေးရုပ်နှင့် လေ့ကျင့်နေခိုက်တွင် ပရိသတ်အဖြစ် ထိုင်ကြည့်ပေးဖို့ကိုလည်း လက်မခံပေ။

ညနေပိုင်းစာသင်ချိန် အတန်းမရှိသည့်နေ့ရက်တစ်ရက်တွင် လင်းလက်ကြယ်က ကျောင်းသို့ လေက်ဝါးကိုယူလာ၏။ ပြီးတော့ ကျူတိုရီယယ်ခန်းအလွတ်တစ်ခုထဲတွင် အတန်းဖော်တချို့ကိုခေါ်ကာ ရုပ်သေးရုပ်ဖြင့်ဖျော်ဖြေသည်။

အံ့သြစရာကောင်းလောက်အောင်ပင် သူငယ်ချင်းအားလုံးနီးပါးက ချီးကျူးကြ၏။ ချစ်သက်နွယ်ကို စိတ်ဝင်စားနေသူ နေမျိုးဇော်ကပင်လျှင် . . .

''လင်းလက်က အနုပညာဗီဇရှိတယ်နော်''

ဟုချီးကျူးခဲ့သေးသည်။

အခုလည်း မိသားစုညစာစားအပြီးတွင် ဖေဖေနှင့်မေမေ့ထံမှ အလားတူစကားမျိုး ထပ်ကြားရပြန်သည်။ ချစ်သက်နွယ်၏ရှေ့မှာတင် ပြောခြင်းဖြစ်၏။ လင်းလက်ကြယ်ကတော့ လေက်ဝါးနှင့်လေ့ကျင့်ရဦးမည်ဟုဆိုကာ ညစာစားပြီးပြီးချင်း အပေါ်ထပ်ရှိအိပ်ခန်းဆီသို့တက်သွား၏။ ဖေဖေနှင့်မေမေက ဧည့်ခန်းတွင်ထိုင်ရင်း . . .

''သမီးကြီးက ကိုယ်ငယ်ငယ်တုန်းကနဲ့တူတယ် နွယ်ရဲ့၊ သူ့မှာ အနုပညာဗီဇပါတယ်''

''အင်း . . . ဟုတ်တယ်၊ ဘာမဆိုသင်လိုက်ရင်လည်း ခဏလေးနဲ့တတ်လွယ်တယ်၊ ဩော် . . . ဟဲ့ ဂျက်ကီ ဆိုဖာပေါ်မတက်နဲ့လေ၊ ဆင်းစမ်း''

အမြီးကလေးလှုပ်ယမ်းကာ ဆိုဖာပေါ်တက်ပြီးခွေအိပ်ဖို့ ကြိုးစားနေသော ခွေးကလေးဂျက်ကီကို မေမေကဆင်းခိုင်းသည်။ သို့သော် ကိုယ်ထိလက်ရောက်တွန်းချဖို့ကိုကား လက်ဖျားနှင့်ပင်မရွယ်ချေ။



ချစ်သက်နွယ်ကတော့ ဖေဖေ မေမေတို့နှင့် ခပ်ဝေးဝေးတွင် တစ်ယောက်တည်းသွားထိုင်နေသည်။ သူမ၏လက်နှစ်ဖက်ဖြင့် မေးကို ထောက်ထားသည်။

ဖခင်ဖြစ်သူဦးချစ်ဆွေက တစ်ချက်လှမ်းကြည့်ပြီး . . .

''ဒီရက်ပိုင်းအတွင်း သမီးကိုကြည့်ရတာ သိပ်မရွှင်ပါလား၊ ဘာဖြစ်လို့လဲ''

''သမီးလည်း ရုပ်သေးရုပ်တစ်ရုပ်လိုချင်တယ် ဖေဖေ''

ချစ်သက်နွယ်၏နှုတ်မှ လွှတ်ကနဲထွက်သွားသည်။ ပြောပြီးမှ သူ့ကိုယ်သူမလည်း အံ့သြနေမိ၏။ အဲသည်လိုပြောဖြစ်သွားဖို့ သူမမှာ လုံးဝရည်ရွယ်ချက်မရှိတာ အမှန်ပင်ဖြစ်သည်။

ထိုအချိန်မှာပင် လင်းလက်ကလည်း လေက်ဝါးကိုပွေ့ကာ အပေါ်ထပ်မှဆင်းလာသည်။ မေမေက ချစ်သက်နွယ်ကို . . .

''သမီးငယ်က တကယ်လိုချင်လို့လား''

ဟု မေးနေသည်ကို လင်းလက်က နားစွင့်နားဖျားကြားသွားပြီး . . .

''ဘာလိုချင်လို့တဲ့လဲဟင်''

''သမီးငယ်က သူလည်း ရုပ်သေးရုပ်တစ်ရုပ်လိုချင်တယ်ဆို''

မေမေ့စကားကြောင့် လင်းလက်ကြယ်က ဆတ်ကနဲ ကြည့်လိုက်ရင်း . . .

''အဓိပ္ပါယ်မရှိတာ၊ ငါလုပ်တာမှန်သမျှ နင်က ဘာလို့လိုက်ပြီး အကုန်လုံး အတုခိုးချင်နေရတာလဲ''

ဟု ချစ်သက်နွယ်ကို လှမ်းပြောလိုက်သည်။ ချစ်သက်နွယ်၏ ပါးပြင်ဖြူနုနုသည် ရှက်သွေးကြောင့် ပန်းရောင်သန်းသွား၏။ သူမက . . .

www.burmeseclassic.com



''အတုခိုးရအောင် နင့်ကိုယ်နင် ဇာတ်လိုက်မင်းသမီးများ အောက်မေ့နေသလား၊ နင်လုပ်နိုင်ရင် ငါလည်းလုပ်နိုင်ရမှာပေါ့''

''အို. . . သူများလုပ်မှ နောက်ကလိုက်လုပ်တာဟာ အောက်ပါတယ်၊ ကိုယ့်အစွမ်းအစနဲ့ကိုယ် သပ်သပ်လုပ်ပါလား၊ နင့်အံဆွဲထဲမှာ ဖန်စီ (Fancy) လက်ကောက်တွေ နားကပ်တွေ စုတယ်မဟုတ်လား၊ နင် ဝါသနာပါတာ နင်လုပ်လေ၊ ရုပ်သေးကတော့ ငါ့မူပိုင်ပဲ''

ညီအစ်မနှစ်ယောက် အချေအတင်ဖြစ်နေကြသည်ကို နားထောင်ရင်း မေမေက . . .

''ကဲ. . . ညည်းတို့ဟာလေ၊ တစ်ယောက်နဲ့တစ်ယောက် ငြင်းလိုက်ခုန်လိုက် ထေ့လိုက်ငေါ့လိုက်နဲ့ ကိုယ်ကစပြီး အလျှော့ပေးမယ်လို့တော့ မရှိကြဘူး''

''ဘာလို့လျှော့ရမှာလဲ မေမေရဲ့၊ တကယ်တမ်း လင်းလက်ရုပ်သေးကြိုးဆွဲတာ ဘာမှမှပညာမပါတာ''

''အောင်မယ်. . . နင်ကသာ သူများနောက်လိုက်''

''ကဲ. . . ကဲ. . . ညည်းတို့နှစ်ယောက်စလုံး တော်ကြပါတော့၊ ငါနားတွေငြီးလှပြီ''

မိခင်ဖြစ်သူက ညီအစ်မနှစ်ယောက်စလုံးကို ငေါက်ငမ်းလိုက်၏။

ထို့ကြောင့် ချစ်သက်နွယ်က ဖခင်ဖြစ်သူဆီသို့ အပြေးကလေးကပ်သွားပြီး . . .

''ဖေဖေ သမီးအတွက် ရုပ်သေးရုပ်ဝယ်ပေးမှာလားဟင်''

''ရုပ်သေးရုပ်အစစ်က အရမ်းဈေးကြီးတယ်ကွယ့်၊ သမီးသိရဲ့သားနဲ့ကွယ်၊ လောလောဆယ် ဖေဖေတို့မှာ ငွေပိုငွေလျှံမှ များများစားစားမရှိသေးတာ''

ဖခင်ဖြစ်သူ၏စကားကြောင့် ချစ်သက်နွယ် မျက်နှာညိုးသွား



၏။ မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်လင်းက . . .

''အခု အရုပ်တစ်ရုပ်ရှိနေပြီပဲဥစ္စာ၊ နှစ်ယောက်မျှသုံးကြပေါ့''

''ရှင်. . .''

လင်းလက်ကြယ်က ပါးစပ်အဟောင်းသားပွင့်သွား၏။ ခါးခါး[illegible]ငြင်းဆန်ဖို့ စကားမစနိုင်ခင်မှာပင် မိခင်ဖြစ်သူက . . .

''သမီးတို့ငယ်ငယ်လေးတည်းက အဝတ်အစားကစပြီး ဘာ[illegible] နှစ်ယောက်မျှပြီး သုံးလာခဲ့ကြတာပဲ၊ အခုလည်း လက်ဝါး[illegible] တစ်ယောက်တစ်လှည့် မျှမျှတတကိုင်ကြပေါ့''

လင်းလက်ကြယ်က မျက်စိမျက်နှာပျက်ဖြစ်နေပြီး နှုတ်ခမ်း[illegible] တင်းတင်းစေ့ထားသည်။

ဖခင်ဖြစ်သူ ဦးချစ်ဆွေက ခေါင်းတဆတ်ဆတ်ညိတ်လိုက်[illegible]. . .

''ဟုတ်တယ်. . . ဟုတ်တယ်. . . လောလောဆယ်တော့ ဒီ[illegible]ရုပ်တစ်ရုပ်တည်းကိုပဲ သမီးတို့နှစ်ယောက် မျှပြီးကိုင်ကြဦး၊ [illegible]နည်းကြာလာရင် သမီးတို့နှစ်ယောက်ထဲက တစ်ယောက်[illegible]တော့ ရုပ်သေးရုပ်ကို ငြီးငွေ့သွားမှာသေချာတယ်၊ နှစ်[illegible]လုံးတောင် လှည့်မကြည့်ချင်လောက်အောင် ပျင်းချင်ပျင်း[illegible]''

ဖခင်ဖြစ်သူ၏စကားအဆုံးတွင် ချစ်သက်နွယ်က ထိုင်နေရာ[illegible]လိုက်သည်။ ထို့နောက် လင်းလက်ကြယ်ဆီသို့ လျှောက်သွား[illegible]. . .

''တစ်ယောက်တစ်လှည့် ကိုင်ခွင့်ရမယ်ဆိုရင်လည်း ငါက[illegible]ကျေနပ်ပါတယ်၊ ကဲ အခု ငါ့အလှည့်ရောက်ပြီ''

ပြောပြောဆိုဆိုနှင့် အရုပ်ကိုယူရန် လက်လှမ်းလိုက်သည်။

လင်းလက်ကြယ်ကတော့ ရုပ်သေးရုပ်ကို တင်းတင်းကိုင်

www.burmeseclassic.com



ထားချေ၏။

လေက်ဝါး၏ပါးစပ်က ရုတ်တရက်ဟသွားသည်။ ထို့နောက်

''နာချင်ပြီထင်တယ် ဟုတ်လား''

အသံစူးစူးဖြင့်ပြောလိုက်ပြီး အရုပ်၏လက်တစ်ဖက်က ဆတ်ကနဲမြောက်တက်လာကာ ချစ်သက်နွယ်၏မေးရိုးအထက်ဆီကို လှမ်းရိုက်လိုက်လေတော့သည်။

■

## အခန်း (၄)

"အား"

ချစ်သက်နွယ်က နာကျင်စွာအော်ရင်း သူမ၏ပါးကို လက်ဖြင့်အုပ်လိုက်သည်။ နောက်သို့ ခြေတစ်လှမ်းဆုတ်ရင်း . . .

"လင်းလက် နာတယ်ဟာ၊ မလုပ်နဲ့"

''ငါ ဘာလုပ်လို့လဲ၊ လေက်ဝါးက သူ့ဘာသာသူ ရိုက်လိုက်တာ''

''ပေါတောတောလုပ်မနေနဲ့ဟာ၊ နင်ကြိုးကိုဆွဲလိုက်တာ ငါမမြင်ဘူးမှတ်လို့လား''

''ငါ မလုပ်ပါဘူးဆိုနေ''

လင်းလက်ကြယ်က ပြောင်ငြင်းလျက် ပြန်ပြီးရန်တွေ့၏။ ထိုင်ခြင်းသူက ကုလားထိုင်မှထရပ်လိုက်ပြီး . . .

''တော်စမ်းသမီး၊ နင့်ညီမလေးကို ပြန်တောင်းပန်လိုက်''

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူကဝင်ပြောမှပင် လင်းလက်ကြယ်က မျက်နှာပိုး သတ်လိုက်သည်။ ထို့နောက် လေက်ဝါးကို ရှေ့သို့ဦးညွှတ်အရိုအသေ ပေးဟန်လုပ်လိုက်ပြီး . . .

''ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ''

ဟု လေက်ဝါးက ပြောသည့်အသံမျိုးဖြစ်အောင် အသံ စူးစူးလုပ်၍ပြောလိုက်သည်။ ဒါကိုမြင်သွားသော ဖခင်ဖြစ်သူ ဦးချစ်ဆွေ က . . .

''ခုထိ နောက်သလိုပြောင်သလိုလုပ်နေတုန်းပဲလား၊ တည် တည်တံ့တံ့ပြန်ပြောစမ်း၊ အရုပ်ကို ခုတုံးလုပ်မနေနဲ့''

ထိုအခါကျမှပင် လင်းလက်ကြယ်က သိပ်ကျေနပ်လှသည် မဟုတ်ပါဘဲ. . .

''ဆောရီးပဲ. . . ငါတောင်းပန်ပါတယ်''

ချစ်သက်နွယ်၏ ဒေါသဖြစ်နေသော မျက်ဝန်းအကြည့်နှင့် မဆုံမိစေရန် မျက်နှာလွှဲထားရင်းပြောလိုက်သည်။ ထို့နောက် . . .

''ရော့''

လင်းလက်ကြယ်က လေက်ဝါးကို ချစ်သက်နွယ်၏ရင်ခွင်ထဲ သို့ ထိုးထည့်ပစ်ခဲ့ပြီး လှည့်ထွက်သွား၏။

ချစ်သက်နွယ်က အံ့အားသင့်သွားသည်။ လေက်ဝါး၏ အလေးချိန်က သူမမျှော်လင့်ထားသည်ထက် အများကြီးလေးလံနေ သောကြောင့် ဖြစ်၏။ ချစ်သက်နွယ်က . . .

''ဒီအရုပ်ကို ငါက ဘယ်လိုလုပ်ရမှာလဲ''

လင်းလက်ကြယ်က မကြားချင်ယောင်ဆောင်ပြီး ဧည့်ခန်း ထဲမှထွက်သွားမည်ပြုစဉ် မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်လင်းက . . .

''သမီး. . . လင်းလက်၊ ခုထိ ကလေးဆန်နေတုန်းပဲလား''

''သူက သမီးလုပ်သမျှကို ဘာဖြစ်လို့ လိုက်လိုက်ရှုပ်နေရ



[illegible]လဲ၊ လေက်ဝါးက သမီးညစ်စွာပဲဟာကို''

လင်းလက်ကြယ်က ဆူဆူအောင့်အောင့်ပြန်ဖြေသည်။ ဖခင် ဖြစ်သူက ထိုင်ခုံတွင်ပြန်ထိုင်လိုက်ရင်း . . .

''ကဲ. . . ခုထိ မပြီးနိုင်ကြသေးဘူးလား''

ဟု ပြောလိုက်တော့မှပင် ငြိမ်ကျသွား၏။ ချစ်သက်နွယ် [illegible]. . .

''လင်းလက်. . . အရုပ်ကို ပါးစပ်အဖွင့်အပိတ်ဖြစ်အောင် ဘယ်လိုလုပ်ရတာလဲ၊ ငါ့ကို လာပြဦးလေ''

လင်းလက်ကြယ်ကလည်း မနေသာတော့ဘဲ ညီမဖြစ်သူထံ [illegible]ပြီး လက်နှစ်ဖက်ဖြင့် ကြိုးထိန်းဒလက်နှစ်ခုကို ကိုင်ပုံကိုင်နည်း [illegible]ချောင်းကလေးများဖြင့် ကြိုးကိုလှုံ့ကာ အတင်အချလုပ်သည့် [illegible]အဆစ်တို့ကို ပြပေးရတော့သည်။

စိတ်ထဲမှာတော့ သိပ်မကြည်လှ။

ချစ်သက်နွယ်တစ်ယောက် မလုပ်တတ်ပါစေနှင့်ဟုသာ ဆု [illegible]နေမိသည်။

လေက်ဝါးကို ဘာဖြစ်လို့ သူ့ဆီတစ်လှည့်ခွဲပေးရတာလဲ။

ဘာကြောင့်များ ငါတစ်ယောက်တည်းအတွက် သီးသန့်ပိုင် [illegible]ခွင့်တဲ့အရာရယ်လို့ တစ်ခုမှမရှိရတာလဲ။

ချစ်သက်နွယ်ကကော ဘာကြောင့်များ ငါလုပ်သမျှကို လိုက် [illegible]အတုခိုးနေရတာလဲ။

လင်းလက်ကြယ်က သူမ၏ဒေါသတွေလျော့ပါးသွားအောင် [illegible]ခမ်းကိုသာ တင်းတင်းစေ့ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်နေ့ည . . .

ပြန်းကနဲ ချစ်သက်နွယ်တစ်ယောက် အိပ်ရာမှလန့်နိုးပြီး အလန့်တကြားထထိုင်မိသည်။

အိပ်မက်ဆိုးတစ်ခုမက်နေရာမှ လန့်နိုးလာခြင်းဖြစ်သောကြောင့် ချစ်သက်နွယ်တစ်ကိုယ်လုံး ချွေးစေးများဖြင့် ရွဲနစ်နေ၏။

ငါ့. . . ငါ့နောက်ကို တစ်ခုခုက တရကြမ်းလိုက်နေတယ်။ သူမ မှတ်မိသလောက်ကတော့ အဲဒါပဲဖြစ်သည်။ အိပ်မက်ထဲတွင် သူမကို တစ်စုံတစ်ရာက လိုက်နေ၏။ ကြောက်လိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ အိပ်ရာမှနိုးလာသည့်တိုင် နှလုံးခုန်သံက တဒုန်းဒုန်းမြည်နေဆဲပင် ရှိသေးသည်။

သို့သော် ဘယ်အရာကလိုက်တာလဲ။ ဘယ်သူကလိုက်တာလဲ။

သူမ မမှတ်မိတော့။

နှလုံးခုန်သံ ပြန်တည်ငြိမ်သွားစေရန် စောင့်ဆိုင်းရင်း မှောင်ရိပ်ကျနေသော အိပ်ခန်းပတ်ပတ်လည်ကို မျက်စိကစားလိုက်သည်။

လင်းလက်ကြယ်ကတော့ သူမ၏နံဘေးတွင် တခေါခေါနှင့် အိပ်မောကျနေဆဲပင်ရှိသေးသည်။ ပါးစပ်က မဟတဟာပွင့်နေ၏။ ဆံပင်ရှည်ရှည်တွေကတော့ ခေါင်းအုံးပေါ်မှာ ဖရိုဖရဲ။

ချစ်သက်နွယ်က နာရီကိုလှမ်းကြည့်လိုက်တော့ နံနက်(၃)နာရီပင် ထိုးခါနီးနေလေပြီ။

အိပ်ရာမှ ကောင်းစွာနိုးနေပြီဖြစ်သော်လည်း အိပ်မက်ဆိုးကတော့ ယခုထိတိုင် လွင့်ပြယ်မသွားသေးချေ။ သူမ၏ရင်ထဲတွင် စိုးရိမ်လန့်ထိတ်မှုနှင့်အတူ မသက်မသာခံစားနေရဆဲပင် ရှိသေး၏။

ချစ်သက်နွယ်က ခေါင်းအုံးကိုမြင့်သွားစေရန် နှစ်လုံးထပ်၍ ဆင့်လိုက်ပြီး ကျောဖြင့်မှီလိုက်သည်။ ထိုအခါတွင်မှ တစ်စုံတစ်ရာက



သူမ၏မျက်လုံးအစုံကို ညို့ယူဖမ်းစားလိုက်လေတော့သည်။

အိပ်ခန်းပြတင်းပေါက်ရှေ့ရှိ ကုလားထိုင်ပေါ်တွင် တစ်စုံတစ်ယောက်ထိုင်နေသည်။ အဲသည့်တစ်စုံတစ်ယောက်က သူမကို တည့်တည့်ကြီးစူးစိုက်ကြည့်နေ၏။

''ဟင်''

ရုတ်တရက် အသက်ရှူမှားမိတော့မလိုဖြစ်သွားပြီးမှ ဖျတ်ကနဲ သိစိတ်ဝင်လာသည်။ ဒါ. . . ဒါ . . . လေက်ဝါးပဲ။

လရောင်ဖျော့ဖျော့က လေက်ဝါး၏ခန္ဓာကိုယ်ပေါ်သို့ ဖြာကျနေလေသည်။ လေက်ဝါး၏မျက်လုံးတွေက အရောင်တောက်နေ၏။ လေက်ဝါးသည် ကုလားထိုင်ကိုကျောမှီကာ ခါးမတ်မတ်ထိုင်နေသည်။ လက်တစ်ဖက်က ထိုင်ခုံလက်တန်းပေါ်သို့ တင်ထား၏။

အရုပ်၏ပါးစပ်တွေက ခါးသီးသော နာကျင်ပြုံးတစ်ခုပြုံးနေသည်။ ၎င်း၏မျက်လုံးတွေကလည်း ချစ်သက်နွယ်ကို တည့်တည့်ကြီး စိုက်ကြည့်နေ၏။

ချစ်သက်နွယ်က လေက်ဝါး၏မျက်နှာကို သေသေချာချာ ပြန်ကြည့်မိသည်။ ထို့နောက် သူမကိုယ်သူမ ဘာလုပ်လို့လုပ်မိမှန်းမသိဘဲ ကုတင်ပေါ်မှ တိတ်ဆိတ်စွာဆင်းလိုက်မိသည်။

''အမယ်လေး''

ခြေထောက်ဖျားနှင့် စောင်အစွန်းငြိမိပြီး တုံ့လဲတော့မလိုဖြစ်သွား၏။ သူမက စောင်ကို ခြေထောက်ဖြင့်ခတ်ဖယ်လိုက်ပြီး ပြတင်းပေါက်ရှိရာဆီသို့ လျှောက်လာခဲ့သည်။ ထို့နောက် လေက်ဝါးကို အနီးကပ်ငုံ့ကြည့်လိုက်၏။

အနီးကပ်ငုံ့ကြည့်လိုက်ကာမှ လေက်ဝါး၏နှုတ်ခမ်းတွေကပိုပြီးပြုံးလာသလိုထင်ရသည်။ ချစ်သက်နွယ်က သစ်သားရုပ်၏ဦးခေါင်းကို လက်ဖြင့်လှမ်းကိုင် တို့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်၏နဖူးက ငွေ့ငွေ့ကလေးနွေးနေသလိုမျိုး ယောင်ယောင်မှားမှားခံစားလိုက်ရ၏။ ချစ်သက်နွယ်ကလန့်ဖျတ်ပြီး လက်ကို ဆတ်ကနဲပြန်ရုပ်လိုက်သည်။

ထိုစဉ် အသံတစ်သံကို ကြားလိုက်ရသလိုထင်မိ၏။

ဟင်. . . ဘာသံပါလိမ့်။

လေက်ဝါးက ငါ့ကို လှောင်ရယ်ရယ်နေတာလား။ အို . . . မဖြစ်နိုင်တာ။

သူမဘာသာသူမ စိတ်ချောက်ချားပြီး တကယ်မရှိသည့်အသံကို ကြားယောင်နေမိမှန်းနားလည်လိုက်သည်။

ဒီ အစုတ်အပဲ့သစ်သားရုပ်ကို ငါ ဘာဖြစ်လို့ကြောက်နေမိပါလိမ့်။

ချစ်သက်နွယ်က စိတ်ကိုတင်းကာ သစ်သားရုပ်ကို ခပ်ကြမ်းကြမ်းတွန်းလှဲပစ်လိုက်သည်။ လေက်ဝါးက နံဘေးသို့ ကိုယ်တစောင်းလည်ကာ လဲကျသွား၏။ လေက်ဝါး၏ဦးခေါင်းက ထိုင်ခုံလက်တန်းနှင့်ရိုက်မိပြီး 'ခွပ်'ကနဲမြည်သွားသည်။

ပုံပျက်ပန်းပျက်လဲကျနေသော လေက်ဝါးကိုကြည့်ရင်း သူမစိတ်ထဲတွင် ကျေနပ်မိသလိုမျိုး ထူးဆန်းစွာခံစားရ၏။

အပြင်ဘက်မှလေတိုးသံကြောင့် ပြတင်းပေါက်လိုက်ကာစသည်လွင့်ပြီး သူမ၏မျက်နှာမှာလာကပ်သည်။ ချစ်သက်နွယ်က လိုက်ကာစကိုဆွဲဖယ်ရင်း ကုတင်ဆီသို့ပြန်ရန် နောက်သို့လှည့်လိုက်စဉ်. . .

''အမယ်လေး''

လေက်ဝါး၏လက်တစ်ဖက်က သူမ၏လက်ကောက်ဝတ်ကို ဆတ်ကနဲ ဖမ်းဆုပ်လိုက်လေသည်။

■

## အခန်း (၅)

''ကြောက်တတ်လှချည်လား''

ရီသံ့သံ့ဖြင့်မေးလိုက်သော လင်းလက်ကြယ်၏အသံကို ကြားရ၏။ တကယ်တော့ လင်းလက်ကြယ်က ကုတင်မှ တိတ်တိတ်လေးထလာပြီး လက်ကို ရုတ်တရက်လှမ်းဆွဲလိုက်ခြင်းဖြစ်သည်။

ချစ်သက်နွယ်က . . .

''ဘာလို့ ကြောက်ရမှာလဲ''

''မကြောက်ဘူးသာဆိုတယ်၊ ခုနက နင် လန့်ပြီးခုန်လိုက်တာ တစ်အိမ်လုံးတောင်နိုးသွားလောက်တယ်၊ ပြောစမ်းပါဦး အချိန်ဆော်ကြီး ဘာထလုပ်ရတာလဲ''

''ငါ. . . ငါ အိပ်မက်ဆိုးတွေမက်နေလို့ဟ၊ အဲဒါကြောင့် ပြတင်းပေါက်နားလာပြီး လေကောင်းလေသန့်ရှူတာ''

လင်းလက်ကတော့ ချစ်သက်နွယ်၏မျက်နှာကိုတစ်လှည့်၊

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ပေါ်တွင် တစောင်းလဲကျနေသော လေက်ဝါးကိုတစ်လှည့် ကြည့်နေသည်။

ချစ်သက်နွယ်က . . .

"တော်ပြီဟာ၊ သွားပြန်အိပ်တော့မယ်"

ဟု စကားဖြတ်ပစ်ခဲ့ပြီး ကုတင်ပေါ်ပြန်တက်ကာ စောင်ကို မေးစေ့အထိဆွဲခြုံလိုက်၏။

လင်းလက်ကတော့ လဲကျနေသောလေက်ဝါးကိုပြန်ထူကာ ကုလားထိုင်နောက်မှီတွင် ကျကျနနမှတ်နေအောင် ထောင်ပေးပြန်သည်။ ထို့နောက် သက်ရှိလူသဖွယ် အရုပ်၏လက်ကို ကုလားထိုင် လက်တန်းပေါ်သို့ ဟန်ကျပန်ကျ တင်ပေးထားလိုက်၏။

ပြီးတော့မှ ကုတင်ဆီသို့ပြန်လာပြီး လှဲအိပ်လိုက်သည်။

ချစ်သက်နွယ်ကတော့ မျက်လုံးကြောင်နေသည်။ စိတ်က မနိုင်းစေရာဲနှင့် မျက်လုံးတွေက ကုလားထိုင်ပေါ်မှ လေက်ဝါးဆီသို့ အလိုလိုအကြည့်ရောက်သွားသည်။ ဒီတစ်ခါတော့ သစ်သားရုပ်၏ မျက်နှာက မှောင်ရိပ်ထဲတွင်ကျနေ၏။ သို့သော် လေက်ဝါး၏မျက်လုံး တွေက အသက်ဝင်နေသလိုမျိုး တောက်ပနေလေသည်။

ထိုမျက်လုံးတွေက သူမကို တစ်စုံတစ်ခုပြောချင်ဟန်မျိုးဖြင့် စိုက်ကြည့်နေသည်။

ဘာဖြစ်လို့ သူ့မှာ ဒီလိုကြောက်စရာကောင်းတဲ့အပြုံးမျိုး ရှိနေရတာပါလိမ့်ဟု ချစ်သက်နွယ်က စိတ်မချမ်းသာစွာတွေးလိုက် သည်။ ထို့နောက် သူမက လေက်ဝါးကိုကျောပေးကာ ခန္ဓာကိုယ်ကို တစ်ဖက်သို့စောင်းပြီး အိပ်လိုက်၏။

သို့ရာတွင် သူမ၏နောက်ကျောဘက်ဆီမှ တည့်တည့်စိုက် ကြည့်နေသော မျက်လုံးတစ်စုံကို အာရုံထဲမှသိနေသည်။ သူမက စောင်ကိုခေါင်းမြီးခြုံလိုက်၏။ အဲသည့်နောက်တော့ စိတ်မသက်သာ



ကာဖြင့် သူမ တဖြည်းဖြည်းအိပ်မောကျသွားသည်။

အိပ်ပျော်သွားသောအခါ စောစောက အိပ်မက်ဆိုးကိုပင် တော်ပြန်လေတော့သည်။ ပြေးနေသည် . . . ပြေးနေသည် . . . သူမ ပြေးနေသည်။

သူမ၏နောက်မှ မကောင်းဆိုးဝါးတစ်စုံတစ်ယောက်က ထပ် ချပ်မကွာလိုက်နေ၏။

အဲဒီမကောင်းဆိုးဝါးဟာ ဘယ်သူလဲ။

●

တစ်ဖက်ခြံရှိ သုံးထပ်တိုက်ကြီးဆီသို့ လူသစ်တွေပြောင်းရွေ့ ရောက်ရှိနေကြပြီဖြစ်ကြောင်း ပထမဦးဆုံးစပြီး သတိထားမိသူမှာ လင်း သက်ကြယ်ဖြစ်သည်။

ထိုအိမ်ကြီး၏ တတိယထပ်ရှိဝရန်တာတွင် ဘီးတပ်ကုလား ထိုင်တစ်လုံးပေါ်၌ထိုင်နေသော အသက်ငါးဆယ်ကျော်ခန့် ထိပ်ပြောင် ပြောင်နှင့် လူကြီးတစ်ဦးကို တနင်္လာနေ့မနက်ပိုင်းတွင် စတင်တွေ့ရ ခြင်းဖြစ်၏။

နေပူစာလှုံနေတာဖြစ်မည် . . . ဟု လင်းလက်ကြယ်က တွေး လိုက်သည်။ ခဏကြာတော့ အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင်ခန့်ရှိမည် ဖြစ်သော ချောချောလှလှ အမျိုးသမီးတစ်ယောက်က ဘေးမှာလာထိုင် ပြီး ထိပ်ပြောင်ပြောင်နှင့်လူကြီးကို စကားတွေပြောရင်း ပန်းကန်လုံး ထဲမှ တစ်စုံတစ်ရာကို ခွံ့ကာခွံ့ကာကျွေးနေ၏။

ထိုအမျိုးသမီး၏ဆက်ဆံပုံမှာ တယုတယရှိလှသဖြင့် သူတို့ နှစ်ဦးသည် အသက်ချင်းကွာခြားသော်လည်း လင်မယားဖြစ်မည်တော့ ပေါ်လွင်လှသည်။ ခဏကြာတော့ အမျိုးသမီးက ဘီးတပ်ကုလားထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကို ညင်ညင်သာသာတွန်းကာ အိမ်ထဲသို့ ပြန်ဝင်သွားလေသည်။

နောက်. . . သိပ်မကြာခင်မှာပင် လင်းလက်ကြယ်တို့နှင့် ရွယ်တူခန့်ပင်ရှိမည်ဖြစ်သော မိန်းကလေးတစ်ယောက် ပြတင်းပေါက်မှနေ၍ ဆွေးမြေ့ရီဝေသောမျက်ဝန်းအစုံဖြင့် ငေးမျှော်ကြည့်နေသည်ကို တွေ့ရ၏။

ထိုမိန်းကလေး၏အသားအရေမှာ ထူးထူးခြားခြားပင် ဖြူဖပ်ဖြူရော်ဖြစ်နေသောကြောင့် တစ္ဆေတစ်ကောင်နှင့် တူနေလေသည်။

သားအဖသုံးယောက်အကြောင်း ချစ်သက်နွယ်ကို ပြန်ပြောပြတော့ ချစ်သက်နွယ်က . . .

''အဲဒီကောင်မလေးနဲ့ သူငယ်ချင်းဖြစ်ရရင် ကောင်းမှာပဲဟာ၊ ဘာဖြစ်လို့လဲဆိုတော့ နင်နဲ့ပေါင်းနေရတာကို ငါ တော်တော်စိတ်ကုန်နေပြီ လင်းလက်''

ဟု ခပ်ငေါ့ငေါ့ပြန်ပြော၏။

●

တနင်္လာနေ့ညနေတွင် . . .

လင်းလက်ကြယ်ကော ချစ်သက်နွယ်ပါ အတန်းပြီးသော်လည်း အိမ်မပြန်ရသေးဘဲ တက္ကသိုလ်အနုပညာအသင်း အစည်းအဝေးသို့သွားရသည်။ နောက်သုံးလခန့်ကြာလျှင် ပထမနှစ်ကျောင်းသားကျောင်းသူအသစ်များ အတန်းတက်ကြတော့မည်ဖြစ်ရာ မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် အစီအစဉ်လုပ်ရန်ရှိသောကြောင့် ဖြစ်၏။

သူတို့နှစ်ဦး အိမ်သို့ပြန်ရောက်သောအခါ ညနေ(၅)နာရီပင် ထိုးခါနီးနေလေပြီ။ ဂိုဒေါင်ထဲတွင် ဖခင်ဖြစ်သူ၏မော်တော်ကားကို တွေ့လိုက်ရသောကြောင့် သူတို့ အံ့ဩသွားကြ၏။



''ဒီနေ့ ဖေဖေ အစောကြီးပြန်ရောက်နေပါလား''

ချစ်သက်နွယ်က မြူးတူးစွာအော်ဟစ်ရင်း အိမ်ထဲသို့ဝင်သွားသည်။ ဖခင်ဖြစ်သူက မီးဖိုချောင်ထဲတွင် သူတို့၏မိခင်ကို ကူညီ၍ ကြက်သွန်နွှာပေးနေရင်း . . .

''ဟုတ်တယ် သမီးရဲ့၊ မနက်ဖြန်ကျရင် ဖေဖေတို့ အရောင်းကိုယ်စားလှယ်တွေ မန္တလေးမှာ ညီနိုင်းဆွေးနွေးပွဲ သွားတက်ရမှာမို့လို့ ဒီနေ့ ရုံးက နေ့တစ်ဝက်ခွင့်ပေးလိုက်တယ်''

လင်းလက်ကြယ်က . . .

''ညစာအတွက်ဘာချက်ထားလဲ မေမေ''

''ဆိတ်သားခပတ်လုပ်နေတယ်သမီး၊ ညည်းဖေဖေ ကြက်သွန်နွှာပြီးရင်ပြီးပြီ''

''ကြက်သွန်လှီးရတာလည်းကွာ မလွယ်ပါဘူး၊ လှီးရင်း မျက်ရည်မကျတဲ့နည်းရှိရင် သိပ်ကောင်းမယ်၊ တော်ပြီ. . . တော်ပြီ ငါတော့ လက်လျှော့လိုက်ပြီ''

ဖခင်ဖြစ်သူဦးချစ်ဆွေက ပြောပြောဆိုဆိုဖြင့် လက်ဆေးကြွေလုံဆီအပြေးသွားပြီး ဘုံဘိုင်ပိုက်ခေါင်းကိုဖွင့်ချလိုက်ကာ သူ၏မျက်ရည် ပိုးပိုးပေါက်ပေါက်ကျနေသော မျက်လုံးများကို ရေဆွတ်လိုက်၏။

ဇနီးဖြစ်သူ ဒေါ်နွယ်နွယ်လင်းက . . .

''ညည်းတို့အဖေကို ကြည့်စမ်းပါဦး၊ အငိုသန်တဲ့ကလေးလေးကျနေတာပဲ''

ဟု ပြောရင်း လှီးလက်စကြက်သွန်ပန်းကန်ကို လှမ်းယူလိုက်သည်။

ချစ်သက်နွယ်ကတော့ ကျောပိုးအိတ်နှင့်ဖိုင်တွဲများကို သိမ်းဆည်းရန် အပေါ်ထပ်ရှိ အိပ်ခန်းဆီသို့တက်သွားသည်။ အိပ်ခန်းထဲတွင်ရှိသော စာရေးစားပွဲနှင့် ဗီရိုမှာလည်း တစ်ဦးတည်းပိုင်မဟုတ်သလို

www.burmeseclassic.com



လက်နှင့် နှစ်ယောက်မျှပြီးသုံးရသည်။

ချစ်သက်နွယ်က ဖိုင်တွဲများကို အံဆွဲထဲတွင်ထည့်ပြီး အောက်ထပ်သို့ပြန်ဆင်းရန် လှည့်ထွက်လိုက်၏။

သို့သော် ပြတင်းပေါက်အနီးတွင်ရှိသော တစ်စုံတစ်ရာက သူမ၏ အာရုံကို ဖမ်းစားလိုက်သည်။ ချစ်သက်နွယ်က ဆတ်ခနဲ လှမ်းကြည့်လိုက်၏။

"ဟင်"

သူမ၏မျက်လုံးတွေကိုပင် မယုံနိုင်အောင်ဖြစ်သွားသည်။

ရုပ်သေးရုပ် လေက်ဝါးက ကုလားထိုင်ပေါ်တွင် အခန့်သား ထိုင်နေသည်။

ပြီးတော့ . . . ပြီးတော့ . . .

လေက်ဝါး၏နံဘေးတွင် နောက်ထပ် သူငယ်တော်ရုပ်သေး တစ်ရုပ်ကလည်း အတူယှဉ်ပြီးထိုင်နေလေသည်။ အရုပ်နှစ်ရုပ်စလုံးက သူမကိုစိုက်ကြည့်ရင်း နာနာကျည်းကျည်း ပြုံးပြနေကြ၏။

ချစ်သက်နွယ်က အထိတ်တလန့် အော်ဟစ်လိုက်သည်။

"ဘာ. . . ဘာတွေဖြစ်ကုန်ကြပြီလဲ"

■

## အခန်း (၆)

"သမီး သဘောကျရဲ့လား"

သူမ၏နောက်မှ ကပ်လျက်ထွက်ပေါ်လာသော ဖေဖေ့အသံကြောင့် ချစ်သက်နွယ်က ဆတ်ကနဲလှည့်ကြည့်လိုက်၏။ ဖေဖေက သူ့မျက်လုံးများကို ရေစိုဝတ်ဖြင့်တို့နေရင်း . . .

"အဲဒီရုပ်သေးရုပ်အသစ်က သမီးအတွက်လေ"

"ဖေဖေ. . . တကယ်. . . တကယ်ပြောတာနော်"

ချစ်သက်နွယ်၏အသံက ဝမ်းသာမှုဖြင့် လှိုက်လှဲတုန်ယင်နေ၏။ သူမက ရုပ်သေးရုပ်အသစ်ရှိရာဆီသို့ လှစ်ကနဲပြေးသွားပြီး အရုပ်ကိုကောက်ယူကာ တမြတ်တနိုးပွေ့ထားလိုက်သည်။

ဖခင်ဖြစ်သူက . . .

"ဖေဖေတို့ရုံးကနေ (၁၀)မိနစ်လောက် လမ်းလျှောက်သွား ရင်ဆိုင်နားမှာ နိုင်ငံခြားသားတွေအတွက် အမှတ်တရပစ္စည်း

www.burmeseclassic.com



အရောင်းဆိုင်လေးတစ်ဆိုင်ရှိတယ်။ ဒီကနေ့ ဖေဖေ အဲဒီဘက်ရောက် လို့ ကြည့်လိုက်တော့ အဲဒီအရုပ်ချိတ်ထားတာတွေ့တာနဲ့ ဝင်ပြီး ဈေး မေးကြည့်လိုက်တာ။ ဆိုင်ရှင်က ဖေဖေလိုချင်ရင် ဈေးသက်သက်သာ သာနဲ့ ပေးပါ့မယ်ဆိုလို့ တစ်ခါတည်းဝယ်လာခဲ့လိုက်တယ်။ သူများတွေ ကြားရင် ယုံမှာတောင်မဟုတ်ဘူး။ အလကားနီးပါးဈေးနဲ့ ကိုရတာ။ ဆိုင်ရှင်က ဒီအရုပ်ရောင်းထွက်သွားတာကိုပဲ ဝမ်းသာနေသလားတောင် မသိဘူး''

''ဒီအရုပ်က အရမ်းချစ်စရာကောင်းတယ်နော် ဖေဖေ၊ အဝတ် အစားတွေကလည်း အသစ်နီးပါးပဲရှိသေးတယ်''

''သမီး သဘောကျတယ်မဟုတ်လား''

''အရမ်းသဘောကျတာပေါ့ ဖေဖေရဲ့''

ဟုပြောပြီး ဖခင်ဖြစ်သူကို ဖက်ကာနမ်းလိုက်သည်။ ထို့နောက် အရုပ်ကိုပွေ့ချီကာ အောက်ထပ်သို့ပြေးဆင်းသွားရင်း . . .

''ကဲ . . . ဟောဒီမှာ အားလုံးကြည့်ကြစမ်း၊ 'တောနော' လာပြီ''

ချစ်သက်နွယ်၏အသံက ကျယ်လောင်လွန်းသောကြောင့် ခွေးကလေးဂျက်ကီပင် အလန့်တကြားဖြစ်သွားပြီး အရုပ်ကိုလှမ်း ကြည့်ကာ တဝုတ်ဝုတ်ဖြင့်ထိုးဟောင်၏။

လင်းလက်ကြယ်က ကြက်သေသေကာ တအံ့တဩဖြင့် . . .

''ဒီအရုပ်ကို ဘယ်ကရသလဲ''

''ဖေဖေဝယ်ပေးတာ''

ချစ်သက်နွယ်က ခါးသက်သက်ပြုံးလိုက်ရင်း ပြန်ဖြေသည်။ သူမ၏အပြုံးက ရုပ်သေးရုပ်၏မျက်နှာပေါ်မှ အပြုံးထက်ပင် ပိုပြီး အရုပ်ဆိုးနေသေးသည်။ သူမက ဆက်၍ . . .

''အင်း . . . ညစာစားပြီးတာနဲ့ ငါလည်း တောနောနဲ့ လေ့



ကျင့်ရဦးမယ်၊ နင့်ထက်တော့သာမှာသေချာတယ် လင်းလက် . . . သိလား''

''သမီး . . . မေမေဘာပြောထားလဲ၊ နေရာတိုင်းလိုက်ပြီး ဂုဏ်တုဂုဏ်ပြိုင်မလုပ်ရဘူးလေ''

မိခင်ဖြစ်သူက အသံမာမာဖြင့်လှမ်းပြော၏။ လင်းလက်ကြယ် ကတော့ သူ့ညီမကိုကြည့်ကာ လှောင်ပြုံးပြုံးရင်း . . .

''နင်က အခုမှ သူငယ်နှပ်စားအဆင့်ပဲရှိပါသေးတယ်ဟာ၊ ငါက ဖျော်ဖြေဖို့ပွဲတစ်ပွဲတောင် လက်ခံထားရပြီဆိုတော့ ပညာရှင် အဆင့်ရောက်နေပြီ''

''နင့်ငလက်ဝါးက တောနောလောက်မလှပါဘူးဟာ၊ အဝတ် အစားတွေကလည်း စုတ်ပြတ်သတ်နေပြီ''

ချစ်သက်နွယ်က ပြန်ပက်၏။ အစ်မဖြစ်သူ လင်းလက်ကြယ် ကလည်း . . .

''အရုပ်ထက် ကြိုးဆွဲမယ့်သူရဲ့အနုပညာနဲ့ အပြောအဆိုက ပိုအရေးကြီးတယ်ဟ . . . သိရဲ့လား၊ နင်က အနုပညာဗီဇလည်းမရှိ ဘူး၊ စကားပြောရင်လည်း ဟာသဉာဏ်မပါဘူးဆိုတော့ နင့်ရုပ်သေးပွဲ က ပျင်းခြောက်ခြောက်ကြီးဖြစ်နေမှာပဲ''

''ငါက ဘာလို့ ဟာသဉာဏ်မရှိရမှာလဲ၊ နင့်ထက်တောင် သာသေးတယ်''

''ငါ့ကိုလိုက်ပြီးအတုခိုးနေတဲ့ ဒေါင်းယောင်ဆောင်တဲ့ ကျီး ကန်းမ''

''တိတ်ကြစမ်း . . . ညည်းတို့နှစ်ယောက်စလုံး မီးဖိုချောင် ထဲက အခုထွက်သွားကြ၊ ငါနားငြီးပြီး ခေါင်းတွေကိုက်လာပြီ''

မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်လင်းက ဆူပူမာန်မဲလိုက်၏။ ချစ် သက်နွယ်က . . .

www.burmeseclassic.com

www.burmeseclassic.com



''မေမေ့သဘောတော်အတိုင်းပါ''

ဟု တိုးတိုးကလေးပြောသည်။ လင်းလက်ကြယ်ကတော့. . .

''ညစာစားမှပဲ ဆင်းလာခဲ့တော့မယ်၊ အခုတော့ အခန်းထဲ သွားပြီး လေက်ဝါးနဲ့ လေ့ကျင့်လိုက်ဦးမယ်၊ မွေးနေ့ပွဲက စနေနေ့ဆို တော့ ခုကတည်းက သေသေချာချာကျင့်ထားမှ''

မိခင်ဖြစ်သူကိုပြောသလိုလိုနှင့် ချစ်သက်နွယ်ကို မခံချိမခံသာ ဖြစ်အောင် တမင်ပြောပြီး ချာခနဲလှည့်ထွက်သွားလေတော့သည်။

●

နောက်တစ်နေ့ နေ့လည်ခင်း၌။

ချစ်သက်နွယ်က မှန်တင်ခုံရှေ့တွင်ထိုင်ရင်း သူမစုဆောင်း ထားသော ဖန်စီ (Fancy) လက်ဝတ်ရတနာများထည့်ထားသည့် သေတ္တာကလေးကို ဖွင့်လိုက်သည်။ ထို့နောက် ဒီအထဲမှ ရောင်စုံပုတ် စေ့ကလေးများသွယ်ထားသည့် နားဆွဲတစ်စုံကိုထုတ်ယူကာ နားရွက် တစ်ဖက်တစ်ချက်ဆီတွင် တပ်ဆင်လိုက်သည်။

ထိုသို့ ဖန်စီ (Fancy) ဒီဇိုင်းနားဆွဲများ လက်ကောက်နှင့် ဆွဲကြိုးများကို စုဆောင်းရသည်မှာ သူမ၏ဝါသနာပင်ဖြစ်သည်။ ( ကိစ္စမှာ လင်းလက်နှင့်တော့ လုံးဝဆန့်ကျင်ဘက်ဖြစ်သည်)

ချစ်သက်နွယ်ကတော့ အခုလို ဖန်စီ (Fancy) လက်ဝ ရတနာများကို ပူးထဲမှ တစ်ခုပြီးတစ်ခုထုတ်ယူကာ ကြည့်နေရလျှ ထမင်းမေ့ဟင်းမေ့ပင်ဖြစ်၏။ အခုလည်း နားဆွဲတစ်စုံတပ်ဆင်ထားသော သူမ၏ရုပ်သွင်ကို မှန်ထဲတွင်ကြည့်ကာ နားဆွဲကလေးများယမ်းခါသွ အောင် ဦးခေါင်းကို ဟိုဘက်စောင်းလိုက် ဒီဘက်စောင်းလိုက် အမျ မျိုးလုပ်ကြည့်နေ၏။



ထိုစဉ် တံခါးခေါက်သံကြား၍ သူမက လှည့်ကြည့်လိုက် သည်။

''ဟော့. . . မိနွယ် ဘာတွေအလုပ်ရှုပ်နေတာလဲ''

နှုတ်ဆက်ရင်းဝင်လာသူက သူမ၏ငယ်သူငယ်ချင်း 'ဖိုးကျော်' ဖြစ်သည်။ ဖိုးကျော်က ပိန်ပိန်ပါးပါး လူကောင်သေးသေးဖြစ်ပြီး မျက် လုံးတွေက မီးခိုးရောင်သန်းနေသည်။ သူ့ကိုကြည့်လိုက်လျှင် တစ်စုံ တစ်ရာကို အလေးအနက်စဉ်းစားနေသလိုမျိုးမျက်နှာပေါက်နှင့် ဖြစ်၏။

ချစ်သက်နွယ်က နားဆွဲကိုဖြုတ်ကာ သေတ္တာထဲသို့ပြန်ထည့် ရင်း . . .

''သြော်. . . ဖိုးကျော် နင်ရောက်လာပြီကိုး၊ စက်ဘီးနဲ့လာ တာလား''

''ဟင့်အင်း. . . လမ်းလျှောက်လာတာ၊ နင် ငါ့ဆီဖုန်းဆက် တယ်ဆို၊ ဘာလဲ၊ မြို့ထဲသွားဖို့ အဖော်မရှိလို့လား''

''မဟုတ်ပါဘူး''

ပြောပြောဆိုဆိုနှင့် ချစ်သက်နွယ်ကထရပ်လိုက်ပြီး ပြတင်း ပေါက်အနီးရှိ ကုလားထိုင်ဆီသို့သွားကာ သူငယ်တော်ရုပ်ငတာနော တို ကောက်ယူလိုက်သည်။ ထို့နောက် . . .

''ငါ နင့်ကို ပြစရာတစ်ခုရှိလို့ဟ၊ ငါ စမ်းသပ်လေ့ကျင့်ထား တဲ့ပြပွဲလေးတစ်ခုပေါ့ဟာ''

ထိုစကားကြောင့် ဖိုးကျော်က မျက်နှာကိုရှုံ့မဲ့လိုက်ရင်း. . .

''သြော. . . ငါက နင့်ရဲ့ဓါတ်ခွဲခန်းထဲက အစမ်းသပ်ခံ ကြွက်ကလေးလုပ်ရမယ်ပေါ့. . . ဟုတ်လား''

''မဟုတ်ပါဘူးဟာ၊ ပရိသတ်အဖြစ်နဲ့ ကြည့်ပေးဖို့ခေါ်တာပါ တဲ. . . လာ ခြံထဲဆင်းရအောင်''

ချစ်သက်နွယ်က ရုပ်သေးရုပ်ကိုပိုက်လျက် ဖိုးကျော်ကိုခေါ်

www.burmeseclassic.com



ပြီး အိမ်နောက်ဖေးကွက်လပ်ရှိ သစ်ဆိမ့်ပင်ကြီးအောက်သို့ လျှောက်လာခဲ့သည်။ သူမက သစ်ဆိမ့်ပင်ကြီးကိုကျောမှီကာ ခြေတစ်ချောင်းကို ပင်စည်ဆီသို့ နောက်ပြန်ထောက်ထားရင်းရပ်နေသည်။ ရုပ်သေးရုပ် တောနောကိုတော့ သူမ၏ဒူးခေါင်းပေါ်တွင် တင်ထား၏။

သူမက ရုပ်သေးကြိုးတွေကိုဆွဲထားသောကြောင့် တောနောက ခြေကားယားလက်ကားယားဖြစ်နေသည်။ ချစ်သက်နွယ်က ဖိုးကျော်ကို . . .

''နင်က ပရိသတ်ဆိုပါတော့ဟာ၊ ငါလုပ်ပြတာရယ်ရသလား လို့ကြည့်ပြီး အကဲဖြတ်ပေး''

''အေးပါဟာ. . . လုပ်မှာသာလုပ်စမ်းပါ''

ဖိုးကျော်က ဘာများထူးထူးခြားခြားတွေ့ရမလဲဟု စူးစူးစိုက်စိုက်ကြည့်နေရာမှ ပြောလိုက်၏။ ချစ်သက်နွယ်က သူငယ်တော်ရု တောနောကို မတ်တတ်ရပ်လျက်အနေအထားဖြစ်အောင် ကျကျန ထောင်လိုက်သည်။ ထို့နောက် ပရိသတ်ဖြစ်သော ဖိုးကျော်ဘက်သို့ လက်ဝှေ့ယမ်းနှုတ်ဆက်သည့်ဟန်မျိုးဖြစ်အောင် ကြိုးကိုဆွဲချည်လျှော့ချည်လုပ်သည်။

ပြီးတော့ သူမနှင့်တောနောတို့ အပြန်အလှန်စကားပြောကြ သည့်ပုံမျိုးဖြစ်အောင် သူမ၏ပင်ကိုယ်သံဖြင့် 'အမေးစကားတစ်ခွန်း (အရုပ်၏ပါးစပ်ကို ဖွင့်ချည်ပိတ်ချည်လုပ်ရင်း) အသံပြောင်နာနာဖြ တောနောက ပြန်ပြောလေဟန် အဖြေစကားတစ်ခွန်းတို့ကို အချီအချ ပြောလေသည်။

''ဟေ့. . . တောနော ဘယ်လိုလဲ၊ နေကောင်းရဲ့လား''

''နေကောင်းလိုက်သမှ ဒေါင်ဒေါင်မြည်ပဲဗျာ၊ တစ်ကိုယ်လုံ သစ်သားတွေနဲ့လုပ်ထားသလား အောက်မေ့ရတယ်''

တောနောက ပြန်ပြောလေဟန်ဖြင့် ချစ်သက်နွယ်ကပြောပြီ



ခေတ္တရပ်ကာ ဖိုးကျော်ဘက်သို့ တစ်ချက်လှမ်းကြည့်သည်။ ဖိုးကျော် များရယ်နေမလားဟု မျှော်လင့်ချက်ဖြင့် ကြည့်ခြင်းဖြစ်သော်လည်း ဟိုငနဲက တုတ်တုတ်မျှမလှုပ်။ သူမက . . .

''ဟဲ့. . . ဖိုးကျော် ဘယ်လိုလဲ၊ ရယ်ရရဲ့လား''

''ဟင်. . . ဘာလဲ၊ အဲဒါရယ်စရာလား၊ အဲ. . . မဆိုးပါဘူး''

''နင်ကလည်း သေသေချာချာ နားထောင်ထားစမ်းပါဟာ၊ အဲ. . . ငါဆက်ပြောမယ်''

ချစ်သက်နွယ်က တောနောနှင့်ပြန်၍ မျက်နှာချင်းဆိုင်လိုက်ပြီး . . .

''ဟဲ့. . . တောနော မနေ့တုန်းက နင်ဘာဖြစ်လို့ မှန်ရှေ့မှာ မျက်လုံးမှိတ်ပြီးရပ်နေတာလဲ''

ထို့နောက် သူမကပင် အရုပ်ကပြောသည့်အသံမျိုးဖြင့်. . .

''ကျွန်တော်အိပ်ပျော်နေတဲ့အခါ ဘယ်လိုပုံမျိုးရှိလဲဆိုတာ သိချင်လို့ပါခင်ဗျာ''

သူမဘာသာဖြေပြီးနောက် အရုပ်က သဘောကျစွာရယ်မောဟန်ဖြင့် တောနော၏ဦးခေါင်းကိုမော့ကာ လှုပ်ယမ်းလိုက်သေးသည်။ ထို့နောက် . . .

''ဘယ်လိုလဲ ဖိုးကျော်၊ ဒီပြက်လုံးကရော ရယ်ရလားဟင်''

''တစ်ခါမှမကြားဖူးသေးတဲ့လူအတွက်ဆိုရင်တော့ ရယ်ရလားမသိဘူး''

ဟု ဖိုးကျော်က အတော်ကြာအောင် လေးလေးနက်နက် တွေးပြီး ပြန်ဖြေ၏။ ချစ်သက်နွယ်က ဒေါပွပွဖြင့် . . .

''နင်လည်း အလကားပဲ၊ ဘာမှအားမကိုးရဘူး၊ ငါ့ပြက်လုံးတွေက မရယ်ရရင်လည်း မရယ်ရဘူးလို့ ပွင့်ပွင့်လင်းလင်းပြောပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ကြည့်စမ်း။ နင် အသိဉာဏ်ပွင့်သွားပြီ မိနွယ်၊ အဲဒါ ငါကူညီလိုက်တာပေါ့"

ဖိုးကျော်ထပ်ပြောလိုက်သောစကားက ပို၍ပင်ထရိုက်ချင်စရာကောင်းနေတော့သည်။ သို့သော် ချစ်သက်နွယ်က ငေးငိုင်သွားရင်း . . .

"ငါ. . . ဟာသစာအုပ်တွေဝယ်ဖတ်ရင် ကောင်းမလားမသိဘူးနော်၊ အဲဒီထဲကပြက်လုံးကောင်းကောင်းလေးတွေ မှတ်ထားရင် အသုံးတည့်မယ်ထင်တယ်"

"ကောင်းတာပေါ့"

ဖိုးကျော်က ထောက်ခံလိုက်ရင်း သူထိုင်သည့်နံဘေးမှ မြက်ပင်များကို ဆွဲနှုတ်နေသည်။ ချစ်သက်နွယ်က . . .

"ရုပ်သေးရုပ်က စကားပြောသလိုမျိုး ပြောရတဲ့အလှည့်ကျရင် ငါ့ပါးစပ်ကလှုပ်နေတာ သိသာလား"

"နင့်နှုတ်ခမ်းလှုပ်မှန်း သိပ်မသိသာပါဘူး။ ဒါပေမဲ့ ရုပ်သေးရုပ်ရဲ့အသံက သဘာဝမကျဘူးဖြစ်နေတယ်"

"ရုပ်သေးရုပ်ရဲ့အသံပါဆိုမှ ဘယ်လိုလုပ်ပြီး သဘာဝကျမှာလဲ"

ချစ်သက်နွယ်က စူစူအောင့်အောင့်ပြောရင်း အသံအမျိုးမျိုးစမ်းသပ်ကြည့်သည်။ သူမ၏နှုတ်ခမ်းများကို မလှုပ်အောင်ထိန်းရင်း ရုပ်သေးရုပ်ကပြောသည့်အသံမျိုးဖြင့် . . .

"ဘယ့်နှယ့်နေလဲ ဖိုးကျော်၊ နင့်စိတ်ထဲမှာ ဘယ်လိုသဘောရသလဲ"

"ငါ့စိတ်ထဲမှာဖြစ်နေတာကို ရိုးရိုးသားသားပြောရရင်တော့ ငါအိမ်ပြန်ရင်ကောင်းမယ်ထင်တာပဲ"

ဖိုးကျော်က လက်ထဲမှမြက်ပင်များကို အဝေးသို့လွှင့်ပစ်ရင်း



ပြောလိုက်၏။ ချစ်သက်နွယ်က စကားတစ်ခွန်းမျှမတုံ့ပြန်ဘဲ အတန်ကြာအောင်ငြိမ်သက်နေပြီးမှ သူမ၏ရုပ်သေးရုပ်ကလေးကို ပွေ့ချီလိုက်ရင်း . . .

"နင် အဲဒီလိုပြောလိုက်တော့ ငါ့ကောင်လေး တောနောက စိတ်ထိခိုက်သွားမှာပေါ့ဟာ"

ဖိုးကျော်က ဖုတ်ဖတ်ခါပြီးထရပ်လိုက်သည်။ ထို့နောက် သူက ချစ်သက်နွယ်၏မျက်နှာကို တအံ့တသြကြည့်ရင်း . . .

"နင်တို့အမြွှာညီအစ်မနှစ်ယောက်စလုံးက ပေါကြောင်ကြောင်နိုင်တဲ့နေရာမှာလည်း တူတယ်နော်"

ဟု ပြောလိုက်သည်။ ထို့နောက် သူ့အိမ်ဆီသို့ တစ်ချိုးတည်းပြန်လေတော့သည်။

●

ချစ်သက်နွယ်က စိတ်ဓါတ်ကျဆင်းစွာဖြင့် တောနောအရုပ်ကို သစ်ကိုင်းမှာချိတ်ပစ်ခဲ့ပြီး အိမ်ဘက်ဆီသို့ဦးတည်ကာ လျှောက်လာခဲ့၏။

တစ်ဘက်ခြံနှင့်ကာဆီးထားသော [illegible]ပင်တန်းကလေးအနီးမှအဖြတ်တွင် ငိုရှိုက်သံလိုလို ကြားလိုက်ရသောကြောင့် ခေတ္တမျှရပ်ပြီး နားစွင့်ကြည့်လိုက်သည်။

ဘယ်သူငိုနေတာလဲ။

ငါ့ကို တစ်ယောက်ယောက်က ခြောက်လှန့်နေတာလား။

ချစ်သက်နွယ်က [illegible]ပင်တန်းကိုကျော်ကာ [illegible] ခြံဆီသို့ လှမ်းကြည့်လိုက်၏။

ဟိုးတစ်နေ့က သူမဆီသို့ ပြတင်းပေါက်မှ[illegible]ကြည့်

www.burmeseclassic.com



နေသော ဖြူဖပ်ဖြူရော်နှင့် ကောင်မလေးကိုတွေ့ရလေသည်။ အနီးကပ်ကြည့်လိုက်ကာမှ ထိုမိန်းကလေး၏အသားအရေမှာ ပို၍ပင် ဖြူဖျော့နေသည်ကို တွေ့ရ၏။

ဒီကောင်မလေးကိုကြည့်ရတာ လူသားစင်စစ်မှဟုတ်ရဲ့လား။ တစ္ဆေတစ်ကောင်များလားဟု တွေးလိုက်မိသည်။

တရှုံ့ရှုံ့ငိုနေသော ထိုမိန်းကလေးကိုကြည့်ရင်း ချစ်သက်နွယ် ရင်ထဲတွင် သနားလာသည်။

ဘာဖြစ်လို့များပါလိမ့်။ အဖေ အမေနဲ့အဆင်မပြေလို့များလား။ ဒါမှမဟုတ် ကျန်းမာရေးကြောင့်လား။ ဒါမှမဟုတ် လူမှုရေးသောကတစ်ခုခုကြောင့်လား။

အကူအညီပေးချင်စိတ်ဖြင့် ချစ်သက်နွယ်က လှမ်းမေးလိုက်သည်။

"ဟဲ့ . . . နင်ဘာဖြစ်လို့ငိုနေတာလဲ"

ချစ်သက်နွယ်၏အသံကြောင့် ငိုနေသောမိန်းကလေးက ခေါင်းမော့ကြည့်သည်။ ဘာမှတော့မဖြေ။

လှမ်းကြည့်နေသော သူမ၏မျက်ဝန်းများက အားကိုးရာမဲ့ခြင်း၊ အထီးကျန်ခြင်း၊ ဝမ်းနည်းကြေကွဲလွယ်ခြင်း စသော အဓိပ္ပါယ်အားလုံးတို့ကို တစ်ပြိုင်နက်တည်း ဖော်ပြနေ၏။

ထိုမိန်းကလေးက မျက်ရည်များကိုသုတ်ပြီး . . .

"ဘာမှမဖြစ်ပါဘူးဟာ၊ သေသွားတဲ့ငါ့မောင်လေးကို သတိရလို့ပါ"

ထိုစကားကြောင့် ချစ်သက်နွယ် စိတ်မကောင်းဖြစ်သွားရ၏။

"နင့်နာမည် ဘယ်လိုခေါ်သလဲ"

"ငါ့နာမည်က ဝါဝါ၊ နင်ကကော. . . "

"ငါ့နာမည်က ချစ်သက်နွယ်တဲ့၊ နောက်ပြီး လင်းလက်ကြယ်



ဆိုတဲ့ ငါ့အမြွာညီအစ်မတစ်ယောက်ရှိသေးတယ်"

ဝါဝါဆိုသောမိန်းကလေးက ခေါင်းကိုညိတ်ပြရင်း . . .

"ငါတို့အိမ် အပေါ်ဆုံးထပ်ကလှမ်းကြည့်ရင် နင်တို့အိမ်ကို မြင်နေရတာပဲ၊ နင်တို့နာမည်တွေကို မသိပေမယ့် လူပုံသဏ္ဌာန်တွေကိုတော့ ရင်းနှီးနေပါတယ်၊ ငါ နင်တို့ညီအစ်မနဲ့ အရမ်းခင်ချင်တယ်ဟာ၊ ငါ့မောင်လေးဆုံးသွားပြီးကတည်းက ငါ့မှာ ခင်တွယ်စရာအဖော်လည်းမရှိဘူး၊ ငါ့ကို ဂရုစိုက်မယ့်လူလည်းမရှိဘူး၊ အရမ်း အထီးကျန်တာပဲဟာ"

"ဟို. . . ဘီးတပ်ကုလားထိုင်နဲ့သွားသွားနေတဲ့ လူကြီးနဲ့ သူ့ကိုပြုစုနေတာ နင့်အဖေနဲ့အမေလားဟင် ဝါဝါ"

ထိုစကားကြောင့် ဝါဝါ သိသိသာသာ မျက်နှာပျက်သွားပြီးမှ တိုးဖျော့သောအသံဖြင့် . . .

"ငါ့အဖေဆိုတာတော့ ဟုတ်ပါတယ်ဟာ၊ ဒါပေမဲ့ ဟိုတစ်ယောက်ကတော့ ငါ့အမေမဟုတ်ဘူး၊ မေမေဆုံးသွားပြီးတော့မှ ဖေဖေနောက်ထပ်ယူထားတဲ့မိန်းမပါ"

"ဪ. . . နင်က အမေပါဆုံးသွားပြီကိုး၊ ငါမေးလိုက်လို့ နင် စိတ်ထိခိုက်သွားရင် ခွင့်လွှတ်ပါနော်"

ချစ်သက်နွယ်က ချက်ချင်းပင်တောင်းပန်လိုက်သည်။ ဝါဝါက . . .

"ကိစ္စမရှိပါဘူးဟာ၊ ဝမ်းနည်းတယ် စိတ်မကောင်းဖြစ်ထယ် ဆိုတာတွေဟာ ငါ့အတွက် နေ့တိုင်းကြုံရလွန်းလို့ ရိုးနေပါပြီ"

ဝါဝါပြန်ပြောပုံက အရာရာကို အရှုံးပေးထားသူတစ်ယောက်နှင့် သိသာလွန်းနေသည်။

သူ့အတွက် စိတ်မောစွာဖြင့် ချစ်သက်နွယ်က ဘာပြောင်းချ လိုက်မိ၏။ ဒီလိုမိန်းကလေးတစ်ယောက်ရဲ့မျက်လုံးတွေဟာ အရှုံးထင်း

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းအားငယ်နေတာ ဘာထူးဆန်းလို့လဲဟု စာနာစွာတွေးဖြစ်သည်။

ထို့ကြောင့် ချစ်သက်နွယ်က . . .

''သိပ်လည်းအားမငယ်ပါနဲ့ဟာ၊ နင့်မှာ အဖော်မရှိရင်လည်း ငါ့ကို သူငယ်ချင်းလို့ပဲသဘောထားပါ၊ နင့်အတွက် အဖော်လိုရင်ပဲဖြစ်ဖြစ် အကူအညီလိုရင်ပဲဖြစ်ဖြစ် ငါ့ကို အချိန်မရွေးခေါ်နော်''

''နင်. . . နင် တကယ်ပြောတာလားဟင်''

ဝါဝါ့အသံက မျှော်လင့်ချက်ဖယောင်းတိုင်ထိပ်မှ မီးတောက်မီးညွန့်လေးတစ်ခုလို လှိုက်လှဲတုန်ယင်လာသည်။ ချစ်သက်နွယ်က 'တကယ်ပြောတာပေါ့' ဟူသည့်အဓိပ္ပါယ်ဖြင့် ပြုံးကာ ခေါင်းညိတ်ပြလိုက်၏။

ဝါဝါက . . .

''ငါ. . . ငါ ဝမ်းသာလိုက်တာဟာ၊ ငါက အရမ်းအထီးကျန်နေတာဆိုတော့ ငါ့အတွက် ကူညီဖြေသိမ့်ပေးမယ့် သူငယ်ချင်းတစ်ယောက်ကို အမြဲ မျှော်လင့်နေခဲ့တာပါဟာ''

ချစ်သက်နွယ်က . . .

''နင့်အဖေကကော နင့်ကို ဂရုမစိုက်ဘူးလား ဝါဝါ''

ထိုမေးခွန်းကြောင့် ဝါဝါက ခေါင်းငုံ့သွားပြီး . . .

''ဖေဖေက ငါ့မိထွေးရဲ့ ကြိုးဆွဲရာကနေရတဲ့ ရုပ်သေးရုပ်ပါဟာ''

ထိုအဖြေစကားကြားရတော့ ချစ်သက်နွယ်က မမေးသင့်တာကိုမှ မိုက်မဲစွာမေးမိလေသော ကိုယ့်ပါးစပ်ကိုကိုယ် အပြစ်တင်မိသည်။

ဝါဝါ့ကိုလည်း မျက်နှာပူသလို အားနာသလိုခံစားရလေသည်။

သို့သော် သူမ သိပ်ကြာကြာတော့ မျက်နှာပူချိန်မရလိုက်ပါ။ နောက်ထပ်ဆက်ပြောလာသော ဝါဝါ၏စကားတစ်ခွန်းကြောင့် တုန်လှုပ်သွားရ၏။ ဝါဝါက . . .



''အဲဒါကြောင့် ငါ့မောင်လေးနဲ့ စကားပြောနေရတဲ့အချိန်တွေလောက်ပဲ ငါစိတ်ချမ်းသာတယ်၊ ငါ့မောင်လေး ရောက်မလာတဲ့အချိန်တွေဆိုရင် တစ်ယောက်တည်းအားငယ်ပြီး ငိုနေရတာက များပါတယ်ဟာ''

''ဘာ. . . နင်စောစောကပြောတော့ နင့်မောင်လေးက သေသွားပြီဆို''

''ဟုတ်တယ်လေ၊ ဒါပေမဲ့ ငါ့မောင်လေးက တမလွန်ကနေပြီးတော့ ငါ့ဆီကို အိပ်မက်ထဲမှာအမြဲလာတယ်၊ သူနဲ့ငါ ညတိုင်းစကားပြောရတယ် ချစ်သက်နွယ်''

''ဟင်''

ဝါဝါ၏ထူးဆန်းသောစကားကြောင့် ချစ်သက်နွယ်တစ်ယောက် အသက်ရှူရမှာကိုပင် မေ့လျော့သွားသည်။

နောက်ပြောင်နေတာလားဟု လှမ်းကြည့်လိုက်တော့လည်း ဝါဝါ့မျက်နှာက ပကတိ တည်တည်ငြိမ်ငြိမ်ပင်။

တကယ်ဆိုလျှင် သူမလိမ်ညာနေခြင်းဖြစ်လေမလားဟု အဲဒီကတည်းက စဉ်းစားမိခဲ့ဖို့ကောင်းသည်။

ဘာပဲဖြစ်ဖြစ် ချစ်သက်နွယ်အတွက်တော့ ထူးဆန်းသောသူငယ်ချင်းတစ်ယောက် ရရှိခဲ့လေပြီတည်း။

●

ချစ်သက်နွယ်က ညအိပ်ရာဝင်ရန် ကုတင်ပေါ်လှဲချပြီး စောင်ကိုရင်ညွန့်အထိ ဆွဲကာခြုံလိုက်သည်။ ဖျော့တော့သောလရောင်ပြာလဲ့လဲ့က အိပ်ခန်းပြတင်းပေါက်မှန်ကို ဖြတ်သန်းစိမ့်ကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါးကနဲသမ်းဝေရင်း စားပွဲတင်နာရီကိုလှမ်းကြည့်လိုက်တော့ (၁၀)နာရီထိုးခါနီးပြီဆိုသည်ကို တွေ့ရသည်။ ရေချိုးခန်းအတွင်း၌ လင်းလက်ကြယ်တစ်ယောက် သွားတိုက်နေသည့်အသံကိုလည်း ကြားနေရ၏။

ချစ်သက်နွယ်က မျက်လုံးမမှိတ်ခင် တောနော့ကို တစ်ချက် လှမ်းကြည့်လိုက်သေးသည်။ သူမ၏အရုပ်ကို ပြတင်းပေါက်ရှေ့က ကုလားထိုင်ပေါ်တွင် ကျကျနနထိုင်ခိုင်းထား၏။ ရုပ်သေးရုပ်၏လက်များကို ပေါင်ပေါ်တွင်တင်ပေးထားသည်။ အရုပ်က ခြေဆင်းထိုင်နေသောကြောင့် အဖြူရောင်ဘောင်းဘီကြယ်တလက်လက်နှင့် ဖိနပ်အစုံသည် ကုလားထိုင်အစွန်းကို ကျော်လွန်ကာ အပြင်သို့ထွက်နေလေသည်။

တောနော့ကိုကြည့်ရတာ တကယ်အသက်ရှိနေတဲ့လူတစ်ယောက်နဲ့ တူသလိုလိုပဲဟု သူမက အိပ်ချင်မူးတူးဖြင့် တွေးလိုက်၏။

မနက်ဖြန်ကျရင် စာအုပ်ဆိုင်ကိုသွားပြီး ဟာသစာအုပ်တွေ ငှားဖတ်ဦးမှပဲ။ အဲဒီထဲက ရယ်စရာကောင်းတဲ့စကားပြောခန်းတွေကို ကူးမှတ်ထားရမယ်။ ဒါမှ နောက်ဆို လင်းလက်ထက်သာမှာ။

ခဏအကြာတွင် လင်းလက်က အခန်းထဲသို့ဝင်လာသည်။ သူမက ညအိပ်ဝတ်စုံကိုဝတ်ထားပြီး လေက်ဝါးကိုလည်း လက်တစ်ဖက်ဖြင့်ပွေ့ထား၏။ လင်းလက်က . . .

''နင် အိပ်ပျော်နေပြီလား''

ဟု လှမ်းမေးလိုက်သည်။ ချစ်သက်နွယ်က ကျယ်လောင်စွာ သမ်းလိုက်ရင်း . . .

''မေးခန့်တောင်ပျော်တော့မယ်၊ မနက်ဖြန် သင်္ချာကျူတိုရီယယ်ရှိတယ်လေ၊ တစ်ညနေလုံး စာတွေကြည့်ထားရလို့ ဖက်ကြောတွေတောင်တက်နေတယ်၊ နင်ကော တစ်ညနေလုံး ဘယ်ရောက်နေတာလဲ''



''မိုးသန္တာတို့အိမ်မှာဟ၊ သူ့တူလေးတွေရောက်နေလို့၊ လေက်ဝါးကိုခေါ်သွားပြီး ပွဲထုတ်ရတာလေ၊ ကလေးတွေက သဘောကျလိုက်တာများ မပြောပါနဲ့တော့ဟာ၊ ရယ်ကြလွန်းလို့ ဗိုက်တွေကွဲထွက်ကုန်မလားတောင် အောက်မေ့ရတယ်၊ ဒီပုံအတိုင်းသာဆို ဖိုးသားမွေးနေ့ကျရင်လည်း လေက်ဝါးက စတားဖြစ်ဦးတော့မှာပဲ မြင်ယောင်သေးတယ်''

လင်းလက်ကပြောရင်း လေက်ဝါးကို တောနော့၏ဘေးတွင် နေသားတကျဖြစ်အောင် ထိုင်ခိုင်းထားပြီး လေက်ဝါး၏လက်တစ်ဖက်ကို တောနော့၏ပုခုံးပေါ်သို့ တင်ပေးထားလိုက်သည်။

ချစ်သက်နွယ်ကတော့ စိတ်မပါဘဲနှင့် လင်းလက်ပြောသမျှကို 'ဟုတ်တာပေါ့၊ ကောင်းတာပေါ့' ဟု ပြန်ပြောလိုက်၏။ ထိုစဉ် လင်းလက်ကြယ်က . . .

''ဟဲ့. . . ဟိုမှန်တင်ခုံပေါ်က အဝတ်အစားတစ်စုံက ဘာလုပ်ဖို့အပြင်ထုတ်ထားတာလဲ''

ချစ်သက်နွယ်က အသာခေါင်းထောင်ကြည့်လိုက်ပြီး . . .

''ဪ. . . အဲဒါလား၊ မနက်ဖြန်ကျရင် ကျောင်းမှာ နှုတ်ဆက်ပွဲရှိတယ်လေ၊ အင်္ဂလိပ်စာပါမောက္ခက တောင်ကြီးတက္ကသိုလ်ကို ပြောင်းရတော့မှာ၊ မနက်ဖြန် အဲဒီပွဲကျရင်ဝတ်ဖို့ အမရပူရပိုးချိတ်လုံချည်နဲ့ ရင်ဖုံးလက်စကအင်္ကျီ ထုတ်ထားတာ''

''အံမယ်. . . နင်က မြန်မာဆန်ဆန်ဝတ်ပြီး ရှိုးထုတ်မယ်ပေါ့လေ''

လင်းလက်၏အမေးကို ချစ်သက်နွယ်က စိတ်မရှည်စွာဖြင့်. . .

''စကားများမနေနဲ့တော့ဟာ၊ ငါအိပ်ချင်လှပြီ''

''အိပ်ပါ. . . အိပ်ပါ၊ ဪ ဒါနဲ့ နင်ကော တောနော့ကို

www.burmeseclassic.com



လေ့ကျင့်တာဟန်ကျရဲ့လား''

လင်းလက်က ရိသဲ့သဲ့မေးလိုက်သည်။ ချစ်သက်နွယ်က ခေါက်ကနဲထထိုင်ပြီး . . .

''အိုကေပဲဟာ၊ အရမ်းအဆင်ပြေတယ်၊ ဟိုကောင် ဖိုးကျော်ကိုတောင်ခေါ်ပြီး ပြလိုက်သေးတယ်၊ ဖိုးကျော်တစ်ယောက် ရယ်လိုက်တာမှမပြောပါနဲ့တော့ဟာ၊ အသက်တောင်မရှူနိုင်ဘူး၊ သူ့ဗိုက်ကိုလက်နှစ်ဖက်နဲ့နှိပ်ထားရတယ်ဟ၊ တကယ်ပြောတာ၊ ဖိုးကျော်က သူငယ်ချင်း ဗွီဒီယိုကင်မရာမင်းကိုတောင် ခေါ်လာပြီးရိုက်ထားမယ်လို့ ပြောနေတယ်''

လင်းလက်က မယုံကြည်နိုင်စွာဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားပြီး ငေးကြောင်ကြည့်နေသည်။ အတန်ကြာမှ . . .

''အတော်ထူးဆန်းတာပဲ၊ ဖိုးကျော်မှာ အဲဒီလိုဟာသဓါတ်ခံရှိလိမ့်မယ်လို့ ငါ လုံးဝထင်မထားဘူး၊ သူ့ကိုကြည့်လိုက်ရင် အမြဲမှုန်ကုပ်ကုပ်နဲ့၊ သူရယ်တာ တစ်ခါမှငါမမြင်ဖူးဘူး''

''အေးလေ. . . အရင်တုန်းကတော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ ငါနဲ့ တောနောက်ကိုတွေ့တော့မှ ရယ်စရာဆိုတာဘာမှန်း သူသိသွားတာဖြစ်မယ်''

ချစ်သက်နွယ်၏စကားကို နားထောင်ရင်း လင်းလက်ကြယ်က မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် ဇဝေဇဝါဖြစ်နေသည်။

ခဏကြာတော့ သူတို့နှစ်ဦးစလုံး အိပ်ပျော်သွားကြတော့၏။

●

''ကလေးတွေ. . . ကလေးတွေ. . . နေဖင်ထိုးနေပြီ၊ အိပ်ရာကမထကြသေးဘူးလား''



မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်လင်း၏အိမ်အောက်ထပ်ဆီမှ လှမ်းအော်လိုက်သံကို ကြားရသည်။ နံနက်တိုင်းမှာပင် မိခင်ဖြစ်သူက ဒီလိုလှမ်းအော်ပြီး အိပ်ရာမှနှိုးနေကျဖြစ်သည်။

ချစ်သက်နွယ်က အိပ်ရာမှလူးလဲထရင်း မျက်လုံးအစုံကိုပွတ်သပ်လိုက်သည်။ ပြတင်းပေါက်အပြင်ဘက်ဆီမှ ငှက်ကလေးများ၏တိုးစီစီမြည်ကြွေးသံကို ကြားရ၏။ သူမက လက်နှစ်ဖက်ကို ဦးခေါင်းထက်သို့မြှောက်ကာ အပျင်းဆန့်ရင်း ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်ရာ . . .

''ဟင်''

သူမ တအံ့တသြဖြစ်သွားသည်။

အိပ်ရာမှ ကပျာကယာလူးလဲထကာ ဘေးတွင်အိပ်နေသောလင်းလက်ကြယ်ကို အတင်းလှုပ်နှိုးရင်း . . .

''လင်းလက်. . . လင်းလက် မြန်မြန်ထစမ်း''

လင်းလက်ကြယ်က အိပ်ချင်မူးတူးဖြင့် မကျေမနပ်ရေရွတ်သည်။ ချစ်သက်နွယ်ကတော့ အသံမာမာဖြင့် . . .

''ဘာမသိချင်ယောင်ဆောင်နေရတာလဲ၊ ဘယ်မှာလဲ''

''ဟင်. . . နင် ဘာတွေလာပြောနေတာလဲ''

လင်းလက်၏အမေးကို ချစ်သက်နွယ်က ပြန်မဖြေမနေတော့ဘဲ ပြတင်းပေါက်ရှေ့မှ ထိုင်ခုံဆီသို့ လက်ညှိုးထိုးပြလိုက်သည်။

ထိုင်ခုံပေါ်တွင် လေက်ဝါးက ရက်စက်သည့်အပြုံးတစ်ချောင်းခန့်သားထိုင်နေသည်။

သို့သော် . . .

တောနောက မရှိတော့ပေ။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ချစ်သက်နွယ် စိတ်တိုတိုဖြင့် . . .

"ပြောလေ တောနောဘယ်မှာလဲ၊ နင် သူ့ကို ဘယ်မှာသွားထားလိုက်လဲ"

လင်းလက်ကြယ်က သူမကိုလှုပ်နှိုးနေသော ချစ်သက်နွယ်၏လက်များကို တွန်းထိုးဖယ်ရှားရင်း ထထိုင်ကာ ပြတင်းပေါက်ရှေ့မှ ကုလားထိုင်ဆီသို့ လှမ်းကြည့်လိုက်သည်။

လေက်ဝါးကသာလျှင် သူမကို ပြန်စိုက်ကြည့်နေ၏။

"လင်းလက် နင် အပြောင်အပြက်လုပ်မနေနဲ့နော်၊ ဒါ နောက်စရာကိစ္စမဟုတ်ဘူး"

"ဘာ. . . ငါက နောက်တယ်ဟုတ်လား"

လင်းလက်က ပြန်ပြောလိုက်သည်။

ချစ်သက်နွယ်က ကုလားထိုင်အောက်တွေရော ကုတင်အောက်တွေကိုပါမကျန် ငုံ့ကြည့်ပြီးလိုက်ရှာသည်။ သို့သော် မတွေ့။ သူမက . . .

"လင်းလက် ငါမေးနေတယ်လေ၊ ငါ့အရုပ်ဘယ်မှာလဲ"

"ငါလည်း ဘယ်သိပါ့မလဲ"

လင်းလက်က အညောင်းဆန့်ရင်း ခပ်ပေါ့ပေါ့ပြန်ဖြေ၏။ ချစ်သက်နွယ်က ကုတင်ခြေရင်းဆီသို့လျှောက်သွားပြီး ဟိုဟိုသည်သည် လှမ်းကြည့်လိုက်ရာ . . .

"ဟင်"

လင်းလက်ကြယ်က သူ့ညီမရပ်ကြည့်နေရာဆီသို့ မျက်စိကစားလိုက်သည်။ သူငယ်တော်တောနောကား တံခါးဝတွင်ရပ်လျက် သူတို့ကို ပါးစပ်ဖြဲကာကြည့်နေ၏။ သူ၏သစ်သားခြေထောက်တစ်ဖက်က အတွင်းသို့ ခပ်ယိုင်ယိုင်ခွင်နေသည်။

ချစ်သက်နွယ်က ပါးစပ်အဟောင်းသားဖြင့် အံ့ဩတုန်လှုပ်နေသည်။

တောနော၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည်ကား မနေ့ညက မှန်တင်ခုံပေါ်တွင်တင်ထားခဲ့သော ပိုးချိတ်လုံချည်နှင့် ရင်ဖုံးအင်္ကျီလက်စက။

ချစ်သက်နွယ်က သစ်သားရုပ်ဆီသို့ သုတ်သီးသုတ်ပြာလျှောက်သွားပြီး ကြည့်လိုက်သည်။

တကယ်တော့ တောနောက သူ့အလိုလို မတ်တတ်ရပ်နေခြင်းမဟုတ်ချေ။ သူမ၏ရုပ်သေးကြိုးများကို တံခါးလက်ကိုင်ဘုမှာ ချည်ထားခြင်းဖြစ်၏။

ချစ်သက်နွယ်က တောနောကို တံခါးလက်ကိုင်ဘုမှဖြုန်းဖြုတ်ပြီး အပေါ်မှပတ်ထားသည့် အင်္ကျီနှင့်လုံချည်တို့ကိုဖြည်ရင်း . . .

"ဒီမှာကြည့်စမ်း၊ ငါ့အဝတ်အစားတွေ အကုန်လုံးနွမ်းနေ့တော

www.burmeseclassic.com

www.burmeseclassic.com



ကုန်ပြီ၊ နင် သိပ်အကျင့်ယုတ်တာပဲ လင်းလက်''

''ဘာ. . . ငါလုပ်တာမှမဟုတ်တာ၊ တစ်ညလုံး ငါ ကုလား သေကုလားမောအိပ်နေတာ နင်လည်းအသိပဲ၊ နင်ကန္တီးမှ ငါအိပ်ရာ ကနိုးတာ၊ ဘုရားစူး''

လင်းလက်က ယတိပြတ်ငြင်းလိုက်သောကြောင့် ဆက်ပြော စရာစကားလုံးမရှိတော့သလို ဖြစ်သွားသည်။ ထို့ကြောင့် ချစ်သက် နွယ်က သူငယ်တော်ငတာနောအရုပ်ကိုကြည့်ကာ . . .

''ဟဲ့. . . တောနော နင်တော်တော်ရှုပ်ပါလားဟင်၊ ငါ့အဝတ် တွေကိုယူဝတ်ပြီး တံခါးဝမှာ နင့်ဘာသာနင်သွားရပ်နေတာပေါ့ ဟုတ် လား''

ဟု လင်းလက်ကြားအောင် တမင်ခနဲ့တဲ့တဲ့ပြောလိုက်၏။ လင်းလက်က တစ်စုံတစ်ရာပြန်ပြောဖို့ ပါးစပ်ပြင်နေစဉ်မှာပင် . . .

''သမီးတို့ရေ. . . ခုထိ ဆင်းမလာကြသေးဘူးလား။ ကျောင်း နောက်ကျနေဦးမယ်နော်''

မိခင်ဖြစ်သူ၏လှမ်းခေါ်သံကို ကြားရ၏။

''လာပြီ မေမေ''

ချစ်သက်နွယ်က ပြန်ပြီးအသံပေးလိုက်သည်။ ထို့နောက် တောနောကို သူမ၏ကုတင်ပေါ်သို့ ပက်လက်ကလေးဖြစ်နေအောင် တင်ထားလိုက်၏။ အဲသည်အချိန်မှာပင် လင်းလက်က သူ့ညီမထက် အရင်ဦးအောင် ရေချိုးခန်းကိုသုံးဖို့ လှစ်ကနဲပြေးဝင်သွားပြီး တံခါး ပိတ်လိုက်လေတော့၏။

ချစ်သက်နွယ်ကတော့ သက်ပြင်းကိုအသာချလိုက်၏။ သူမ က တောနောကိုငုံ့ကြည့်ရင်း . . .

''ငါလည်း နင့်ကိုအဝတ်မဝတ်ပေးဘူး။ လင်းလက်ကလည်း သူမလုပ်ဘူးလို့ပြောတယ်၊ ဒါဆိုရင် ဘယ်သူလုပ်တာလဲဟင်''



အဲသည်မေးခွန်းအတွက်အဖြေကို ဘယ်တော့မှသိရမလဲ မပြောတတ်ပါ။

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

''အရုပ်ရဲ့ခေါင်းကို ရှေ့နားနည်းနည်းငိုက်နေအောင် ကြိုးကို လျှော့ပေးထားရတယ်ဟ၊ အဲ . . . ဟုတ်ပြီ . . . ဟုတ်ပြီ အဲ့ဒီလိုမျိုး ဒါမှ ကြိုးကို လျှော့လိုက်တင်းလိုက်လုပ်တဲ့အခါ အရုပ်ရဲ့ခေါင်းက ရှေ့နောက်ယမ်းသွားပြီး ခွက်ထိုးခွက်လန်ရယ်နေတဲ့ပုံမျိုး ဖြစ်တော့မပေါ့''

လင်းလက်က ရုပ်သေးကြိုးကိုင်ပုံကိုင်နည်း သင်ပေးနေသည်ကို ချစ်သက်နွယ်က အသေအချာနားထောင်ပြီး လိုက်လုပ်ကြည့်၏။ သိပ်တော့မဆိုးလှ။ အနည်းငယ် ကျင့်သားရစပြုလာသည်။ လင်းလက်က . . .

''ပါးစပ်ကို အရမ်းမလှုပ်နဲ့လေဟ''

သူတို့ညီအစ်မနှစ်ဦးကိုကြည့်နေသော မိုးသန္တာက . . .

''နင်တို့ညီအစ်မနှစ်ယောက်စလုံး ရူးများရူးသွားကြပြီလား မပြောတတ်ပါဘူး''



''ရုပ်သေးကိုမကခိုင်းဘဲ နင်တို့ကိုယ်တိုင်ပဲ ကကြပါလား ဟင်၊ အဲဒါဆိုရင် ပိုရယ်ရမယ်ထင်တယ်''

ဟု မိုးကျော်က ဝင်ပြောလိုက်၏။

သူတို့လေးယောက်စလုံး အိမ်နောက်ဖေးကွက်လပ်ထဲရှိ သစ်ဆီမွှေးပင်ကြီးအောက်တွင် ထိုင်နေကြခြင်းဖြစ်သည်။ ညနေအစောပိုင်း၏ အပူချိန်သည် သိသိသာသာမလျော့ပါးသွားသေး။ စနေနေ့ဖြစ်သောကြောင့် ပို၍ ပျင်းရိငြီးငွေ့ဖွယ်ကောင်းနေ၏။ တိမ်တွေပင်လျှင် လေးတွဲ့စွာရွေ့လျားနေကြသည်။

ချစ်သက်နွယ်ကတော့ ကျန်သုံးယောက်ကို ဂရုမစိုက်ဘဲ ရုပ်သေးကြိုးထိန်းသည့် ဒလက်နှစ်ခုကို ဘယ်ညာကိုင်ကာလေ့ကျင့်နေသည်။ လင်းလက်ကြယ်ကတော့ 'အကူအညီပေးသည်' ဟူသောခေါင်းစဉ်ဖြင့် ဘေးမှဝင်ပြီး တတွတ်တွတ်ဆရာလုပ်နေ၏။

မိုးသန္တာက နေကြာစေ့တစ်ထုပ်ကို ဖောက်ကာဝါးရင်း . . .

''ကျောင်းမှာ ငါတို့မေဂျာတစ်ခုလုံးက အတန်းသားတွေက နင်တို့နှစ်ယောက်ကို ကြောင်တွေလို့ပြောကုန်ကြပြီဟ''

''ပြောပစေပေါ့၊ ဘယ်သူ့ကိုဂရုစိုက်ရမှာလဲ''

ချစ်သက်နွယ်ကလည်း အသံစူးစူးဖြစ်အောင် လည်ချောင်းသံကိုညှစ်ကာ . . .

''လူတွေအားလုံးဟာ တစ်ယောက်တစ်မျိုး ရူးနေကြတာချည်းပါပဲ''

ဟု တောနောကပြောလေဟန်ဖြင့် ရေရွတ်လိုက်၏။

''အရုပ်ကပြောတာနဲ့လည်း မတူဘူး၊ နင့်ပါးစပ်တွေလှုပ်နေတာက သိသာတယ်''

ဟု လင်းလက်ကြယ်က ဝေဖန်ပြန်၏။ ချစ်သက်နွယ်က . . .

''နင်ဝင်ဝင်ပြီး ဆရာလုပ်နေတာကလည်း ထစ်ခိုင်လုံးပါပဲ

www.burmeseclassic.com

www.burmeseclassic.com



လားဟာ၊ တောက်လျှောက်ကြီးလိုက်ပြောနေတော့ ကူညီတာနဲ့မတူဘဲ စိတ်ညစ်အောင် တမင်နှောင့်ယှက်နေတဲ့အတိုင်းပဲ''

မိုးသန္တာနှင့်ဖိုးကျော်တို့က ရယ်မောလိုက်ကြ၏။ သို့တိုင် လင်းလက်ကမလျှော့သေးဘဲ . . .

''အံမယ် . . . ငါက စေတနာနဲ့ပြောတာ၊ နင့်ပြက်လုံးတွေကလည်း ပျင်းခြောက်ခြောက်နဲ့၊ ဘယ်လိုလုပ်ပြီး ပရိသတ်ကိုဆွဲဆောင်နိုင်မှာလဲ''

ချစ်သက်နွယ်က ရုပ်သေးကြိုးများကိုသိမ်းပြီး တောနောကို သူမ၏ပေါင်ပေါ်သို့ တင်လိုက်၏။ ထို့နောက် ခပ်ညည်းညည်းဖြင့် . . .

''အေးဟာ . . . ရယ်စရာပြက်လုံးကောင်းကောင်းပါတဲ့ စာအုပ်ကလည်း ရှာလို့ကိုမရပါဘူး၊ လင်းလက် . . . နင်ကော ဘယ်စာအုပ်တွေ ဝယ်ဖတ်ထားတာလဲ''

သူမ၏အမေးစကားကြောင့် လင်းလက်က လှောင်ရယ်ရယ်လိုက်၏။ ထို့နောက် . . .

''ဘယ်စာအုပ်မှဝယ်မဖတ်ဘူး၊ ပြက်လုံးတွေက ငါ့ဘာသာငါ တီထွင်ထားတာ''

''ကဲဟယ် . . . နင်ကော နင့်အရုပ်လေက်ဝါးနဲ့ တစ်ကွက်နှစ်ကွက်လောက်လုပ်ပြစမ်းပါဦးဟာ''

ဟု မိုးသန္တာကဝင်ပြောသည်။ လင်းလက်က . . .

''ဆောရီးပဲ၊ ငါနဲ့လေက်ဝါးက ပညာရှင်အဆင့်ဖြစ်သွားပြီ၊ တကယ့်ပွဲကြီးလမ်းကြီးကျမှပဲ ကိုယ့်အရည်အချင်းကို ထုတ်ပြချင်တော့တယ်''

''လုပ်စမ်းပါဟာ၊ ငါတို့ချည်းပဲရှိတုန်း နင့်အစွမ်းလေးကြည့်ရအောင်''

ဖိုးကျော်ကလည်း ဝင်ပြော၏။ လင်းလက်က . . .



''လေက်ဝါးက အိပ်ခန်းထဲမှာဟာ၊ အပေါ်ထပ်အထိပြန်တက်ပြီး ယူနေရဦးမယ်၊ ကဲ . . . ကဲ . . . နင်တို့ ဒီလောက်တောင်ကြည့်ချင်ရင်လည်း တောနောနဲ့ပဲ အမြည်းသဘောလေးပြရသေးတာပေါ့''

ပြောပြောဆိုဆိုဖြင့် ချစ်သက်နွယ်၏ပေါင်ပေါ်တွင်တင်ထားသော အရုပ်ကို ဆတ်ကနဲဆွဲယူပြီး မြှောက်ကိုင်လိုက်သည်။ ထို့နောက် . . .

''အရုပ်ကို ဒီလိုတည့်တည့်ကိုင်ရတယ်ဟာ၊ ပြီးတော့ ညာဘက်လက်က . . . ''

''လင်းလက် . . . ငါ့အရုပ်ပြန်ပေးစမ်း''

ချစ်သက်နွယ်က စိတ်ဆိုးမာန်ဆိုးဖြင့် အရုပ်ကိုပြန်တောင်းသည်။ သို့သော် လင်းလက်က ဂရုမစိုက်ဘဲ . . .

''ညာဘက်လက်ရဲ့လက်မက အရုပ်ရဲ့အောက်နှုတ်ခမ်းနဲ့ဆက်ထားတဲ့ကြိုးကို အသာလျှိုပြီး မထားရတယ်၊ ဒါမှ လက်မကို နှိမ့်လိုက်မြင့်လိုက်လုပ်တဲ့အခါ ရုပ်သေးရုပ်ရဲ့ပါးစပ်က ဖွင့်ချည်ပိတ်ချည်ဖြစ်နေမှာ၊ ဒီတော့ . . . ''

''လင်းလက် . . . ငါ့အရုပ်ပြန်ပေးလို့ပြောနေတယ်နော်''

ချစ်သက်နွယ်က ဒေါသတကြီးအော်ရင်း အရုပ်ကိုပြန်လုရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် လင်းလက်ကြယ်၏လက်ထဲမှ တောနောက ချစ်သက်နွယ်ဘက်သို့လှည့်ပြီး . . .

''ရိုင်းလှချည်လား၊ ဒုက္ခရောက်သွားမယ်၊ ဘာမှတ်သလဲ''

ဟု အသံစူးစူးဖြင့်ပြောသည်။ ချစ်သက်နွယ်က . . .

''လှည့်ကွက်တွေလုပ်မနေနဲ့ လင်းလက်၊ နင်ပြောနေမှန်း ငါသိတယ်၊ ငါ့အရုပ်ပြန်ပေး''

တောနောက စူးစူးစိုက်စိုက်ကြည့်လျက် . . .

''ငါကျိန်စာတိုက်လိုက်ရင် နင်ဒုက္ခရောက်သွားမယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



''လင်းလက် . . . နင် တိတ်စမ်း၊ မပြောနဲ့တော့''

တောနောက ထပ်၍ . . .

''နင်သေချင်းဆိုးနဲ့သေရမယ်၊ သေချင်းဆိုးနဲ့သေရမယ်''

ချစ်သက်နွယ်က . . .

''လင်းလက်. . . တိတ်စမ်းလို့ငါပြောနေ. . . ''

စကားမဆုံးခင် လင်းလက်၏မျက်နှာကိုလှမ်းကြည့်မိပြီး ကြက်သေသေသွားသည်။ လင်းလက်၏မျက်နှာတစ်ခုလုံးက သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ အလွန်ထိတ်လန့် ကြောက်ရွံ့နေ၏။

လင်းလက်က အားကိုးရာမဲ့စွာပြန်ကြည့်ရင်း တုန်ယင်နေသောအသံဖြင့် . . .

''ငါ. . . ငါ ပြောတာမဟုတ်ဘူး။ အရုပ်က သူ့အလိုလိုပြောနေတာ''

■

BURMESE CLASSIC .com

# အခန်း (၉)

တောနောက ကြောက်စရာကောင်းသောအပြုံးဖြင့် ချစ်သက်နွယ်ကိုစိုက်ကြည့်နေ၏။

လင်းလက်ကြယ်ကတော့ အသံတင်မက တစ်ကိုယ်လုံးတုန်ယင်ကာ . . .

''ငါကြောက်တယ်. . . ငါကြောက်တယ်. . . ရော့. . . ရော့. . . နင့်အရုပ်နင်ပြန်ယူ''

ဟုပြောကာ တောနောကို ချစ်သက်နွယ်၏လက်ထဲသို့ အတင်းထိုးပေးနေ၏။

ဖိုးကျော်ကလည်း နားလည်ရခက်စွာဖြင့် လင်းလက်နှင့် ချစ်သက်နွယ်ကို တစ်လှည့်စီကြည့်ရင်း . . .

''ဒါကကော ပြက်လုံးပဲလားဟင်၊ ငါတို့က ဘာလုပ်ရမှာလဲ ရယ်ရမှာလား''

www.burmeseclassic.com

www.burmeseclassic.com



ချစ်သက်နွယ်ကလည်း အံ့အားသင့်ကာ ကြောင်တောင်တောင် ဖြစ်နေသည်။ တကယ်ပဲလား။ ဒါမှမဟုတ် လင်းလက်က နောက် ပြောင်နေတာလား။ မတော်လို့ သူ့လှည့်ကွက်ထဲဝင်သွားပြီး အဟားခံ ရမယ်ဆိုရင်. . .

သူမ၏အတွေးတွေက လုံးထွေးရှုပ်ယှက်ခတ်နေသည်။

လင်းလက်ကတော့ မျက်စိပျက်မျက်နှာပျက်ဖြင့် ရုပ်သေးရုပ် ကို ချစ်သက်နွယ်ဆီသို့ ပစ်ပေးလိုက်ရင်း . . .

"ငါ. . . ငါ. . . သွားတော့မယ်နော်၊ ဖိုးသားမွေးနေ့ပွဲက အချိန်နီးနေပြီ"

အမောတကောပြောရင်း အိမ်ဆီသို့ ခပ်သုတ်သုတ် ပြေး ထွက်သွားလေသည်။

"ဟေ့. . . လင်းလက် နေဦးလေ"

ချစ်သက်နွယ်ကလှမ်းခေါ်သော်လည်း ပြန်လှည့်မကြည့်တော့။ အိမ်နောက်ဖေးတံခါး ဝုန်းကနဲပိတ်သွားသည်ကိုသာ မြင်ရတော့သည်။

●

လင်းလက်ကြွယ်ထွက်သွားရာဆီသို့ မျက်စိတစ်ဆုံး လှမ်း မျှော်ကြည့်ရင်း ချစ်သက်နွယ်တစ်ယောက် ငေးငိုင်နေမိသည်။

ထိုစဉ် သူ့လက်ထဲမှ တောနေအရုပ်၏ စကားပြောသံကို မမျှော်လင့်ဘဲကြားလိုက်ရလေသည်။

"ဟိုတစ်ယောက်ကတော့ ငါ့ကိုကြောက်ပြီး ထွက်ပြေးသွား ပြီ၊ ဘာလဲ နင်ကကော ငါ့ကိုမကြောက်ဘူးလား"

တောနေ၏စကားသံကြောင့် ချစ်သက်နွယ်က လန့်ပြီး အရုပ်ကို မြေပြင်ပေါ် ဘုတ်ကနဲလွှတ်ချလိုက်မိ၏။



ဟင်. . . အရုပ်ကစကားပြောတယ်၊ ဒီ. . . ဒီအရုပ် အသက် ဝင်နေတယ်ဆိုတာ တကယ်ပဲလား။

ထိုအတွေးဖြင့် သူမတစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ထိုသည့်အခိုက်အတန့်မှာပင် သူမ၏နောက်ကျောဘက်ဆီမှ နွေးထွေး သောရယ်သံတစ်ခုကို ကြားလိုက်ရ၏။

ချစ်သက်နွယ်က ချာကနဲလှည့်ကြည့်လိုက်သည်။ ပွင့်အရိုက် ပင်တန်း၏ ဟိုဘက်ခြမ်းတွင်ရပ်နေသော ခရမ်းရင့်ရောင်ဝတ်စုံနှင့် အသက်(၃၅)နှစ်အရွယ် အမျိုးသမီးကို မြင်လိုက်ရသည်။

ထိုအမျိုးသမီးက ရယ်မောရင်း နှုတ်ခမ်းကိုစေ့ကာ အသံ တုဖြင့် . . .

"မင်း. . . သိပ်ကြောက်သွားတယ်မဟုတ်လား၊ ငါ့ကို အခု ချက်ချင်း မြေကြီးပေါ်ကထူပေးစမ်း"

သူမ၏စကားကြောင့် ချစ်သက်နွယ်က မြေကြီးပေါ်ကအရုပ် ကိုတစ်လှည့် ထိုအမျိုးသမီးကိုတစ်လှည့်ကြည့်ရင်း တအံ့တဩဖြင့်. . .

"ဟင်. . . ဒါဆို စောစောကပြောနေတာ အန်တီပေါ့နော်"

"အေးပေါ့. . . သမီးရဲ့၊ သမီးက ဘယ်လိုထင်လို့လဲ"

"အောင်မယ်လေး. . . သမီးကဖြင့် အရုပ်က တကယ်စကား ပြောတယ်ထင်ပြီး လန့်သွားတာပဲ"

ထိုအမျိုးသမီးက လှိုက်လှိုက်လှဲလှဲရယ်ရင်း . . .

"အရုပ်က ဘယ်လိုလုပ်ပြီး စကားပြောတတ်မှာလဲ သမီး ရဲ့၊ လူစင်စစ်က အရုပ်ဖြစ်နေရင်တော့ ပြောချင်ပြောတတ်မလား ဆို နိုင်ဘူး၊ ဘာလဲ သမီးက ရုပ်သေးကို ဝါသနာပါလို့လား။ ကဲ. . . လာ အန်တီတို့ခြံဘက်ကို ကူးခဲ့ပါဦး"

နွေးထွေးသောဖိတ်ခေါ်စကားကြောင့် ချစ်သက်နွယ်တ ပွင့်အရိုက်ပင်တန်းကြားကဖြတ်ပြီး တစ်ဘက်ခြံသို့ ကူးသွားလိုက်လေ

www.burmeseclassic.com



ထိုအမျိုးသမီးက . . .

''အန်တီ့နာမည်က ဒေါ်အိရွှေစင်တဲ့ သမီးရဲ့၊ အန်တီ့ခင်ပွန်းနာမည်ကတော့ ဦးရဲမြင့်လို့ခေါ်တယ်၊ သူ့ခများတော့ မကျန်းမာတာနဲ့ လမ်းတောင်မလျှောက်နိုင်ရှာဘူး''

''ဟုတ်. . . ဟုတ်ကဲ့၊ သမီးနာမည်က ချစ်သက်နွယ်ပါ အန်တီ၊ စောစောကထွက်သွားတဲ့ တစ်ယောက်ကတော့ လင်းလက်ကြယ်တဲ့၊ သမီးနဲ့ အမြွှာညီအစ်မပေါ့''

''အေးကွယ်၊ အန်တီတို့လည်း ပြောင်းကာရွှေ့ကာစမို့ အလုပ်များနေတာနဲ့ အိမ်နီးနားချင်းတွေနဲ့တောင် မိတ်မဖွဲ့အားသေးဘူး၊ အိမ်တက်ဆွမ်းကျွေးလုပ်တော့မှပဲ အားလုံးကို တစ်ခါတည်းဖိတ်ပြီး ရပ်ဆွေရပ်မျိုးဖွဲ့မယ်လို့ စဉ်းစားထားတာပဲ၊ ကဲ. . . လာလာ သမီး အိမ်ထဲကိုသွားရအောင်''

အိမ်ထဲသို့ဝင်မိသည့်အခိုက်တွင် ဖါဖါ့ကိုများတွေ့ရမလားဟု အကြည့်ဖြင့်ရှာမိသေးသည်။

ဒေါ်အိရွှေစင်၏ ခေါ်ဆောင်ရာနောက်သို့လိုက်ရင်း. . .

''ဟင်. . . ဟောဒီမှာ ရုပ်သေးရုပ်တွေ အများကြီးပါလား အန်တီ''

နံရံတွင် လူတစ်ရပ်ကျော်ခန့်မြင့်သော စင်ကြီးတွေ အစီအရီဖြင့် ရုပ်သေးရုပ်ပေါင်း တစ်ရာကျော်ခန့် ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသောကြောင့် ချစ်သက်နွယ်က တအံ့တသြမေးလိုက်၏။

ဒေါ်အိရွှေစင်က ပဟေဠိဆန်စွာပြုံးရင်း . . .

''ဘာလဲ. . . သမီးက အံ့သြနေပြီလား''

''ဒီ. . . ဒီအရုပ်တွေက အလှချိတ်တာလားဟင်''

ဒေါ်အိရွှေစင်က သူမ၏အမေးကိုပြန်မဖြေဘဲ စင်တွင် ချိတ်ထားသောရုပ်သေးရုပ်များထဲမှ မင်းသမီးရုပ်တစ်ရုပ်ကို ဖြုတ်ယူလိုက်သည်။ ထို့နောက် ကျကျနနကိုင်ကာ . . .



''တမေခင် ရွှေသဇင်နှစ်ခိုင်စိုက်ပါလို့ ချဗျာဆံကေသီ ဝိုက်ကာယ်နှင့် သေလိုက်မယ် ရွှေလည်ရိုးကိုလ ကြိုးသိုင်းကာဆိုင်း''

ရှေးခေတ်ကပေါ်ခဲ့သော ငိုချင်းတစ်ပုဒ်ကို ကျကျနနသီဆိုရင်း သုပ်ပစ္စာကပြလေသည်။

ချစ်သက်နွယ်ကတော့ ပါးစပ်အဟောင်းသားဖြင့် တအံ့တသြငေးကြည့်နေမိသည်။

''ဟင်. . . အန်တီ ရုပ်သေးကြိုးဆွဲတတ်တယ်ဟုတ်လား၊ အကယ့်ပညာရှင်တစ်ယောက်အတိုင်းပဲနော်''

''တတ်တာပေါ့ သမီးရဲ့၊ အန်တီရဲ့အဘိုးက ရုပ်သေးပညာရှင်ကြီးပဲ၊ အန်တီ(၁၂)နှစ်အရွယ်လောက်ကတည်းက အဘိုးနဲ့အတူလိုက်ပြီး နိုင်ငံခြားသားတွေကို ဖျော်ဖြေရသေးတယ်။ ဘာလဲ သမီးက သင်ချင်လို့လား''

''တကယ်ပြောတာလားဟင်၊ အန်တီ တကယ်သင်ပေးမှာလား''

ဒေါ်အိရွှေစင်က ချစ်သက်နွယ်၏ဆံပင်များကို ဖွဖွပွတ်သပ်ရင်း . . .

''တကယ်ပေါ့သမီးရဲ့၊ အန်တီတို့အိမ်ကို မကြာမကြာ လာလည်နော် သမီး၊ ဒီနေ့ သမီးကို လက်အနေအထား ယူပုံယူနည်းကပြီး အခြေခံလေးတွေ သင်ပေးလိုက်မယ်၊ ဟုတ်ပြီလား''

သူမ၏ကတိစကားကြောင့် ချစ်သက်နွယ်က ဝမ်းသာစွာဖြင့်. . .

''လာမှာပေါ့ အန်တီရဲ့၊ ဖါဖါလည်း အဖော်ရတာပေါ့''

''ဟင်. . . ဘယ်လို၊ သမီးက ဖါဖါနဲ့ ဘယ်တုန်းကတည်းကသိတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"မကြာသေးပါဘူး အန်တီရဲ့ ဟိုတစ်နေ့ကမှသိတာပါ။ သမီး တစ်ယောက်တည်း ခြံထဲမှာရှိနေတုန်း သူက ဒီဘက်ခြံကနေ စကား လာပြောတာနဲ့ သူငယ်ချင်းဖြစ်သွားကြတာ"

သူမ၏အဖြေကြောင့် ဒေါ်အိရွှေစင်၏မျက်နှာက ကွက်ကနဲ ပျက်သွားပြီး . . .

"ဪ. . . အေး. . . အေး"

ဟု ဝတ်ကျေတန်းကျေလေသံဖြင့် ရေရွတ်သည်။

ချစ်သက်နွယ်၏စိတ်ထဲတွင် ထင့်ကနဲဖြစ်သွား၏။ ငါပြောတာ မှားများမှားသွားပြီလားဟု တွေးမိသည်။ ကြည့်ရသည်မှာ ဝါဝါနှင့် မိထွေးဖြစ်သော ဒေါ်အိရွှေစင်တို့ တစ်ယောက်နဲ့တစ်ယောက် တည့် ကြဟန်မတူချေ။

နောက်ဆို ငါ စကားအပြောအဆို ဆင်ခြင်မှဖြစ်တော့မယ် ဟု ချစ်သက်နွယ်ကတွေးလိုက်၏။ သူမထင်ထားသည့်အတိုင်းပင်။ ဒေါ်အိရွှေစင်၏ဆက်ဆံပုံက အနည်းငယ်အေးစက်သွားပြီး . . .

"ကဲ. . . ကဲ. . . သမီး အိမ်ပြန်လိုက်ဦး၊ နောက်နေ့မှ အေးအေးဆေးဆေး စသင်ကြတာပေါ့။ အခုတော့ အန်တီလည်း အန်တီ့ ခင်ပွန်းကို ဆေးတိုက်ရဦးမယ်"

စောစောကလေးတင် အခုပဲ ရုပ်သေးကြိုးဆွဲပုံအခြေခံကို သင်ပေးတော့မလိုပြောပြီး ယခုတော့ စကားအလိမ္မာသုံးကာ ပြန်ဖို့ နှင်နေလေပြီ။

ချစ်သက်နွယ်က သူ့အမှားအတွက် စိတ်မကောင်းဖြစ်သွား ပြီး . . .

"ဟုတ်ကဲ့. . . သမီးပြန်လိုက်ဦးမယ် အန်တီ၊ နောက်မှပဲ လာခဲ့တော့မယ်နော်"

"နေဦး. . . နေဦး. . . သမီး အန်တီ့ခင်ပွန်းကို နှုတ်ဆက်



သွားလိုက်ဦး"

ဒေါ်အိရွှေစင်က ပြောပြောဆိုဆိုနှင့် ဝရန်တာအနီးတွင်ရှိ သော အခန်းတစ်ခုထဲသို့ဝင်သွား၏။

ခဏကြာသော် အပြန်အလှန်စကားပြောနေသံများကို ကြား ပြီးနောက် ဒေါ်အိရွှေစင်က ဘီးတပ်ကုလားထိုင်လေးကိုတွန်းကာ ထွက်လာသည်။ ကုလားထိုင်ပေါ်တွင်တော့ ဦးရဲမြင့်က မလှုပ်မယှက် ပါလာ၏။

သူ့ပုံစံက အပြင်သို့ သိပ်ထွက်ချင်ပုံမရ။ ချစ်သက်နွယ်ကို လှမ်းကြည့်သည့်မျက်လုံးများကလည်း လူသေတစ်ယောက်၏မျက်လုံး များ ကြည့်နေလျက်နှင့် မမြင်သည့်အလား။

ဦးရဲမြင့်၏အသားအရေတွေကလည်း မဲကြုတ်သွေ့ခြောက် နေသည်။ ဒေါ်အိရွှေစင်က သူတွန်းလာသော ဘီးတပ်ကုလားထိုင်ကို အခန်းဝမှာပင်ရပ်ပြီး ဦးရဲမြင့်နားနားသို့ကပ်ကာ . . .

"အစ်ကိုကြီး ဒီသမီးလေးက ဟိုဘက်အိမ်ကလေ ချစ်သက် နွယ်တဲ့၊ အစ်ကိုကြီးသမီး ဝါဝါနဲ့လည်း သူငယ်ချင်းပေါ့"

"ဪ. . . အေး. . . အေး"

ဦးရဲမြင့်က သူ့နှုတ်ခမ်းတွေကို အသက်မပါသလိုလှုပ်ရင်း ပြန်ပြောသည်။

ချစ်သက်နွယ်က ခပ်လှမ်းလှမ်းမှပင် . . .

"ဟုတ်ကဲ့. . . အန်ကယ်ကြီး သမီးပြန်လိုက်ပါဦးမယ်ရှင့်"

"အေး. . . အေး . . . သမီး ဖြည်းဖြည်းသွားနော်"

ဦးရဲမြင့်၏စကားအဆုံးတွင် ချစ်သက်နွယ်က လှေကား အတိုင်း အပြေးကလေးဆင်းလာခဲ့တော့သည်။

ခြံဝင်းထဲသို့အရောက်တွင် ဟိုးအပေါ်ဆုံးထပ်ဆီသို့ ပြန် မော့ကြည့်လိုက်သောအခါ ဝရန်တာတွင်ရောက်နေပြီဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အနိကယ်ဦးရဲမြင့်နှင့် ဒေါ်အိရွှေစင်တို့ကို မြင်ရသည်။

ချစ်သက်နွယ်က သူတို့နှစ်ယောက်ကို လက်လှမ်းပြလိုက်သောအခါ အနိကယ်ဦးရဲမြင့်က သူ၏လက်ကိုမြှောက်ပြီး လှုပ်ယမ်းပြသည်။

ထိုတစ်ခဏမှာပင် ချစ်သက်နွယ်က ကျောထဲတွင် စိမ့်ကနဲဖြစ်ကာ ကြောက်ရွံ့သွားမိ၏။ သူမကို နှုတ်ဆက်လိုက်သော ဦးရဲမြင့်၏အသံကို ပြန်လည်ကြားယောင်မိသောကြောင့် ဖြစ်သည်။

ထိုအသံကို သူမ မှတ်မိသလိုလိုရှိနေရာမှ ယခု သဲသဲကွဲကွဲ ပြန်သတိရသွားခြင်းကြောင့် ဖြစ်သည်။

ဦးရဲမြင့်၏အသံသည် တောနော၏အသံနှင့် တစ်ထပ်တည်း တူညီနေခြင်းဖြစ်လေသည်။

●

ဒန်းက ရှေ့နောက်မှန်မှန်လွှဲယမ်းနေသည်။ ချစ်သက်နွယ်က တငြိမ့်ငြိမ့်စီးရင်း ကျွိကနဲ ကျွိကနဲမြည်သွားသော ဒန်းမှကြိုးလွှဲသံကို ဂီတသံစဉ်တစ်ခုလို နားထောင်နေမိသည်။

မိုးစုန်းစုန်းချုပ်တော့မည်။

လမ်းမီးတွေ တစ်ပွင့်ပြီးတစ်ပွင့်လင်းလာသည်ကို မြင်ရ၏။

လွှဲလိုက်သောဒန်းက မြေကြီးနှင့် နီးကပ်စွာပြန်နိမ့်ကျလာသည့်အခါတိုင်း ခွေးကလေးဂျက်ကီက ချစ်သက်နွယ်၏ခြေထောက်နှင့် ပွတ်သီးပွတ်သပ်လုပ်ရန် ပြေးပြေးဝင်လာတတ်၏။

အနေးနှင့်အမြန်ဆိုသလို ဂျက်ကီ၏ခေါင်းကို တိုက်မိမှာ သေချာသောကြောင့် ချစ်သက်နွယ်က ဒန်းကိုအရှိန်သတ်ပြီး ဆင်းလိုက်သည်။



"ဟဲ့... ဂျက်ကီ ခက်တော့တာပဲ... ဖယ်... ဖယ်"

ထိုစဉ် ကားလမ်းပေါ်မှနေ၍ အိမ်ရှေ့အဝင်လမ်းဆီသို့ ချိုးကွေ့ကာလျှောက်လာသော လင်းလက်ကိုလှမ်းမြင်ရသည်။ လေက်ဝါးကို ရင်ခွင်ထဲမှာပွေ့ထားပြီး ပြုံးပြုံးကြီးလျှောက်လာပုံက အောင်ပွဲခံလာသော လူတစ်ယောက်အသွင်အပြင်မျှန်း သိသာလှသည်။

ချစ်သက်နွယ်က ဝတ်ကျေတန်းကျေလှမ်းမေးလိုက်သည်။

"ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

"ဟား... ဘယ့်နှယ့်မေးလိုက်တာလဲ၊ အရမ်းကိုအဆင်ပြေတာပေါ့"

ပြန်ဖြေပုံက နားကလောစရာတော့ကောင်းသည်။ သို့သော် ချစ်သက်နွယ်က ဖျစ်ညှစ်၍ပြုံးပြလိုက်သည်။ လင်းလက်က ...

"ကလေးတွေဆိုတာ ငါ့အနားမှာအုံနေတာပဲ၊ ပွဲကြိုက်ခင်သီချင်းကို ရယ်စရာစာသားတွေပြောင်းပြီး ဆိုပြလိုက်တော့ လက်ခုပ်တီးလိုက်ကြတာ တဖျောင်းဖျောင်းနဲ့၊ ဖိုးသားနဲ့ဖိုးခွားဆိုရင် ရယ်လိုက်ကြတာ ကြမ်းပေါ်မှာလိမ့်နေတာပဲ"

အမှန်အတိုင်းဝန်ခံရလျှင် ချစ်သက်နွယ်၏စိတ်ထဲတွင် မနာလိုဖြစ်မိသည်။ လင်းလက်ကတော့ အူမြူးနေသည့်အသံဖြင့်...

"ကလေးတွေဆိုတာ လေက်ဝါးကို သဘောကျလွန်းလို့ တစ်ယောက်တစ်လှည့်တောင် လာကိုင်ကြည့်ကြတယ်၊ ဟုတ်တယ်နော် လေက်ဝါး"

"သိပ်ဟုတ်တာပေါ့၊ ကျွန်တော့အတွက်လည်း ညကြေးပေးဖို့ မမေ့မနေနဲ့ဦးနော်"

လေက်ဝါးကပြောသည့်အသံမျိုးဖြင့် ပြောလိုက်ပြီးနောက် သူမ၏ပင်ကိုယ်အသံဖြင့် ...

"အေး... အေး... ပေးမယ်၊ နင့်အတွက်က နှင်းသော်င်း

www.burmeseclassic.com

www.burmeseclassic.com



ငါ့အတွက်က ငါးထောင်ပေါ့''

''ဟင်. . . ဒါဆို နင်က ခုနစ်ထောင်တောင်ရခဲ့တယ်ပေါ့ ဟုတ်လား''

ဟု ချစ်သက်နွယ်က မေးလိုက်သည်။ လင်းလက်က. . .

''အေး. . . ဟုတ်တယ်၊ အစက ငါးထောင်လို့ပြောထား ပေမယ့် အန်ကယ်ဦးတင်အောင်က သဘောကျလို့ဆိုပြီး မုန့်ဖိုးနှစ် ထောင် သပ်သပ်ပေးလိုက်သေးတယ်၊ ဩော်. . . ဒါနဲ့ ဈေးထဲမှာ အထည်ရောင်းတဲ့အန်တီပြုံးကို နင်သိတယ်မဟုတ်လား၊ သူကလည်း ရှေ့အပတ် တနင်္ဂနွေကျရင် သူ့သမီးလေး 'ပုတု'ရဲ့ မွေးနေ့လုပ်မှာ တဲ့၊ ငါ့ကို အတင်းဖိတ်နေတယ်၊ မုန့်ဖိုးလည်း တစ်သောင်းပေးပါ့မယ် တဲ့''

''တစ်သောင်းတောင်ဟုတ်လား''

''အေး. . . ဟုတ်တယ်ဟ၊ မေမေ့ကို သွားပြီးကြွားလိုက်ဦး မယ်''

သူတို့နှစ်ဦးသား အိမ်ဆီသို့လျှောက်လာခဲ့ကြသည်။ ဂျက်ကီ ကလည်း အမြီးကိုနှံ့ကာ သူတို့၏ခြေထောက်တွေကြားတွင် တိုးဝှေ့ပြီး လိုက်ပါလာ၏။

အိမ်တံခါးဝအရောက်တွင် ချစ်သက်နွယ်က တစ်စုံတစ်ခုကို သတိရသွားပြီး . . .

''ဩော်. . . စောစောကလေးတင် ငါတို့ကျောင်းကအဆောင် မှူး တီချယ်သီတာလာသွားသေးတယ်၊ ငါက တောနောနဲ့လေ့ကျင့်နေ တုန်း ဖြုန်းဆိုရောက်လာတာလေ၊ တီချယ်က ကျောင်းပိတ်ခါနီး အဆောင်မှာ ညစာစားပွဲလုပ်မလို့တဲ့''

''အဲဒါ ဘာဖြစ်လဲ''

လင်းလက်က ခပ်ဆတ်ဆတ်ပြန်မေးသည်။ ချစ်သက်နွယ် က မျက်နှာကို တစ်ဘက်သို့လွှဲထားရင်း . . .



''အဲဒါ တီချယ်က ညစာစားပွဲကျရင် ငါ့ကို ရုပ်သေးရုပ်နဲ့ ဖျော်ဖြေရေးအစီအစဉ်တစ်ခုခု ထည့်ပါလားလို့ပြောသွားတယ်။ အင်း ဒါ ငါ့အတွက် ပထမဦးဆုံးပွဲပေါ့လေ၊ ငါ အစွမ်းကုန်ကြိုးစားမယ်လို့ တီချယ့်ကို ကတိပေးလိုက်တယ် သိလား''

''ဘာ. . . နင်. . . နင်တကယ်ပြောနေတာလား''

လင်းလက်က မဲ့ပြုံးတစ်ချက်ပြုံးရင်း

''ကံကောင်းပါစေဟာ''

ဟု ဆုတောင်းပေးလိုက်သည်။ သူမက အိမ်ထဲသို့ ခြေနှစ်လှမ်း သုံးလှမ်းခန့်ဆက်လျှောက်သွားပြီးမှ ပြန်လှည့်ကာ ချစ်သက်နွယ်၏မျက် နှာကို စေ့စေ့ကြည့်ရင်း

''နင့် အရည်အချင်းနဲ့ဆိုရင်တော့ ကံကောင်းဖို့အရမ်းလို တယ်ဟ''

လင်းလက်ကြယ်၏ ရိသဲ့သဲ့စကားကြောင့် ဒေါ်အိရွှေစင်နှင့် တွေ့ခဲ့သည့်အကြောင်း ပြောမပြဖို့ ချစ်သက်နွယ်က ဆုံးဖြတ်လိုက်၏။ ဒေါ်အိရွှေစင်ကို ရုပ်သေးပညာရှင်တစ်ယောက်မှန်း လင်းလက် သိသွား လို့မဖြစ်ချေ။

တွေ့ကြသေးတာပေါ့ လင်းလက်ရယ်. . .၊ ငါ အန်တီအိရွှေစင် ဆီမှာ သေသေချာချာသင်ပြီးသွားတဲ့အခါကျတော့မှ နင်နဲ့ ဘယ်သူ သာသလဲဆိုတာ ကြည့်ကြရအောင်။

ချစ်သက်နွယ်က စိတ်ထဲမှကြိတ်ပြီး ကြုံးဝါးလိုက်၏။

●

ညစာ စားနေသည့်တစ်ချိန်လုံးတွင် လင်းလက်တယောက်ထဲ [illegible]

www.burmeseclassic.com



အကြောင်း တရစပ်ပြောနေရုံဖြင့် အားမရသေးဘဲ မန္တလေးသို့ရောက်နေသော ဖေဖေ့ထံမှ ဖုန်းဆက်လာသည့်အခါတွင်လည်း ဒီအကြောင်းကိုပင် မပြီးနိုင်မစီးနိုင် ထပ်ပြောပြန်သည်။

ချစ်သက်နွယ်ကလည်း အဆောင်ဒင်နာပွဲတွင် တောနောဖြင့် ဖျော်ဖြေရမည့်အကြောင်း ဖခင်ဖြစ်သူကို ဖုန်းထဲမှနေ၍ ပြောပြလိုက်၏။ ဖခင်ဖြစ်သူက ချစ်သက်နွယ်ကြိုးစားလျှင် သေချာပေါက်အောင်မြင်မည်ဟု ယုံကြည်ကြောင်းပြောရင်း မနက်ဖြန်မနက်လေယာဉ်ဖြင့် မန္တလေးမှ ပြန်ခဲ့မည်ဟု ကတိပေးသည်။ သူမ၏ အားထုတ်မှုအတွက် ဖခင်ဖြစ်သူ၏ အသိအမှတ်ပြုစကားကိုကြားရသည့်အခါ ချစ်သက်နွယ်ရင်ထဲမှာ ကြည်နူးမိသွားသည်။

ဟင့်အင်း. . . လင်းလက်လို ငွေတွေကြေးတွေရဖို့မလိုပါ။ ဖေဖေနှင့်မေမေ့ဆီမှ ဒီလိုအသိအမှတ်ပြု စကားလေးကြားရရင်ပဲ လုံလောက်ပါပြီလေ။

မေမေနှင့် နာရီဝက်ခန့် ထိုင်စကားပြောနေကြပြီးမှ ညီအစ်မနှစ်ယောက်စလုံး အပေါ်ထပ်အိပ်ခန်းရှိရာဆီသို့ တက်လာခဲ့ကြသည်။

ည(၉)နာရီထိုး သံချောင်းခေါက်သံကြားရသည်။

ချစ်သက်နွယ်က အခန်းထဲဝင်ဝင်လိုက်ချင်း ညာဘက်နံရံမှ မီးခလုတ်ကို စမ်း၍ဖွင့်လိုက်သည်။ လင်းလက်က သူမ၏နောက်မှ ကပ်လျက်လိုက်လာသည်။

သူတို့နှစ်ယောက်စလုံး အရုပ်တွေကိုတင်ထားခဲ့ရာ ကုလားထိုင်ဆီသို့ လှမ်းကြည့်လိုက်ကြပြီး ပြိုင်တူဆိုသလိုပင်

"ဟာ"

ယောင်ယမ်းအော်ဟစ်မိကြသည်အထိ အံ့အားသင့်သွားကြသည်။

"ဟင့်အင်း. . . ဟင့်အင်း ဒါမဖြစ်နိုင်ဘူး"



လင်းလက်က ကယောင်ကတမ်း ရေရွတ်လိုက်သည်။

ညစာမစားခင်က အရုပ်နှစ်ရုပ်စလုံးကို ကုလားထိုင်ပေါ်တွင် အစီအရီထိုင်လျက်ပုံစံအတိုင်း မှီထားခဲ့ကြ၏။

အခုတော့. . . အခုတော့။

လေက်ဝါးသည် ကြမ်းပြင်ပေါ်တွင် ဖောက်ထိုးလဲကျနေသည်။ ဒီနပ်တစ်ဖက်ကကျွတ်ကာ ခပ်ဝေးဝေးသို့ လွင့်နေသည်။ အင်္ကျီကလည်း ကိုယ်တစ်ပိုင်းခန့် ကျွတ်လုမတတ်ဖြစ်နေသည်။ လက်တွေက ကွေးကောက်ကာ ကျောနောက်သို့ရောက်နေ၏။

"ကြည့်စမ်း. . . တောနောကို ကြည့်စမ်း"

ချစ်သက်နွယ်က ကြောက်ကြောက်လန့်လန့်ဖြင့် အားယူပြီး ပြောလိုက်သော်လည်း စကားလုံးတွေကထွက်မလာ။ လည်ချောင်းဝမှာပင် တစ်ဆို့နေ၏။

ကြောက်မည်ဆိုလည်း ကြောက်စရာပင်. . .။

တောနောက လေက်ဝါး၏ကိုယ်ပေါ်မှ ခွစီးထား၏။ လက်နှစ်ချောင်းက သန်မာစွာတန်းနေပြီး လက်ဖဝါးတွေက လေက်ဝါး၏ လည်ပင်းပေါ်သို့ ဖိကိုင်ထား၏။

တောနောက လေက်ဝါးကို လည်ပင်းညှစ်သတ်နေလေသည် တကား။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''ဘာ. . . ဘာတွေဖြစ်ကုန်ကြတာလဲဟင်''

လင်းလက်က အော်ဟစ်ညည်းတွားလိုက်သည်။

ညီအစ်မ နှစ်ယောက်စလုံး အရုပ်များရှိရာဆီသို့ ပြေးသွားကြပြီး ချစ်သက်နွယ်က အပေါ်မှခွစီးလျက်ရှိသော တောနောက်ကိုဆွဲမလိုက်၏။ လင်းလက်ကလည်း လေက်ဝါးကို ကြမ်းပြင်ပေါ်မှကောက်ယူလိုက်သည်။

ချစ်သက်နွယ်က တောနောက်ကို သေသေချာချာကြည့်ရှုစစ်ဆေးလိုက်၏။ တောနောက ပါးစပ်အဖြဲသားရယ်လျက် သူမကို ပြန်စိုက်ကြည့်နေသည်ကလွဲ၍ ဘာမှမထူးခြားချေ။ သူမက တောနောက်ကို ကုတင်ပေါ်သို့ ပက်လက်တင်ထားလိုက်သည်။

လင်းလက်က လွင့်စင်ကျနေသော ဖိနပ်ကလေးကို ပြန်ကောက်ယူကာ လေက်ဝါး၏ ခြေထောက်တွင် ပြန်လည်၍ဝတ်ဆင်ပေးရင်း



''ချစ်သက်နွယ်. . . ဒါ နင်လုပ်တာမဟုတ်လား''

''ဘာ. . . ငါက ဘာဖြစ်လို့လုပ်ရမှာလဲ''

''ငါမသိဘူးများ မှတ်နေသလား၊ ငါနဲ့ လေက်ဝါးကို နင်မနာလိုဖြစ်နေတယ်မဟုတ်လား''

လင်းလက်၏စွပ်စွဲစကားကြောင့် ချစ်သက်နွယ်က ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်နေ၏။ နောက်မှ အသံတုန်တုန်ယင်ယင်ဖြင့်

''မဟုတ်ဘူးလင်းလက်၊ ငါ လုပ်တာလုံးဝမဟုတ်ဘူး။ ဘုရားစူးရစေရဲ့၊ ငါ တကယ်ပြောတာ''

လင်းလက်က ဘာမှဆက်မပြောတော့ဘဲ ပြုတ်ထွက်လုမတတ်ဖြစ်နေသည့် လေက်ဝါး၏အကျီကို ပြန်လည်ဝတ်ဆင်ပေးနေသည်။ သူမက အမှတ်တမဲ့ တီးတိုးရေရွတ်လိုက်၏။

''နင့် အရုပ်မှာ အပမှီနေသလား မသိဘူး''

''ဘာ. . . လင်းလက် နင်ဘာပြောလိုက်တယ်''

''ဟို. . . ဘာမှမဟုတ်ပါဘူး။ နင်. . . နင့်အရုပ်ကို ငါကြောက်တယ်''

''ငါလည်း ကြောက်. . . ကြောက်တာပါပဲ လင်းလက်ရယ်၊ မေမေ့ကို ဒီအကြောင်းသွားပြောထားရင် ကောင်းမလားမသိဘူး''

လင်းလက်က တွေးတွေးဆဆဖြင့်

''အင်း. . . ကောင်းတယ်''

ဟုပြောရင်း လေက်ဝါးကိုလည်း မွေ့ရာပေါ်တွင် အသာတင်ထားလိုက်သည်။

ထို့နောက် သူတို့ညီအစ်မနှစ်ယောက် မီခင်ဖြစ်သူ[illegible]သို့ ထွက်လာခဲ့ကြ၏။ ဒေါ်နွယ်နွယ်လင်းက ကုတင်ပေါ်တွင် စာအုပ်တစ်အုပ်ကို စိတ်ဝင်တစားဖတ်နေသည်။ အိပ်ရာဘေးတွင်ရှိသော စားပွဲ[illegible]မီးသီးအလင်းရောင်မှအပ တစ်ခန်းလုံးမှောင်မိုက်နေ၏။ သူတို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



က ကုတင်ဘေးတွင်ရပ်ရင်း 'မေမေ'ဟု ခေါ်လိုက်သောအခါ ဒေါ်နွယ်နွယ်လင်းက တစ်ချက်မော့ကြည့်သည်။

ချစ်သက်နွယ်က

''မေမေ. . . သမီးတို့ပြောစရာရှိလို့''

''အရမ်းထူးဆန်းတာတွေ ဖြစ်နေတယ်၊ သိလား မေမေ''

ဒေါ်နွယ်နွယ်လင်းက စာအုပ်ကိုဘေးမှာ ချထားလိုက်ရင်း

''ဘာတွေဖြစ်နေကြတာလဲ''

ချစ်သက်နွယ်က

''တောနောက အရမ်းထူးဆန်းတယ် မေမေ၊ သူ. . . သူ အသက်ဝင်နေသလားမသိဘူး''

''သမီးအရုပ် လေက်ဝါးကို သူလည်ပင်းညှစ်နေတာ တွေ့တယ် မေမေ''

ဟုလင်းလက်က ဝင်ပြောသည်။

''တိတ်ကြစမ်း၊ နင်တို့နှစ်ယောက်နဲ့ အရုပ်နှစ်ရုပ်ကိစ္စ ခုထိ မပြီးကြသေးဘူးလား၊ ပြိုင်စရာရှားလို့ ကြံဖန်ပြိုင်နေတယ်၊ စိတ်ကူးယဉ်လို့ပဲ မဆုံးနိုင်တော့ဘူး''

ဒေါ်နွယ်နွယ်လင်းက စိတ်မရှည်စွာဖြင့် ငေါက်ငမ်းလိုက်၏။ ချစ်သက်နွယ်က

''မဟုတ်ဘူး မေမေ၊ မဟုတ်. . . ''

''တိတ်စမ်းလို့ မေမေ ပြောနေတယ်နော်၊ တတ်ပဲတတ်နိုင်လွန်းတယ်၊ တစ်ယောက်ကလည်း သူ့အရုပ်ကို အသက်ဝင်နေသတဲ့၊ နောက်ဆို မိုးပေါ်ပျံတတ်တယ်ဆိုပြီးတော့ ဂုဏ်တုဂုဏ်ပြိုင်လုပ်ပြီး ပြောဦးမလားမသိဘူး၊ ဟိုတစ်ယောက်ကလည်း သူ့အရုပ်လည်ပင်းညှစ်ခံရသတဲ့၊ မဟုတ်ကဟုတ်က အတိုင်အတောကိုထူတယ်၊ ဒါပဲနော် ခုကတည်းက ပြောထားလိုက်မယ်၊ ညီအစ်မနှစ်ယောက် တည့်အောင်နေ



တည့်လို့က တော့ အရုပ်နှစ်ရုပ်စလုံးကို မေမေသိမ်းပြီး သော့ခတ်ထားလိုက်မယ်၊ ဒါပဲ. . . ''

သူတို့ညီအစ်မနှစ်ယောက်စလုံး စိတ်ပျက်လက်ပျက်ဖြင့် မိခင်ဖြစ်သူ၏အခန်းထဲမှ ပြန်ထွက်လာခဲ့ကြ၏။ လင်းလက်က တီးတိုးလေသံဖြင့်

''မေမေကလည်း အားကိုးရမလားလို့ ပြောမိပါတယ်''

''ငါတို့ကလည်း သူစာဖတ်လို့ကောင်းနေတုန်း သွားနှောင့်ယှက်မိတာကိုးဟ''

ပြောရင်းနှင့် သူတို့၏အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့ကြ၏။ လှမ်းကြည့်လိုက်တော့ အရုပ်နှစ်ရုပ်လုံးက သူတို့ထားခဲ့စဉ်ကအတိုင်း ကုတင်ပေါ်တွင်ငြိမ်ငြိမ်သက်သက်။ ထိုစဉ် လင်းလက်က ရုတ်တရက်စိတ်ကူးတစ်ခုပေါ်လာဟန်ဖြင့်

''ငါ အကြံရပြီ ချစ်သက်နွယ်၊ နင့်အရုပ်ကို ဒီည ဗီရိုထဲထည့်ပြီး သော့ခတ်ထားလိုက်ပါလား''

ချစ်သက်နွယ်က ဆုံးဖြတ်ချက်ချရန် ချီတုံချတုံဖြစ်နေပြီးမှ

''အင်း. . . ကောင်းသားပဲ''

ဟုပြောပြီး တောနောကို ကောက်ယူရန် ငုံ့ကြည့်လိုက်သည်။ တောနောက နက်မှောင်သော မျက်လုံးသေကြီးများဖြင့် ပြန်ကြည့်နေသည်။

သူမ ကျောထဲကစိမ့်သွားသည်။

ဟုတ်တယ်. . . သူ့ကို ဗီရိုထဲထည့်ပြီး သော့ခတ်ထားမှဖြစ်မယ်။ ငါ. . . သူ့ကို ကြောက်နေပြီ။

သူမက တောနောကို မပြီး ဗီရိုရှိရာဆီသို့ သယ်သွားသည်။ ထို့နောက် လူတစ်ရပ်စာကျော်ကျော်ရှိသော အပေါ်ဆုံးစင်တွင် ထိုးတင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဗီရိုတံခါးကို သတိကြီးစွာထား၍ ပြန်ပိတ်လိုက်သည်။ 'ကလစ်' ကနဲမြည်သွားသော သော့ပိတ်သံကို နားထောင်ပြီးမှ သူမကုတင်ရှိရာဆီသို့ ပြန်လာပြီးအိပ်လိုက်သည်။

တစ်ညလုံး ကောင်းကောင်းအိပ်မပျော်၊ ခဏခဏလန့်ပြီး ပြန်နိုးလာသည်။ အိပ်ပျော်သွားသည်နှင့် တစ်ပြိုင်နက် အိပ်မက်ဆိုးများက သူမကိုနှိပ်စက်တော့သည်။

●

အိပ်မက်ထဲတွင် သူမက ဒေါ်အိရွှေစင်ထံမှာ ရုပ်သေးကြိုးဆွဲပညာကို သင်ယူနေရသည်။

သို့သော် သူမကြိုးဆွဲနေရသော အရုပ်မှာ တောနေ့ာမဟုတ်ဘဲ ဦးရဲမြင့်ဖြစ်နေလေသည်။

ထိုစဉ် ဝရန်တာဆီသို့တစ်ဟုန်ထိုးပြေးသွားသော မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရ၏။ ထိုမိန်းကလေး၏မျက်နှာမှာ လင်းလက်ကြယ်နှင့် ချွတ်စွပ်တူနေလေသည်။

''ဟော့. . . လင်းလက်''

ချစ်သက်နွယ်က လှမ်းခေါ်လိုက်သော်လည်း အသံကပါးစပ်မှထွက်မလာချေ။ လင်းလက်က ညအိပ်ဝတ်စုံအဖြူရောင်ကိုဝတ်ဆင်ထားရာ လရောင်အောက်တွင် ပြာလဲ့လဲ့သန်းနေလေသည်။ လင်းလက်က အသိတရားကင်းမဲ့နေသူတစ်ယောက်လို ဝရန်တာဆီသို့ တစ်ဟုန်ထိုးပြေးသွားပြီး ခုန်ချလိုက်သည်။

မြေကြီးပေါ် ခန္ဓာကိုယ်ကျသွားသည့်အသံနှင့်အတူ မချိမဆံ့အော်ဟစ်လိုက်သံကိုပါကြားရသည်။

အဲသည့်နောက်တော့ ချစ်သက်နွယ် အိပ်မက်မှနိုးလာသေ



သည်။

ညသည် နာကျင်ချောက်ချားဖွယ် ကောင်းလှ၏။

●

ချွေးတွေရွှဲနစ်ပြီး အိပ်ရာမှနိုးလာသည်။ မိုးကား စင်စင်လင်းနေပေပြီ။ အခန်းတစ်ခုလုံး ပူအိုက်နေ၏။ ချစ်သက်နွယ်က အိပ်ရာပေါ်တွင် ဖြည်းဖြည်းချင်းထထိုင်လိုက်သည်။ သူမ တကယ်နိုးလာခြင်းဖြစ်သည်မှာ သေချာပါသည်။ အိပ်မက်မဟုတ်ပါ။ သို့သော်ညက အိပ်ရေးဝဝအိပ်မထားသောကြောင့် ခေါင်းကိုက်ပြီး ငြိုးစီစီဖြစ်နေ၏။

ချစ်သက်နွယ်က ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်၏။ ပြတင်းပေါက်ရှေ့မှ ကုလားထိုင်ပေါ်တွင် လေက်ဝါးကို တွေ့ရသည်။ ညမအိပ်ခင်ကတည်းက လင်းလက်ထားပစ်ခဲ့သည့် ပုံစံအတိုင်း တသွေမတိမ်းပင်။ သို့သော် နံဘေးမှာကတော့ လေက်ဝါး၏ ပုခုံးကိုဖက်ကာထိုင်နေသော တစ်စုံတစ်ယောက်ရှိနေသည်။

ထိုသူကား တောနေ့ာပင်ဖြစ်လေသည်။

တောနေ့ာ၏ ပါးစပ်ဖြဲပြီးပြုံးနေသည့် အမူအရာကိုကြည့်ပြီး ချစ်သက်နွယ်တစ်ယောက် ကျောထဲစိမ့်ကာ ကြက်သီးတဖြန်းဖြန်းထသွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မင်္ဂလာပါ တောနောရာ၊ မင်းက လူလား သစ်သလား"

"ကျွန်တော်က လူတော့လူပါပဲ၊ ဒါပေမဲ့ ကျွန်တော့်အဖေနာမည်က ဦးသစ်လေ။ ဒါကြောင့် ကျွန်တော်က သစ်သားဖြစ်နေတာပေါ့"

"မင်းကိုယ်မင်း လူလို့သာပြောနေတယ်၊ ငါတို့လိုရေသောက်တာလည်း တစ်ခါမှမတွေ့ပါလား၊ တောနောရဲ့"

"ကျွန်တော်က ရေမသောက်ဘူး။ ရေမွှေးတွေပဲ သောက်တယ်၊ လေလည်တဲ့အခါ အနံ့မွှေးအောင်လို့"

ချစ်သက်နွယ်တစ်ယောက်တည်း သူမ၏ပင်ကိုအသံနှင့်ပြောလိုက် ရုပ်သေးရုပ်၏အသံမျိုးနှင့်ပြောလိုက်ဖြင့် မှန်ရှေ့တွင် အပြန်အလှန်ပြောပြီး လေ့ကျင့်နေသည်။

တောနော၏နေရာမှ သရုပ်ဆောင်ပြီးပြောရသည့်အခါတွင် သူမ၏နှုတ်ခမ်းများ မလှုပ်အောင်မှန်ကြည့်ပြီး လေ့ကျင့်ရခြင်းဖြစ်သည်။



ဘကုန်း ဗထက်ချိုင့်နှင့် မ အသံများကိုပြောသည့်အခါများတွင် နှုတ်ခမ်းကိုမလှုပ်ဘဲ ပြောနိုင်ဖို့ တော်တော်ခက်သည်။ နောက်ပြီး သူပင်ကိုယ်သံနှင့် ရုပ်သေးရုပ်၏အသံတို့ အကူးအပြောင်း မြန်နိုင်သမျှ မြန်လေ ပိုပြီးသဘာဝကျလေဖြစ်သောကြောင့် အသံပြောင်းမြန်အောင်လည်း ကြိုးစားရသည်။

ထိုစဉ်. . . ။

လင်းလက်က အခန်းထဲသို့ အပြေးအလွှားဝင်လာ၏။ သူမ၏ ညိုလျှားသောဆံနွယ်တွေက တလွင့်လွင့်။ နှုတ်ခမ်းတွေကလည်း စိတ်လှုပ်ရှားမြူးတူးစွာပြုံးနေသည်။ လင်းလက်က အူမြူးသောအသံဖြင့်

"ဟိတ်. . . ချစ်သက်နွယ် ငါ့ကို ကြည့်စမ်း။ ဘာဖြစ်လာတယ်ထင်သလဲ"

ချစ်သက်နွယ်က ဘာပြောရမည်မှန်းမသိ။ ကြောင်ငေးဆွံ့အနေ၏။ ထို့ကြောင့် လင်းလက်ကပင်ဆက်၍

"ငါ ဒီနေ့ အန်ကယ်ဇော်နဲ့ တွေ့ခဲ့တယ်သိလား။ သူက ဗွီဒီယို ရိုက်တာလေ၊ ဖိုးသားမွေးနေ့တုန်းက သူလည်းလာတယ်။ အဲဒီ အခု သူက ငါနဲ့ငလက်ဝါးကို ဗွီဒီယိုဇာတ်လမ်းတစ်ပုဒ်ထဲမှာ သုံးလေးခန်းလောက်ထည့်ရိုက်ချင်လို့တဲ့၊ ဟား. . . ဟား ပျော်စရာကြီး"

"ဟင်. . . တကယ်လား"

ချစ်သက်နွယ်၏နှုတ်ဖျားမှ ဒီစကားသုံးလုံးသာ တိုးဖျော့စွာ အနိုင်နိုင် ထွက်ပေါ်လာလေတော့သည်။ လင်းလက်ကတော့ အခန်းထဲမှာ ခုန်ပေါက်မြူးတူးနေ၏။

မှန်ထဲတွင် လာရောက်ထင်ဟပ်နေသော လင်းလက်[illegible]ကို ငေးစိုက်ကြည့်ရင်း ချစ်သက်နွယ်၏ရင်ထဲတွင် ပူလောင်[illegible]နာလိုစိတ်တစ်ခု ထိုးဖောက်ဝင်ရောက်လာသည်။

လင်းလက်ကတော့ သူမကို ကျောပေးထားရင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



လွင့်ဖြင့်

"နေဦး. . . နေဦး။ မေမေ့ကို ဒီအကြောင်းသွားပြောပြလိုက်ဦးမယ်၊ မေမေရေ. . . မေမေ"

အော်ဟစ်ရင်း အခန်းထဲမှ ခုန်ပေါက်ပြေးထွက်သွား၏။

အခန်းဝမှ လင်းလက်၏ပုံရိပ် ပျောက်ကွယ်သွားသည်နှင့်တစ်ပြိုက်နက် ချစ်သက်နွယ်၏ နှလုံးသားထဲမှ နာကျင်ဝမ်းနည်းစိတ်တို့သည် မျက်ရည်စက်များအဖြစ် တပေါက်ပေါက်လိမ့်ဆင်းလာကျ၏။

"မတရားဘူး၊ လောကကြီးက မတရားဘူး။ ဘာဖြစ်လို့ လင်းလက်တစ်ယောက်တည်းအတွက်ပဲ အရာရာတိုင်းဟာ အဆင်ပြေချောမွေ့နေရတာလဲ"

နာကျည်းစိတ်ဖြင့် ရေရွတ်ကာ လက်ထဲတွင်ကိုင်ထားသော တောနောကို နံရံဆီသို့ ဒေါသတကြီး ပစ်ပေါက်လိုက်၏။

"ဒုန်း"

တောနော၏ ဦးခေါင်းက နံရံနှင့်ပြင်းထန်စွာ ရိုက်ခတ်မိသွားသည်။ နာကျင်စွာအော်ဟစ်လိုက်သလိုမျိုး သစ်သားပါးစပ်က ဟောင်းလောင်းပွင့်သွား၏။

"ဟင်"

ချစ်သက်နွယ်က တီးတိုးရေရွတ်ရင်း တောနောကို ကမန်းကတန်းပြေး၍ ကောက်လိုက်သည်။ ထို့နောက် တယုတယပွေ့ရင်း

"သိပ်နာသွားသလား တောနောရယ်၊ ဆောရီး. . . ဆောရီး ငါ နင့်ကို တမင်နာအောင်လုပ်တာမဟုတ်ပါဘူးဟာ"

သူမ၏ရင်ခွင်ထဲမှ တောနောကတော့ အသက်ကင်းမဲ့သော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေသည်။ ပါးစပ်အဖြဲသားဖြင့် ပြုံးနေသည့် အပြုံးကတော့ မပြောင်းလဲ။

သို့သော်. . . သူ့မျက်လုံးတွေထဲမှာ 'ဘယ်တော့မှ ခွင့်မလွှတ်ဘူး' ဟု သံဓိဋ္ဌာန်ချထားသည့် မိစ္ဆာအရိပ်အငွေ့ကို တွေ့မြင်ရလေသည်။



●

ပုရွေးငြိမ်သက်နေသော ညသန်းခေါင်ယံဖြစ်သည်။ လေပြည်လေညင်းပင်လျှင် မတိုက်ခတ်။ ပြတင်းပေါက်ကိုကာထားသော လိုက်ကာများပင်လျှင် မလှုပ်ခတ်ဘဲ ငြိမ်သပ်နေသည်။

အရိပ်သဏ္ဌာန်တစ်ခု. . . ။

နိမ့်နိမ့်စောင်းစောင်း ထိုးကျနေသောလရောင်ကြောင့် ထိုအရိပ်သည် ရှည်လျားနေ၏။ အိပ်ခန်းကြမ်းပြင်ကို နင်းလျှောက်လျက် ထိုအရိပ်သည် တံခါးပေါက်ဆီသို့ တရွေ့ရွေ့ထွက်ခွာသွားသည်။

လင်းလက်က ကုတင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ ဒေါက်ကနဲကြားလိုက်ရသောအသံတစ်သံကြောင့် လန့်နိုးလာသည်။ တီးတိုးညင်သာလှသောအသံပင်ဖြစ်သည်၊ လင်းလက်က ကုတင်ပေါ်တွင် ဆတ်ကနဲထထိုင်လိုက်မိ၏။

အမှောင်ထုထဲတွင်ကား တစ်စုံတစ်ယောက်သည် ညင်သာစွာ ရွေ့လျားနေလေသည်။ ခြေသံတွေ. . . ခြေသံတွေကို သူမ ကြားနေရသည်။

"ဘယ်သူလဲ"

လင်းလက်က လှမ်းမေးလိုက်၏။ ထိုအရိပ်သဏ္ဌာန်က တံခါးအနီးတွင် တုံ့ကနဲရပ်သွားသည်။ ဖြည်းဖြည်းချင်း ပြန်လှည့်လာပြီး ထို့နောက် တီးတိုးလေသံဖြင့် ပြောလိုက်သည်။

"ငါပါ"

"ဟင်၊ ချစ်သက်နွယ်လား"

"အေး ဟုတ်တယ်၊ အိပ်မက်ဆိုးတွေမက်ပြီး ငါပြန်နိုးလို့

www.burmeseclassic.com



မရတော့လို့၊ အာခေါင်တွေလည်း အရမ်းခြောက်နေတာနဲ့ မီးဖိုခန်းမှာ ရေသွားသောက်လိုက်ဦးမယ်''

ထိုသို့ပြောပြီး ချစ်သက်နွယ်၏အရိပ်က အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ လင်းလက်က ကုတင်ပေါ်ထိုင်နေလျက် မှပင် ချစ်သက်နွယ်၏ခြေသံများကို စောင့်ပြီးနားထောင်နေမိသည်။

ခြေသံများက တဖြည်းဖြည်းဝေး၍ တိုးဖျော့ပျောက်ကွယ်သွားကြသည်။ ထိုအခါမှာပင် လင်းလက်လည်း ခေါင်းအုံးပေါ်ပြန်လှဲချကာ မျက်စိများကို မှိတ်ထားလိုက်တော့သည်။

ထိုစဉ်မှာပင်

''အမယ်လေး''

ချစ်သက်နွယ်၏ သွေးပျက်စွာအော်ဟစ်သံကို ကြားလိုက်ရလေတော့သည်။

■

## အခန်း (၁၂)

လင်းလက်က အိပ်ရာပေါ်မှ ဝုန်းကနဲခုန်ချကာ လှေကားအဆိုင်း တရကြမ်းပြေးဆင်းသွားသည်။ ချစ်သက်နွယ်၏အော်ဟစ်သံက ဆဲတင်ထပ်နေဆဲ။

မီးဖိုခန်းထဲမှ မှိန်ဖျော့သောအလင်းရောင်မှတစ်ပါး အရာအားလုံးသည် မှောင်မိုက်နေ၏။

''ချစ်သက်နွယ်. . . ချစ်သက်နွယ်. . . နင်. . . နင် ဘာဖြစ်တာလဲ''

လင်းလက်၏အသံက မှောင်မိုက်နေသော စင်္ကြံလမ်းတစ်လျှောက် တိုးဖျော့တုန်ယင်စွာ လွင့်ပျံ့သွား၏။

''ချစ်သက်နွယ်''

သူမက ထပ်ခေါ်လိုက်ပြန်သည်။

ချစ်သက်နွယ်ကတော့ မီးဖိုခန်းထဲရှိ ရေခဲသေတ္တာရှေ့တွင် လဲ

www.burmeseclassic.com

www.burmeseclassic.com



သေကောင်တစ်ကောင်လို တောင့်တောင့်ကြီးရပ်နေသည်။ ရေခဲသေတ္တာက ပွင့်လျက်. . .။

ထူးဆန်းသည်ကား ရေခဲသေတ္တာထဲတွင် စားသောက်စရာဘာတစ်ခုမှမရှိတော့။ ဗလာဟင်းလင်း. . .။

"ဟင်. . . ဘာတွေဖြစ်ကုန်ပြီလဲ"

လင်းလက်က ပြောပြောဆိုဆိုဖြင့် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။ ပြီးတော့. . . နောက်ထပ်ခြေတစ်လှမ်း. . .။

အေးစက်စက်စိုစွတ်စွတ် တစ်စုံတစ်ရာက သူမ၏ခြေထောက်ကို လာရောက်ရစ်ပတ်လိုက်သလို ခံစားရလေသည်။

"ဟာ"

လင်းလက်က အလန့်တကြားရေရွတ်ရင်း ငုံ့ကြည့်လိုက်၏။ သူမ၏ခြေထောက်က အိုင်ထွန်းပွက်ပေါက်နေသော ရေကွက်လိုလို တစ်စုံတစ်ရာကို နင်းမိထားခြင်းဖြစ်သည်။ သူမ၏ ခြေထောက်ဘေးမှာကတော့ အဖုံးပွင့်လျက်သား လဲကျနေသည့် နွားနို့ပုလင်းတစ်လုံး. . .။

လင်းလက်က ချစ်သက်နွယ်ကို လှမ်းကြည့်လိုက်သည်။ ချစ်သက်နွယ်က နံရံကို ကျောမှီလျက် သူမ၏လက်များဖြင့် မျက်နှာကို ကြောက်လန့်တကြားကွယ်ထား၏။

"ချစ်သက်နွယ် ဘာဖြစ်. . ."

လင်းလက်၏အမေးစကားက တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားသည်။ မီးဖိုချောင်ကြမ်းပြင်တစ်ခုလုံး ရှုပ်ပွပေကျံနေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။ ရေခဲသေတ္တာထဲမှ စားစရာသောက်စရာအားလုံးသည် ကြမ်းပြင်ပေါ်တွင် ဗရုပ္ပပြန့်ကျဲနေလေသည်။

လိမ္မော်ရည်ပုလင်းများလည်း အဖုံးပွင့်ကာ မှောက်ကျပြီး အိုင်ထွန်းနေသည်။ ကြက်ဥတွေလည်း ဟိုနေရာဒီနေရာမှာ ကွဲကြေနေ၏။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များလည်း မြင်မကောင်းအောင် ကစဥ့်ကလျားဖြစ်နေကြသည်။

"ဟင်"

ပြန့်ကျဲနေသည့် စားစရာသောက်စရာတွေကြားမှာ အရောင်တလက်လက်ဖြစ်နေသောအရာတချို့ကို တွေ့လိုက်ရသောကြောင့် သူမအံ့အားသင့်သွားသည်။

ထိုအရာများကား. . . ချစ်သက်နွယ် အမြတ်တနိုး စုဆောင်းထားသော ဖန်စီ (Fancy) အလှဆင်ပစ္စည်းများဖြစ်ကြသည်။

ပိုပြီးမြင်သာအောင် လင်းလက်က မီးချောင်းခလုတ်ကို စမ်းကာ ဖွင့်လိုက်၏။

"အမယ်လေး"

ကြောက်စရာကောင်းသောအဖြစ်အပျက်တစ်ခုကို သူမ တွေ့မြင်လိုက်ရသည်။

ရှုပ်ပွနေသော အစားအသောက်များ၏ အလယ်ကြမ်းပြင်ပေါ်တွင် သူငယ်တော်ရုပ် တောနော က ခြေဆင်းကာထိုင်နေသည်။

တောနော၏ပါးစပ်ထဲတွင် ခေါက်ဆွဲဖတ်တွေက တိုးလို့တန်းလန်း။

သူ့နားရွက်နှစ်ဖက်တွင် ဖန်စီနားကပ်တစ်စုံကို ပန်ထားပြီးလည်ပင်းနှင့်လက်တွေမှာလည်း ဆွဲကြိုးလက်ကောက်တွေ ပြုံးပြုံးပြဲပြဲ။

တောနော၏ပေါင်ပေါ်တွင်တော့ တစ်ဝက်တစ်ပျက် ကိုက်လက်စ ကြက်သားကြော်တုံးတစ်တုံး ရှိနေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အစားအသောက်တွေကြားမှာ ခြေဆင်းထိုင်နေသည့် အရုပ်တောနောကိုကြည့်ပြီး လင်းလက်ကြယ်က လွှတ်ကနဲ ထိတ်လန့်တကြား အော်ဟစ်လိုက်မိသည်။ ချစ်သက်နွယ်ကတော့ ထိုအော်သံကိုပင် ကြားဟန်မတူ။ မျက်လုံးအကြောင်သားဖြင့် တွေတွေကြီး ငေးစိုက်ကြည့်ရင်း အသက်ကင်းမဲ့နေသူတစ်ယောက်လို ဖြစ်သွား၏။

လင်းလက်ကြယ်က သူမ၏ပခုံးကို ကိုင်လှုပ်ရင်း

''ချစ်သက်နွယ် . . . ချစ်သက်နွယ်''

ဟု အော်ခေါ်လိုက်တော့မှပင် ချစ်သက်နွယ်က သတိပြန်ဝင်လာပြီး

''ဘာ . . . ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘယ်သူလုပ်ထားတာလဲဟင်''

လင်းလက်နွယ် ပြန်မဖြေနိုင်ခင်မှာပင် လှေကားဆီမှဆင်းလာ



သော သူတို့မိခင်၏ခြေသံကို ကြားလိုက်ရသည်။ လင်းလက်ကြယ်က လှည့်ကြည့်ရင်း

''မေမေ''

ဒေါ်နွယ်နွယ်လင်းက လှေကားအတိုင်းဆင်းလာပြီး မီးဖိုချောင်ထဲသို့ ဝင်လိုက်ချိန်တွင် မြင်ရသောမြင်ကွင်းကြောင့် ကြက်သေသေသွား၏။

''ဘာတွေဖြစ်နေကြတာလဲ . . . ကြည့်စမ်း၊ နင်တို့နှစ်ယောက် . . .''

ဒေါ်နွယ်နွယ်လင်းက ဒေါသဖြစ်လွန်းသဖြင့် စကားဆက်မပြောနိုင်ဘဲ သူ့သမီးနှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်၏။

ချစ်သက်နွယ်က

''မေမေ . . . ဒါ သမီး . . . သမီး လုပ်တာမဟုတ်ဘူး၊ သမီး ရေသောက်ချင်လို့ အောက်ဆင်းလာတော့ . . .''

''ဒါ တောနောလုပ်တာပဲဖြစ်ရမယ်၊ ဟိုမှာကြည့်ပါလား''

လင်းလက်ကြယ်က ဝင်ပြောလိုက်သောအခါ ဒေါ်နွယ်နွယ်လင်းက စူးစူးရဲရဲ ကြည့်လိုက်ပြီး

''တော်စမ်း . . . အဓိပ္ပာယ်မရှိတာတွေလုပ်မနေကြနဲ့၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့၊ ငါလုပ်ရရင် နှစ်ယောက်စလုံး နာတော့မယ်၊ ဒီရှုပ်ပွနေတာတွေကို ဘယ်လိုရှင်းမလဲ၊ ကဲ . . . ပြောကြစမ်း''

သူတို့မိခင် တကယ်စိတ်ဆိုးနေမှန်း သိသွားသောကြောင့် ညီအစ်မနှစ်ယောက်စလုံး မျက်လွှာချသွားကြသည်။ ပြီး . . . ချစ်သက်နွယ်က

''သမီးတို့အပြစ်မှမဟုတ်ဘဲ မေမေ၊ ဒါ . . . တောနောလုပ်တာပဲဥစ္စာ''

''တိတ်စမ်း၊ ဒီအရုပ်တွေရောက်လာကတည်းက နင်တို့နှင်

www.burmeseclassic.com



ယောက် ဇယားကိုရှုပ်တယ်။ ညီအစ်မအချင်းချင်းလည်း တစ်ယောက်ကိုတစ်ယောက် မနာလိုဖြစ်ရတာနဲ့၊ ချောက်တွန်းရတာနဲ့။ အို. . . တော်ပြီ. . . တော်ပြီ၊ နင်တို့ဆီက အရုပ်နှစ်ရုပ်စလုံး မနက်ဖြန်ကျရင် အမှိုက်ပုံးရောက်ပြီသာမှတ်''

''ဒါတော့ မေမေ မတရားဘူး''

လင်းလက်ကြယ်က ပြန်အော်လိုက်၏။ ထိုစကားက ဒေါ်နွယ်နွယ်လင်းကို ဒေါသမီးဟုန်းဟုန်းတောက်အောင် ဆွပေးလိုက်သလို ဖြစ်သွားသည်။

''ဘာ. . . အမေကို နင် ဒီလိုခံပြောစရာလား၊ ငါ မရိုက်ချင်လို့ ကြည့်နေတာနော်၊ သိပ်ရောင့်တက်မလာနဲ့၊ မနက်ဖြန်မနက်ကျရင် နင်တို့ အရုပ်နှစ်ရုပ်စလုံး ငါကိုယ်တိုင် လွှင့်ပစ်မယ်၊ ဘယ်သူမှကိုင်ဖို့ မစဉ်းစားနဲ့''

ထိုစကားကြောင့် လင်းလက်ကြယ်၏ မျက်ဝန်းအိမ်ထဲမှ ဝမ်းနည်းမျက်ရည်တွေ တလိမ့်လိမ့် စီးဆင်းလာသည်။ သူမက အသံအုပ်အုပ်ဖြင့် ကြိတ်ကာရှိုက်ရင်း

''သမီးတောင်းပန်ပါတယ် မေမေရယ်. . . မလုပ်ပါနဲ့၊ သမီးကို ဗွီဒီယိုရိုက်ဖို့ ဦးဇော်ကတောင် လာပြောထားပြီးနေပြီ။ သမီးကို ဒီအခွင့်အရေးလေးတစ်ခုတော့ ပေးပါမေမေရယ်။ နောက်ဆို သမီးတို့ ညီအစ်မနှစ်ယောက် တည့်အောင်နေပါ့မယ်''

လင်းလက်ကြယ်စကားကြောင့် ချစ်သက်နွယ်၏ ရင်ထဲတွင် နမြောတသ သလိုလို ဝမ်းနည်းကြေကွဲသလိုလို ခံစားလိုက်ရသည်။ ထို့ကြောင့် သူမကလည်း

''ဟုတ်ပါတယ် မေမေရယ်၊ အခု မီးဖိုခန်းထဲမှာ ရှုပ်ပွနေတာတွေကို သမီးတို့နှစ်ယောက် အခုပဲ ရှင်းလိုက်ပါ့မယ်၊ ပြီးတော့ ရေခဲသေတ္တာထဲကဟာတွေကိုလည်း သမီးတို့မုန့်ဖိုးနဲ့အစားပြန်ဝယ်ပြီး



ဖြည့်ထားလိုက်ပါ့မယ်၊ သမီးတို့ကို စိတ်မဆိုးပါနဲ့တော့နော် မေမေ''

သူတို့နှစ်ယောက်၏ တောင်းပန်စကားကြောင့် ဒေါ်နွယ်နွယ်လင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီး. . .

''ပြီးရော. . . မီးဖိုချောင်ကို ပြောင်နေအောင် ရှင်းထား၊ တစ်ကွက်တစ်လေမှ ကျန်မနေစေနဲ့နော်၊ အေး. . . ပြီးရင်တော့ ကိုယ့်စကားနဲ့ကိုယ်နော်၊ နင်တို့နှစ်ယောက် တည့်အောင်နေကြ. . . ဒါပဲ''

ဒေါ်နွယ်နွယ်လင်းက ထိုသို့ပြောပြီး အပေါ်ထပ်ဆီသို့ ပြန်တက်သွား၏။ ချစ်သက်နွယ်နှင့် လင်းလက်ကြယ်တို့နှစ်ယောက်သားကတော့ မီးဖိုချောင်ကြမ်းပြင်ကို တိုက်ချွတ်ဆေးကြောရင်း ကျန်ရစ်ခဲ့တော့သည်။

တစ်ခန်းလုံးပြောင်စင်နေအောင် သန့်ရှင်းရေးလုပ်ပြီးသွားသောအခါ လင်းလက်ကြယ်က ရေခဲသေတ္တာတံခါးကိုပိတ်လိုက်သည်။ ထို့နောက် သူမက ကျယ်လောင်စွာ သမ်းဝေလိုက်သည်။

ချစ်သက်နွယ်ကတော့ ကြမ်းပြင်ပေါ်ဒူးထောက်ရင်း အစွန်းအကွက်ရှိမရှိ ကျန်မကျန်ကို စစ်ဆေးလိုက်သည်။ ထို့နောက် သူမက တာနောကို ကောက်ယူလိုက်၏။ တာနောကတော့ ပြုံးဖြဲဖြဲမျက်နှာဖြင့် သူမကို ပြန်ကြည့်နေသည်။

သည်အရုပ်ဟာ ငါ့ကို သက်သက်ဒုက္ခပေးနေတာပဲဟု ချစ်သက်နွယ်က တွေးလိုက်သည်။

မှန်သည်။ သည်အရုပ်ရောက်လာပြီးခါမှ ချောက်ချားဖွယ်ရာအဖြစ်တွေ၊ ဒုက္ခတွေကိုသာ တစ်ခုပြီးတစ်ခုတွေ့နေရသည်မဟုတ်ပါလား။

www.burmeseclassic.com



လင်းလက်ကတော့ အိပ်ခန်းဆီပြန်ဖို့ ထွက်သွားပြီဖြစ်သည်။ ချစ်သက်နွယ်က သူမနောက်မှလိုက်ပါသွားရင်း မီးဖိုချောင်မီးခလုတ်ကို ပိတ်ပစ်ခဲ့၏။ အပေါ်ထပ် အိပ်ခန်းဆီသို့ လှေကားမှ တက်သွားကြစဉ် တစ်ဦးကိုတစ်ဦး စကားမပြောမိကြချေ။

သူတို့ညီအစ်မနှစ်ယောက်၏ အိပ်ခန်းအတွင်းတွင် ပြတင်းပေါက်မှ ဖြာကျနေသော လရောင်က ပြာလဲ့လဲ့လင်းလက်နေ၏။ ပြတင်းပေါက်ရှေ့က ကုလားထိုင်ပေါ်မှာတော့ လေက်ဝါးအရုပ်က ပါးစပ်အဖြဲသားဖြင့် ထိုင်နေသည်။

လင်းလက်ကြယ်က ကုတင်ပေါ်တက်ကာ အားပါးတရ သမ်းဝေရင်း စောင်ကိုဆွဲခြုံလိုက်သည်။ မျက်နှာကိုတော့ ချစ်သက်နွယ်ရှိရာနှင့် ဆန့်ကျင်ဘက်ဆီသို့ လှည့်ထား၏။

ချစ်သက်နွယ်က ကုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ရင်း သူမပွေ့ချီလာသော တောနှော၏မျက်နှာကို စေ့စေ့ကြည့်နေသည်။ တောနှော၏ ရက်စက်ကြမ်းကြုတ်သောအနိုးအငွေ့များသန်းနေသည့် မျက်လုံးအစုံက ချစ်သက်နွယ်ကို လှောင်ပြောင်သရော်သည့်ဟန်ပေါက်နေ၏။

ငါ . . . သူ့ကို ကြောက်လာပြီ။

ချစ်သက်နွယ်က တီးတိုးညည်းလိုက်၏။ သူမ ရင်ထဲတွင် မုန်းတီးစက်ဆုပ်ခြင်းနှင့် အကြောက်တရားကို ရောနှောခံစားနေရသည်။

ချစ်သက်နွယ်က ဗီရိုတံခါးကို ဆွဲဖွင့်လိုက်ပြီး တောနှောကို ပစ်ထည့်လိုက်သည်။ တောနှောက ဗီရိုထဲတွင် အထပ်လိုက်ပုံထားသည့် အဝတ်များပေါ်သို့ ခြေကားယား လက်ကားယား ကျသွား၏။

ချစ်သက်နွယ်က အဝတ်ဗီရိုတံခါးကိုဆောင့်ပိတ်ပြီး သော့ခတ်လိုက်သည်။

သူမ၏ နှလုံးခုန်သံက တဒုန်းဒုန်းမြည်နေ၏။ သူမက ကုတင်ပေါ်သို့တက်ပြီး စောင်ကို ပုခုံးအထိ ဆွဲယူခြုံလိုက်သည်။



စိတ်ရှုပ်ခြင်းများ၊ စိုးရိမ်ကြောက်လန့်ခြင်းများနှင့် သူမ တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်နေလေသည်။

ချစ်သက်နွယ်က ခေါင်းအုံးဆီသို့ မျက်နှာအပ်ပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်၏။

ထို့နောက် သိပ်မကြာခင်မှာပင် သူမ အိပ်မောကျသွားသည်။

အိပ်ပျော်နေသည်မှာ မည်မျှကြာသွားသည်မသိ။ စူးရှသော အသံသေးသေးလေးတစ်သံ၏အော်သံကြောင့် သူမ ဖြုန်းခနဲ လန့်နိုးလာရ၏။

"ငါ့ကို ဒီအထဲကထုတ်ပေး . . . ငါ့ကို ဒီအထဲကထုတ်ပေး"

ထိုအသံကား အဝတ်ဗီရိုထဲမှ ထွက်ပေါ်လာနေခြင်းဖြစ်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"ငါ့ကို ဒီအထဲကထုတ်ပေး. . . ငါ့ကိုထုတ်ပေး"

အသံက သေးငယ်သော်လည်း ဒေါသတကြီးအော်ဟစ်နေမှန်း သိသာသည်။

ငါ . . . ငါ အိပ်မက် မက်နေတာများလားဟု ချစ်သက်နွယ်က တွေးလိုက်၏။ ဟင့်အင်း . . . အိပ်မက်မဟုတ်တာ သေချာပါသည်။

ကြောက်လန့်လွန်းသဖြင့် ချစ်သက်နွယ်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည်။

မဖြစ်ဘူး . . . မဖြစ်ဘူး၊ ငါတစ်ယောက်တည်း ရင်မဆိုင်ရဲဘူး။ လင်းလက်ကို နှိုးမှဖြစ်မယ်။

ချစ်သက်နွယ်က တွေးရင်း စိတ်အားတင်းကာ စောင်ကို ခွာလိုက်၏။ ထို့နောက် လင်းလက်ဘက်သို့ လှမ်းကြည့်လိုက်ရာ



"အမယ်လေး . . . "

ချစ်သက်နွယ် အလန့်တကြား အော်ဟစ်လိုက်မိသည်။

လင်းလက်ကြွယ်က အိပ်ပျော်နေသည်မဟုတ်ဘဲ ကုတင်ပေါ်တွင် ခါးကိုမတ်ပြီး တောင့်တောင့်ကြီးထိုင်နေသည်။ ဆံပင်တွေ ဖို့ရို့ဖားရားနှင့် . . . ။

သူမ၏မျက်လုံးအစုံကလည်း ပြူးကျယ်ပြီး အသက်ကင်းမဲ့သလို နံရံဆီသို့ ကြောင်တောင်စိုက်ငေးကြည့်နေ၏။

"လင်းလက် . . . လင်းလက်၊ နင်ဘာဖြစ်နေတာလဲ"

ချစ်သက်နွယ်က ကြောက်လန့်တကြားဖြင့် လင်းလက်ကြွယ်၏ လက်မောင်းကို ကိုင်လှုပ်လိုက်သည်။ ထိုအခါကျမှ လင်းလက်ကြွယ်က သတိပြန်ဝင်လာဟန်ဖြင့်

"ဟင်း. . . "

"လင်းလက် . . . နင် ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ မအိပ်ဘဲ ထထိုင်နေရတာလဲ၊ ငါ့ကို ကြောက်အောင် မလုပ်ပါနဲ့ဟာ"

"မဟုတ်ဘူး . . . မဟုတ်ဘူး"

လင်းလက်ကြွယ်က ခေါင်းကို တွင်တွင်ခါယမ်းကာ ပြောရင်း နဖူးမှချွေးများကိုသုတ်ပစ်လိုက်သည်။ ပြီးတော့ သူမက

"ငါ . . . ငါအရမ်းကြောက်စရာကောင်းတဲ့ အိပ်မက်တစ်ခုကိုမက်ပြီး နိုးလာတာ၊ အဲဒီအိပ်မက်ထဲမှာလေ နင် . . . နင်က"

လင်းလက်ကြွယ်က စကားကိုဆုံးအောင် မပြောနိုင်တော့ဘဲ မျက်ရည်များစီးကျလာပြီး ရှိုက်ကာရှိုက်ကာ ငိုရှုလိုက်တော့သည်။

ချစ်သက်နွယ်က သိချင်ဇောဖြင့်

"အိပ်မက်ထဲမှာ ဘာဖြစ်လို့လဲ၊ ဘာဖြစ်သလဲ ပြောစမ်းပါဟာ"

လင်းလက်ကြွယ်က သူမ၏ပါးပြင်ပေါ်မှ မျက်ရည်များကို လက်ခုံဖြင့်ပွတ်တိုက် သုတ်ပစ်လိုက်သည်။ ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



''အိပ်မက်ထဲမှာ နှင်း. . . နှင်းက သေနေပြီ. . . ချစ်သက်နွယ်၊ မြေကြီးပေါ်မှာ လဲနေတဲ့ နှင့်အလောင်းကိုပွေ့ပြီး ငါ ငိုနေရတယ်။ အပြင်မှာ တကယ်ဖြစ်နေတဲ့အတိုင်းပဲဟာ။ ကြောက်စရာလည်း ကောင်းတယ်၊ ဝမ်းနည်းစရာလည်းကောင်းတယ်၊ အိပ်ရာက ငါ လန့်နိုးလာတော့ ငါ့ပါးပေါ်မှာ တကယ်ကို မျက်ရည်တွေ ရွှဲနေတာပဲ။ ငါလေ . . . ငါ နှင့်အလောင်းကို မျက်စိထဲကကို မထွက်ဘူး''

''ဘာ. . . ''

ချစ်သက်နွယ်က သူမ၏ နှုတ်ခမ်းအစုံကို လက်ဝါးဖြင့် ပိတ်ထားလိုက်မိသည်။ ချက်ချင်းဆိုသလိုပင် မနေ့ညက သူမ မက်ခဲ့သော အိပ်မက်ကို ပြန်သတိရလာ၏။

သူမ၏ အိပ်မက်ထဲတွင်တော့ ဝရန်တာပေါ်မှ ခုန်ချသွားသူမှာ လင်းလက်ကြယ် ဖြစ်နေသည် မဟုတ်ပါလား။

သူတို့ညီအစ်မနှစ်ဦးစလုံး တစ်ယောက်အိပ်မက်ထဲတွင် အခြားတစ်ယောက် သေဆုံးသည်ဟု အသီးသီးအိပ်မက် မက်နေကြခြင်းက ဘာအဓိပ္ပာယ်ပါလိမ့်။

ထိုအိပ်မက်နှစ်ခုစလုံးတွင် တစ်စုံတစ်ရာသည် ထူးဆန်းကြောက်မက်ဖွယ်ရာ မှားယွင်းနေပြီဟု ချစ်သက်နွယ်အလိုလို သိလိုက်ပြီး ကျောထဲတွင် စိမ့်ခနဲဖြစ်သွား၏။ ထိုစဉ် လင်းလက်ကြယ်က

''ငါ . . . ငါ အရမ်းကြောက်တယ်ဟာ၊ အိပ်မက်ထဲကလို နှင်း တကယ်သေသွားမှာလားဟင်''

သူ့အမေးကို ချစ်သက်နွယ် ဘာမှပြန်မဖြေနိုင်တော့ပါ။ မနေ့ညက မက်ခဲ့သည့် အိပ်မက်အကြောင်းကိုလည်း လင်းလက်ကြယ်ကို ပြန်မပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

ပြောပြလိုက်မိလျှင် လင်းလက်ကြယ် သည့်ထက်ပိုပြီး စိတ်ချောက်ချားသွားပေလိမ့်မည်။



ချစ်သက်နွယ်က တစ်စုံတစ်ရာကို ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက်

''လင်းလက် . . . ငါ့အရုပ် တောနောကို ဒီအိမ်မှာ ဆက်မထားတော့ရင်ကောင်းမယ်''

''ဟင် . . . ဘာဖြစ်လို့လဲ''

''ငါတို့အိမ်ကို တောနောရောက်လာပြီးကတည်းက ကြောက်စရာအဖြစ်အပျက်တွေကိုချည်းပဲ တစ်ခုပြီးတစ်ခု ကြုံနေရတယ်။ ငါတော့ သိပ်မသက်သာချင်တော့ဘူး''

လင်းလက်ကြယ်က အလေးအနက် စဉ်းစားနေသည့်ဟန်ဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း

''ဒီတော့ နှင်းက ဘယ်လိုလုပ်ချင်လို့လဲ''

''တောနောကို မြေကြီးထဲမှာ တွင်းတူးပြီး မြှုပ်ပစ်လိုက်တော့မယ်လို့ ငါစိတ်ကူးထားတယ်လင်းလက်၊ အို . . . မြှုပ်မယ်ဆို ကြာပါတယ်ဟာ။ အခုပဲ . . . ခြံထောင့်မှာ ကျင်းသွားတူးပြီး မြှုပ်ပစ်လိုက်ကြရအောင်''

လင်းလက်ကြယ်က ခဏမျှငိုင်ကာ စဉ်းစားနေသေး၏။ သူမမှာ ဘာအကြံအစည်ရှိသလဲဆိုသည်ကိုတော့ မည်သူမျှ သိနိုင်လိမ့်မည် မဟုတ်ပေ။

''လာ . . . သွားကြမယ်''

လင်းလက်ကပြောပြီး ကုတင်ပေါ်မှ ဆင်းလိုက်သည်။

ချစ်သက်နွယ်ကလည်း ဗီရိုကိုဖွင့်ပြီး တောနောကို ဆွဲထုတ်လိုက်လေသည်။ တောနော၏ မျက်လုံးများကတော့ ရက်စက်ရန်လိုစွာဖြင့် သူတို့နှစ်ယောက်ကို စိုက်ကြည့်နေလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒုတ် . . . ဒုတ် . . . "

မြေကြီးကို ဂေါ်ပြားဖြင့် တူးဆွနေသံမှတစ်ပါး အခြားဘာသံမှ မကြားရလောက်အောင် တိတ်ဆိတ်လွန်းနေသဖြင့် ပို၍ ချောက်ချားစရာကောင်းနေ၏။

အချိန်က နံနက်အရုဏ်လင်းခါနီးပြီဖြစ်သောကြောင့် သိပ်သည်းလွန်းနေအောင်တော့ မမှောင်တော့ချေ။ မကြာခင် ရောင်နီလာပေတော့မည်။

"လင်းလက် . . . လုပ်ဟာ၊မြန်မြန်တူး . . . မိုးလင်းတော့မယ်ဟ"

ချစ်သက်နွယ်က နဖူးမှချွေးများကိုသုတ်ပစ်ရင်း မြေစာခဲများကို ကော်ထုတ်နေရာမှပြောလိုက်၏။

လင်းလက်ကြယ်က ဂေါ်ပြားကို မြေကြီးပေါ်သို့ ပစ်ချပြီး



"လုပ်နေတာပဲဟ. . . မမြင်ဘူးလား၊ ဒီမှာဖြင့် မောလွန်းလို့သေတော့မယ်။ တစ်ညလုံးလည်း ကောင်းကောင်းအိပ်ခဲ့ရတာမဟုတ်လို့ နုံးချိနေပြီ"

"အဲဒါကြောင့် ပြောတာပေါ့ဟ၊ မြန်မြန်ပြီးတော့ မြန်မြန် အိပ်ရတာပေါ့ဟ၊ ဒီနေ့တော့ နေမြင့်တဲ့အထိ အိပ်ပစ်လိုက်ဦးမယ်"

"ဒုတ်. . . ဒုတ်"

သိပ်မကြာမီမှာပင် သူတို့ညီအစ်မနှစ်ဦး၏ စကားတီးတိုးပြောသံ မြေကြီးကို တူးဆွသံတို့အကြားသို့ အိပ်တန်းစောစောဆင်းသော ငှက်သံကျေးသံတွေ တစ်ချက်တစ်ချက် ဝင်လာသည်။

အရုဏ်လင်းစ ပြုလေပြီ။

"ကဲ. . . တော်ကြပါစို့ဟာ၊ ဒီကျင်းအနက်လောက်ဆိုရပါပြီ"

လင်းလက်ကြယ်က မြေကြီးပေါ်တွင် ထောက်ထားသည့် ဂေါ်ပြားကို အားပြုမှီကာရပ်ရင်း ပြောလိုက်၏။

သူတို့တူးထားသည့် ကျင်းအနက်က တောင်ဆုပ်ခန့်သာရှိသည်။ ဒီလောက်ဆို ရပါပြီလေဟု ချစ်သက်နွယ်က တွေးလိုက်၏။

သူမက သစ်ပင်ခြေရင်းတွင်ချထားသည့် တောနောက်ကို ကောက်ယူမလိုက်သည်။ အရုပ်က ခါတိုင်းထက်ပို၍ လေးလံနေသည်ဟု ထင်ရသည်။

ချစ်သက်နွယ်က သံယောဇဉ်ကို အပြတ်ဖြတ်သည့်အနေဖြင့် တောနောက၏မျက်နှာကို မကြည့်တော့ဘဲ တွင်းထဲသို့ ပစ်ချလိုက်၏။

"ဘုတ်. . . "

တောနောက်ကို မြေကျင်းထဲသို့ပစ်ချလိုက်ပြီးသည်နှင့်တပြိုင်နက် သူမ၏စိတ်ထဲတွင် တစ်စုံတစ်ယောက်က စိုက်ကြည့်နေသည်ကို ခံရသလိုမျိုး ထူးဆန်းသည့်အာရုံသိတစ်ခု ဖျတ်ခနဲပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သက်နွယ်က မရည်ရွယ်ထားပါဘဲနှင့် တစ်ဖက်ခြံရှိ သုံးထပ်တိုက်ကြီးဆီသို့ လှမ်းကြည့်လိုက်မိသည်။

"ဟင်. . . "

သုံးထပ်တိုက်အပေါ်ဆုံးက ဝရန်တာတွင် ဘီးတပ်ကုလားထိုင်ဖြင့် ထိုင်ကာ သူတို့ကို လှမ်းကြည့်နေသည့် ဦးရဲမြင့်ကို မြင်လိုက်ရလေသည်။

ဝရန်တာမျက်နှာကြက်တွင် တပ်ဆင်ထားသည့် မီးလုံးအလင်းရောင်က ဦးရဲမြင့်၏မျက်နှာပေါ်တည့်တည့် ထိုးကျနေ၏။ ထိုမီးအလင်းရောင်ဖြင့် မြင်လိုက်ရသော ဦးရဲမြင့်၏မျက်နှာအမူအရာကို ချစ်သက်နွယ်တစ်ယောက် တစ်သက်လုံး မေ့ဖျောက်ပစ်၍ ရနိုင်လိမ့်မည်မဟုတ်ပါ။

"ဒီလူကြီးရဲ့ အမူအရာက ငါတို့ တောနောက်ကို မြေမြှုပ်ပစ်လိုက်တဲ့အတွက် ဒေါသဖြစ်ပြီး မကျေမချမ်းဖြစ်နေတဲ့ပုံပဲ"

ဟု ချစ်သက်နွယ်က စိတ်ထဲမှ တွေးလိုက်၏။ ထိုအချိန်တွင် လင်းလက်ကြယ်ကလည်း ချစ်သက်နွယ်၏မျက်လုံးများသွားရာဆီသို့ လိုက်ကြည့်ရင်း ဦးရဲမြင့်ကို မြင်သွားသည့်အခါ

"ဟင်း . . . ဒီလူကြီးကလည်း မိုးတောင်မလင်းသေးဘဲ ဘာထွက်လုပ်နေတာလဲမသိဘူး"

"သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ဟာ၊ ကဲ . . . လာ. . . တောနောက်ကို ငါတို့မြန်မြန် မြေမြှုပ်ပစ်လိုက်ကြရအောင်"

သည်နေရာမှ အမြန်ဆုံးထွက်ခွာသွားချင်နေပြီဖြစ်သည့် ချစ်သက်နွယ်က အတင်းလောလိုက်၏။

ထို့နောက် သူတို့နှစ်ယောက်စလုံး မြေစာခဲများကို တွင်းထဲသို့ ပစ်ထည့်ပြီး တောနောက်ကို မြေဖို့ပစ်လိုက်ကြသည်။



အခုဆိုရင်တော့ အိပ်မက်ဆိုးတွေအားလုံး ပြီးသွားပြီပေါ့လေ. . . ဟု ချစ်သက်နွယ်က တောနောအား မြှုပ်ထားသည့်မြေပုံကို ကြည့်ရင်း တွေးလိုက်၏။

ဒုက္ခတွေအားလုံးကို ဒီနေရာမှာပဲ မြေမြှုပ်ပစ်ခဲ့ပါရစေတော့။

အိပ်ရာထဲ ပြန်အိပ်ဖို့လောက်သာ စိတ်စောနေသော လင်းလက်ကြယ်ကတော့ ဂေါ်ပြားကို ပုခုံးထက်မှာထမ်းရင်း

"ဟဲ့. . . ဘာငိုင်နေတာလဲ၊ သွားကြမယ်လေ"

"အေးပါဟ"

ချစ်သက်နွယ်က ပြောရင်း လင်းလက်ကြယ်၏ခြေလှမ်းများအတိုင်း အိမ်ဆီသို့ ဦးတည်လိုက်၏။ထိုစဉ်

"ဟော. . . သမီးတို့ပါလား၊ စောစောစီးစီး ဘာလုပ်နေကြတာလဲ"

တရင်းတနှီး နှုတ်ဆက်သံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ဟိုဘက်ခြံနှင့် စည်းရိုးကာထားသလို ဖြစ်နေသော ပုဏ္ဏရိက်ပင်တန်း၏နောက်တွင် ရပ်နေသည့် အန်တီအိရွှေစင်ကို တွေ့လိုက်ရသည်။

"ဟင်. . . အန်တီပါလား"

အန်တီအိရွှေစင်က အပြာရင့်ရောင် အထက်အောက်ဆင်တူအားကစားဝတ်စုံကို ဝတ်ဆင်ထားသဖြင့် တစ်မျိုးကြည့်ကောင်းနေသည်။ အားကစားလိုက်စားသောကြောင့်ဖြစ်မည်ထင်သည်။ သူမ၏ခန္ဓာကိုယ်က အချိုးအစားကျနပြီး ဆွဲဆောင်မှုရှိနေဆဲပင် ဖြစ်၏။

"အန်တီကော စောစောစီးစီး ဘာတွေလုပ်နေတာလဲ"

ချစ်သက်နွယ်က သူမ၏မေးခွန်းကို မဖြေချင်သောကြောင့် မေးခွန်းဖြင့်သာ တုံ့ပြန်လိုက်၏။

အန်တီအိရွှေစင်က

"အန်တီ့ခင်ပွန်းကို ဆေးတိုက်စရာရှိတော့ ဆန်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဘာနဲ့ စောစောထရတယ်လေ၊ အခုလည်း စောသေးတာနဲ့ ကိုယ်လက်လေ့ကျင့်ခန်းလုပ်ရင်း ခြံထဲမှာ တံမြက်စည်းလှည်းမလို့ ဆင်းလာတာ''

အန်တီအိရွှေစင်၏မျက်နှာက အိပ်ရာမှ နိုးကာစဖြစ်သောကြောင့် ပြည့်တင်းနေ၏။ မျက်နှာသစ်ရုံသစ်ထားပြီး မည်သည့်မိတ်ကပ်ပေါင်ဒါမျှ လိမ်းခြယ်မထားသောကြောင့် ပကတိအသားအရေအတိုင်း ကျက်သရေရှိစွာ ဝင်းပနေလေသည်။

ချစ်သက်နွယ်က

''သမီးတို့လည်း အမှိုက်လာပစ်တာ၊ မနေ့ညတည်းက မေမေ ခိုင်းထားတဲ့ အမှိုက်တွေကို မသွန်မိတာနဲ့ . . . မနက်မိုးလင်းလို့ မေမေတွေ့သွားရင် အဆူခံရမှာစိုးလို့''

မှုသားဆိုသည်မှာ မကောင်းမှန်းသိသော်လည်း အမှန်အတိုင်း ပြောပြလျှင်စကားရှည်နေမည်စိုးသောကြောင့် ချစ်သက်နွယ်က ပြီးစလွယ်ဖြေလိုက်၏။

ဒေါ်အိရွှေစင်က မျက်မှောင်ကုတ်သွားပြီး

''အမလေးကွယ် . . . ဒါလောက်နဲ့များ မှောင်ကြီးမည်းကြီးထဲ ထလာရတယ်လို့၊ အခုကြည့်စမ်း. . . မိုးတောင်လင်းသေးတာ မဟုတ်ဘူး။ မြွေပါးကင်းပါး စိုးရိမ်ရတယ်ကွယ့်၊ ကဲ. . . ကဲ မြန်မြန်ပြန်ကြ''

''ဟုတ်ကဲ့ . . . အန်တီ''

ချစ်သက်နွယ်က နှုတ်ဆက်ပြီး ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ အန်တီအိရွှေစင်၏ ခင်ပွန်း ဦးရဲမြင့်ရှိနေမည်ဖြစ်သော သုံးထပ်တိုက်အပေါ်ဆုံးဝရန်တာဆီသို့ကား ယောင်၍မျှပင် လှမ်းမကြည့်ရဲပါချေ။

■

## အခန်း (၁၆)

အပေါ်ထပ်ရှိ သူတို့ညီအစ်မနှစ်ဦး၏ အိပ်ခန်းထဲသို့ ပြန်ရောက်ကြသောအခါ လင်းလက်ကြယ်က ရေချိုးခန်းထဲသို့ အရင်ဝင်ပြီး မျက်နှာနှင့်ခြေလက်များကို ဆေးကြောသည်။ ထို့နောက် စကားတစ်ခွန်းမှ မပြောနိုင်တော့လောက်အောင် မောပန်းနွမ်းနယ်နေဟန်ဖြင့် အိပ်ရာဝင်သွားလေသည်။

ချစ်သက်နွယ်ကတော့ မြေကြီးခဲများဖြင့် ပေကျံနေသည့် ခြေထောက်နှင့်လက်တို့ကို ငုံ့ကြည့်ရင်း ရေချိုးရင်ကောင်းမလားဟု တွေးစားလိုက်သည်။ သန်းခေါင်ယံအချိန်လောက်တုန်းကလည်း ပေစွန်းသော မီးဖိုချောင်တစ်ခုလုံးကို သန့်ရှင်းရေးလုပ်ခဲ့ရသေးရာ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည်ဟု သူမစိတ်ထဲတွင် မသိမသာ [illegible] [illegible]၏။

ထို့ကြောင့် ချစ်သက်နွယ်က ရေပိုက်ခေါင်းတို့ ဖွင့်ပြီး ရေချိုး

www.burmeseclassic.com



ကြွေဇလုံအတွင်းသို့ ရေဖြည့်လိုက်သည်။ သည်ကြွေဇလုံထဲတွင် ရေနွေးဖြင့်စပ်ကာ (၁၅) မိနစ်ခန့် သက်တောင့်သက်သာစိမ်နေလိုက်ရလျှင် ဖိစီးနေခဲ့သောစိတ်သောကများ၊ ပင်ပန်းထားခဲ့သမျှ နွမ်းနယ်မှုများအားလုံး ပြေလျော့သွားလိမ့်မည်ဟု တွေးလိုက်မိသည်။

ထိုအတွေးဖြင့်ပင် ရေချိုးကြွေဇလုံအတွင်းသို့ ဆင်းစိမ်ရင်း ရေနွေးပိုက်ခေါင်းကိုပါ ဖွင့်ချလိုက်၏။ ထို့နောက် သူမ၏ဆံနွယ်စတွေကို ကြွေဇလုံအပြင်သို့ ဖြန့်ချရင်း သက်တောင့်သက်သာမှီထိုင်ကာ မျက်စိအစုံကို မှိတ်ထားလိုက်လေတော့သည်။

မျက်စိကို မှိတ်လိုက်ခါမှ တောနော၏မျက်နှာက အာရုံထဲတွင် ဖျတ်ခနဲ ပေါ်လာသည်။ ဟင့်အင်း . . . ဟင့်အင်း ငါ ဒါတွေကို သတိရနေဖို့ မလိုတော့ဘူး၊ အားလုံးဟာ ပြီးဆုံးသွားခဲ့ပြီပဲ။

နောက်ထပ် ထိတ်လန့်ချောက်ချားစရာများ ဖြစ်စရာအကြောင်း မရှိတော့ပါ။ သွေးပျက်စရာကောင်းသော ညသန်းခေါင်ယံတို့ကို ကျော်ဖြတ်ဖို့ မလိုတော့ပါ။

ထိုအတွေးဖြင့်ပင် သူမ၏ တင်းကြပ်နေသောစိတ်ကို လျှော့ချလိုက်၏။ တစ်ကိုယ်လုံးကို စိမ်ထားသော ရေပူရေနွေး၏ အထိအတွေ့ကြောင့်လည်း ခန္ဓာကိုယ်မှာရှိသမျှ ကြွက်သားတွေအားလုံး ညောင်းညာကိုက်ခဲမှု ပြေလျော့သွားသည်ဟု ခံစားရသည်။

တဖြည်းဖြည်းနှင့် တစ်ကိုယ်လုံးပေါ့ပါးလာသည်။ ရေချိုးကြွေဇလုံ၏ဘောင်ပေါ် ခေါင်းတင်ကာမှီရင်း အလိုက်သင့်ပင် မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

အားလုံးပြီးဆုံးသွားပြီဟု သူမထင်မှတ်ထားခဲ့သမျှသည် လုံးဝ များယွင်းနေကြောင်း အိပ်ပျော်သွားပြီးသည့်နောက်မှ သူမ သိလိုက်ရသည်။

အကယ်စင်စစ် ထိတ်လန့်ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးများ



သည် အခုမှပင်စတင်ခြင်းဖြစ်လေတော့သည်။

●

အိပ်မက်ထဲမှာမို့လို့လားမသိ မြင်ကွင်းသည် ထူးဆန်းသော အလင်းရောင်တစ်မျိုးဖြင့် တောက်ပနေ၏။ သို့သော် မည်သည့်အရာကိုမှ ပြတ်ပြတ်သားသား မမြင်ရ။

ငါ့အိပ်မက်ထဲမှာ ငါက ဘယ်ကိုရောက်နေတာလဲ . . . ဟု ချစ်သက်နွယ်က တွေးလိုက်သည်။ သူမကိုယ်သူမ ဘယ်ရောက်နေမှန်း မသိ၊ သို့သော် သည်မြင်ကွင်းသည် သူမနှင့်ရင်းနှီးနေသော နေရာတစ်ခု ဖြစ်သည်ဟုတော့ စိတ်ထဲက အလိုလို ခံစားနေရ၏။

ဘယ်နေရာမှန်းလည်း သဲသဲကွဲကွဲတော့မမြင်ရ။ နေရာတကာ တိုင်းတွင် ချောက်ချားဖွယ်ကောင်းသော ပြာလွှဲ့လွှဲ့အလင်းရောင်တစ်မျိုး ကသာ ကြီးစိုး၍ နေလေသည်။

ထိုအခိုက်အတန့်တွင် သူမ၏မြင်ကွင်းထဲသို့ လူရိပ်တစ်ခုပ် ဖြတ်ပြေးပြီး ဝင်လာသည်။ ညဝတ်အင်္ကျီအပြာရောင် ဝတ်ထားသော မိန်းကလေးတစ်ယောက်ဖြစ်၏။ (ညဝတ်အင်္ကျီက အဖြူရောင်ဖြစ်ပြီး အလင်းရောင်ကြောင့် အမြင်မှားနေတာမျိုးလည်း ဖြစ်နိုင်ပါသည်။)

ထိုမိန်းကလေးပြေးလာပုံက အလွန်လျင်မြန်လွန်းသော်လည်း ချစ်သက်နွယ်၏ အမြင်အာရုံထဲမှာတော့ အနှေးပြကွက်တစ်ခုလို မြင်နေရ၏။ ထိုမိန်းကလေးကို သေသေချာချာ ကြည့်လိုက်တော့

''ဟင် . . . လင်းလက်''

ချစ်သက်နွယ်၏နှုတ်မှ ယောင်ယမ်းအော်ဟစ်မိတော့ [illegible] သွားသည်။ နောက်ကျောမှကြည့်ရသော်လည်း သူမ အမြင် [illegible] အဲသည် ညဝတ်အင်္ကျီသည် လင်းလက်ကြယ် အမြဲဝတ် [illegible] ရှိသော

www.burmeseclassic.com

www.burmeseclassic.com



အကျိုးဖြစ်မှန်း သူမ သေသေချာချာ မှတ်မိသည်။

လင်းလက်ကြယ်ဟု ထင်ရသောမိန်းကလေးက အမြင့်တစ်နေရာ၏ အစွန်အဖျားစပ်ဆီသို့ တစ်ဟုန်ထိုးပြေးသွားလေသည်။ သူမ ဘာလုပ်တော့မည်ဆိုသည်ကို ချစ်သက်နွယ်စိတ်ထဲမှာ အလိုလို သိသွားသလို ခံစားလိုက်ရသည်။

"လင်းလက် . . . မလုပ်နဲ့"

သူမ၏ အော်ဟစ်သတိပေးသံမဆုံးခင်မှာပင် လင်းလက်ကြယ်ဟုထင်ရသော မိန်းကလေးက ဟိုးအောက်ဘက်ဆီသို့ လွှားခနဲခုန်ချလိုက်လေတော့သည်။

"အား . . . "

နာကျင်စွာ မချိမဆန့်အော်ဟစ်လိုက်သော လင်းလက်ကြယ်၏အသံကို ကြားလိုက်ရ၏။

ချစ်သက်နွယ် ဖျတ်ခနဲလန့်နိုးလာသည်။ ရေချိုးကြွေဇလုံထဲမှ ရေများကလည်း အေးစက်နေလေပြီ။ သူမ ကမန်းကတန်းထပြီး တစ်ကိုယ်လုံးကို တဘက်ဖြင့်သုတ်ကာ အဝတ်အစား ကောက်ဝတ်လိုက်၏။

ချောက်ချားစရာကောင်းသော အိပ်မက်ကြောင့် သူမ၏လက်တွေ တုန်ယင်နေဆဲပင်ရှိသေးသည်။ ခါတိုင်းမက်နေကျ အိပ်မက်တွေထက်ပင် သည်အိပ်မက်က တကယ့်အစစ်အမှန်နှင့်ပိုပြီး တူနေသေးတော့သည်။

အထူးသဖြင့် ခုန်ချသွားပြီး နာနာကျင်ကျင်အော်ဟစ်လိုက်သည့် လင်းလက်ကြယ်၏အော်သံကို အိပ်မက်မဟုတ်ဘဲ အပြင်မှာပါ နားနှင့်ဆတ်ဆတ်ကြားလိုက်ရသလို ထင်မိသည်။

တွေးရင်းနှင့် ချစ်သက်နွယ်တစ်ယောက် တုန်ယင်နေသည့် နှလုံးသားကိုထိန်းချုပ်ရင်း အပြင်ထွက်ဖို့ ရေချိုးခန်းတံခါးကို ဆွဲဖွင့်



လိုက်သည်။ ထိုအခါကျမှပင် အောက်ထပ်ရှိ မိခင်ဖြစ်သူ၏ သည်းသည်းလှုပ်လှုပ်အော်ဟစ်သံက နားထဲသို့ တိုးဝင်လာ၏။

"အောင်မယ်လေး . . . သမီး သမီး . . . လင်းလက် . . . ဘယ်လိုဖြစ်ရတာလဲသမီးရယ်၊ လာကြပါဦး . . . သမီးလေးကို ကယ်ကြပါဦး"

ချစ်သက်နွယ်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ရေချိုးခန်းနှင့် ဆက်နေသောအိပ်ခန်းထဲရှိ ကုတင်ပေါ်ကို လှမ်းကြည့်လိုက်တော့ . . .

"ဟင် . . . လင်းလက်လည်း မရှိပါလား"

သူမ၏ဦးခေါင်းတစ်ခုလုံးဆီသို့ သွေးတွေ ဒိုင်းခနဲဆောင့်တက်ကာ ထုံပူသွားသလို ခံစားလိုက်ရ၏။

ချစ်သက်နွယ်က ပြတင်းပေါက်ဆီသို့ တစ်ဟုန်ထိုးပြေးသွားပြီး အောက်ကိုငုံ့ကြည့်လိုက်သည်။ သူမ မမြင်ချင်ဆုံးသော ထိတ်လန့်ချောက်ခြားဖွယ်မြင်ကွင်းကို မြင်တွေ့လိုက်ရလေတော့သည်။

အပေါ်ထပ်လသာဆောင်နှင့်တည့်တည့် တံစက်မြိတ်အောက်ရှိ အုတ်ခဲဘောင်စီထားသော အဝင်လမ်းကလေးပေါ်တွင် လင်းလက်ကြယ်က ခွေခွေကလေး လဲနေသည်။ အုတ်ခဲနှင့်ဆောင့်မိထားသော သူမ၏ဦးခေါင်းမှထွက်သည့် သွေးတို့က လင်းလက်၏အဖြူရောင်ညဝတ်အင်္ကျီတစ်ခုလုံးကို ရွှဲနစ်နီဆွေးနေစေလေတော့သည်။

"လင်းလက် . . . "

ချစ်သက်နွယ်က အာခေါင်ကိုခြစ်၍အော်ဟစ်လိုက်၏။ စီးကျလာသော မျက်ရည်တွေကြောင့် မြင်ကွင်းက ဝိုးတဝါး။ မျက်ရည်စများကိုပင် သုတ်ဖယ်မပစ်နိုင်တော့ဘဲ အောက်ထပ်ဆီသို့ တရကြမ်း ပြေးဆင်းလာခဲ့တော့သည်။

ဒီ . . . အိပ်မက်ကို ကြိုတင်ပြီး ငါမက်ခဲ့ရက်သားနဲ့ လင်းလက်

www.burmeseclassic.com



သေမှာကို ငါ ဘာဖြစ်လို့ မတားဆီးနိုင်ခဲ့ရတာလဲ။

ကိုယ့်ကိုယ်ကို အပြစ်တင်သောမေးခွန်းက သူမ၏သိစိတ်ကို အဆိပ်ရှိသော ဆူးတွေလို တဆစ်ဆစ်နာကျင်ကိုက်ခဲအောင် ထိုးဆွ နေကြ၏။

ချစ်သက်နွယ်က အားသွန်၍ပြေးသွားပြီး လဲကျနေသော လင်းလက်ကြယ်၏ဘေးတွင် ဒူးထောက်ထိုင်ချကာ ပျော့ခွေနေသော သူမ၏ ခန္ဓာကိုယ်လေးကို ပွေ့ချီလိုက်သည်။

"လင်းလက် . . . လင်းလက် နင်မသေရဘူး"

"လာကြပါဦးရှင် . . . ကျွန်မသမီးလေး ခေါင်မိုးပေါ်က လိမ့်ကျလို့ ကယ်ကြပါဦး"

မိခင်ဖြစ်သူကတော့ သွေးရူးသွေးတန်းဖြင့် အော်ဟစ်အကူ အညီ တောင်းနေသည်။

ချစ်သက်နွယ်က လင်းလက်၏ရင်ဘတ်ကို နားဖြင့်ကပ်၍ နှလုံး ခုန်သံကို နားထောင်ကြည့်လိုက်စဉ် လင်းလက်ကြယ်၏မျက်လုံးများက အနည်းငယ် ပွင့်ဟလာပြီး လေသံမျှကြားရရုံ စကားတစ်ခွန်းကို တိုး ဖျော့စွာ ပြောလိုက်သည်။

"ချစ်သက် . . . နင်ကြောက်အောင် . . . ငါ . . . နောက် ခဲ့မိတာတွေ. . . ခွင့်လွှတ် . . . "

ဒါ လင်းလက်ကြယ်၏ နောက်ဆုံးစကားများပင် ဖြစ်တော့ သည်။

အိပ်မက်မဟုတ်ပါ။

လင်းလက်ကြယ် တကယ်ပင် သေဆုံးသွားခဲ့လေပြီ။



ဖေဖေ ပြန်ရောက်လာသည်အထိ စောင့်မနေနိုင်ကြတော့ဘဲ လင်းလက်၏အလောင်းကို ဆေးရုံသို့ ပို့လိုက်ကြသည်။

သည်နောက်မှာတော့ အိမ်ရှေ့မြေကွက်လပ်ပေါ်တွင်ကနားဖျင်း ထိုးခြင်း၊ လက်ဘက်ခြောက်၊ ကွာစေ့လော်ထုပ် အစရှိသည့် ညှော်ခံပွဲယ်ရာ များ ဝယ်ခြမ်းခြင်းတို့ကို အိမ်နီးနားချင်းများက ဝိုင်းဝန်းလုပ်ကိုင်ပေး ကြသည်။

ချစ်သက်နွယ်ကတော့ မေမေ့အနားတွင်ကပ်ကာ တရှုံ့ရှုံ့ငိုနေရုံ ကလွဲ၍ ဘာမှလုပ်ကိုင်ဖို့ အင်အားမရှိတော့။ အသုဘသတင်းမေးလာ သော အိမ်နီးနားချင်းများကို မေမေက မျက်ရည်သုတ်ရင်း ပြောပြနေ ရ၏။

"ကျွန်မစိတ်ထဲမှာတော့ သမီးနှစ်ယောက်လုံး အိပ်နေကြတုန်း ပဲလို့ ထင်နေတာ။ ထုံးစံအတိုင်း ကျွန်မလည်း မနက်စောစော ဘုရား ဆွမ်းတော်ကပ်ပြီးတာနဲ့ ခြံရှေ့မှာ တံမြက်စည်းလှည်းနေတုန်း 'အား' ခနဲအော်သံကြားလို့ မော့ကြည့်လိုက်တော့ ခေါင်မိုးအစွန်းဆီကနေ သမီးလေး ပြုတ်ကျလာတာကိုတွေ့လိုက်ရတော့တာပဲ"

နေ့လည်ခင်းကျတော့ ဖေဖေ အိမ်ပြန်ရောက်လာသည်။ မေမေက ဖေဖေ့ကိုတွေ့သည်နှင့် ရင်ခွင်ထဲအတင်းတိုးဝင်ကာ ကလေးငယ် လေးတစ်ယောက်လို ကြုံကြုံပါအောင် ငိုချလိုက်လေတော့သည်။ ဖေဖေ ကလည်းနှစ်သိမ့်စကားပြောဖို့ နှုတ်ခမ်းတွေကိုသာ တလှုပ်လှုပ်ဟနေပြီး နေရသည်။ အသံကတော့ လုံးဝ ထွက်မလာ။ ရင်ထဲမှာ ဆို့နင့်နေပုံ ရ၏။

ချစ်သက်နွယ်က မိခင်နှင့် ဖခင်ဖြစ်သူတို့၏ ပူဆွေးကြေကွဲမှု ကို မကြည့်ရက်သောကြောင့် ကျောခိုင်းလိုက်သည်။ ထိုသို့ကျောခိုင်း လိုက်ကာမှ လမ်းမပေါ်တွင် ကျွန်မတို့အိမ်ဘက်ဆီသို့လာနေသော အန်ကယ်ဦးတင်အောင်နှင့် ဖိုးသား ဖိုးခွားတို့ သားအဖကို မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အချိန်မျိုးတွင် ဖြစ်နိုင်လျှင် သူတို့နှင့် မဆုံချင်ပါ။

အထူးသဖြင့် ဖိုးသား ဖိုးခွားတို့ညီအစ်ကိုကိုပေါ့။ သူတို့ညီအစ်ကိုကို လင်းလက်က ရုပ်သေးရုပ်ဖြင့်ဖျော်ဖြေရင်း ပျော်ရွှင်ခဲ့ကြသည့် ပုံရိပ်များကို ဘယ်လိုမေ့ဖျောက်ပစ်လို့ ရနိုင်မှာလဲ။

တွေးရင်းနှင့် ချစ်သက်နွယ်၏ရင်ထဲတွင် နာကျင်လာသည်။ လင်းလက်ရယ် . . . အခုနေ ဖိုးသားတို့ကမေးရင် ငါဘယ်လို ဖြေရမှာလဲ။

သူတို့ကိုရှောင်ရန် အိပ်ခန်းထဲသို့ ခဏဖြစ်ဖြစ်ဝင်ပြီး တစ်ယောက်တည်းကြိတ်ငိုနေရတာကမှ ကောင်းလိမ့်ဦးမည်ဟု တွေးလိုက်သည်။ အိမ်ထဲမှာလည်း အသုဘသတင်းလာမေးသူတွေ ကူညီလုပ်ကိုင်ပေးဖို့ ရောက်နေသူတွေနှင့် ရှုပ်ယှက်ခတ်နေကြသည်မဟုတ်လား။

ချစ်သက်နွယ်က အပေါ်ထပ်အိပ်ခန်းဆီသို့ တက်ရန် လှေကားဆီရောက်အလာတွင် အိမ်နံဘေးတံခါးပေါက်အနီးတွင် မယောင်မလည်ရပ်နေသော ဝါဝါ့ကို တွေ့လိုက်ရသောကြောင့် လှမ်းခေါ်လိုက်သည်။

"ဟဲ့ . . . ဝါဝါ၊ အိမ်ထဲဝင်လေ၊ ဘာလုပ်နေတာလဲ။ အန်တီအိရွှေစင်ကော မပါဘူးလား"

ဝါဝါက အနည်းငယ် တုံ့ဆိုင်းဆိုင်းဖြစ်နေပြီးမှ

"သူ . . . သူ နောက်မှလာလိမ့်မယ်ထင်တယ်၊ ဟိုလေ . . . ငါ . . . ငါ နင်နဲ့အတူတူ အပေါ်ထပ်ကို လိုက်ခဲ့လို့ရမလား"

အိမ်ထဲမှာ ဧည့်သည်တွေများနေသောကြောင့် သူမ အနေရကျဉ်းကြပ်နေခြင်းဖြစ်ပုံရသည်ဟု ချစ်သက်နွယ်က တွေးလိုက်၏။ ထို့ကြောင့် သူမက

"လာလေ . . . ရပါတယ်ဟ၊ ငါ့အခန်းထဲကို သွားဖို့များ ခွင့်တောင်းနေစရာ မလိုပါဘူးဟာ"

"ဒီလို ဘယ်ဟုတ်မလဲ၊ နင်က ဝင်ခွင့်ပေးမှ ငါက ဝင်လို့ရ



မှာကိုး"

ချစ်သက်နွယ်က ဝါဝါ့ကို အိပ်ခန်းထဲသို့ ခေါ်လာခဲ့သည်။ ဝါဝါက စိတ်မကောင်းစွာ ငေးကြည့်ရင်း

"နင်တို့ ညီအစ်မက အရမ်းချစ်တော့ တော်တော်ခံစားရမှာပဲနော်၊ ငါနားလည်ပါတယ်ဟာ။ ငါ့မောင်လေး ဆုံးတုန်းကလည်း ဒီလိုပါပဲ"

ဝါဝါပြောလိုက်သော စကားထဲတွင် 'နင်တို့ညီအစ်မက အရမ်းချစ်တော့' ဟူသောစကား ပါလာသောကြောင့် ချစ်သက်နွယ် တုန်လှုပ်သွားရ၏။ တကယ်တမ်းကျတော့ အသက်ရှင်နေစဉ်ကာလတုန်းမှာ သူနှင့် လင်းလက်ကြယ်တို့ သည်ထက်ပိုပြီး ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြဖို့ကောင်းသည်မဟုတ်လား။ သေသွားပြီဆိုမှတော့ ချစ်ခြင်းဖြင့်မနေထိုင်ခဲ့ရသော နာရီတိုင်း မိနစ်တိုင်းသည် နှမြောတသဖွယ်ရာ အကြီးမားဆုံး ဆုံးရှုံးမှုပင် ဖြစ်တော့သည်။

ဝါဝါက

"လင်းလက်ကလည်းဟယ် . . . ဖြုန်းစားကြီး ဘယ်လိုဖြစ်သွားရတာလဲ"

"ငါတော့ သေသေချာချာ မသိဘူး၊ မေမေကတော့ လင်းလက်ခေါင်မိုးပေါ်က လိမ့်ကျသွားတာ မြင်လိုက်ရတယ် ပြောတာပဲ"

"ဟင် . . . လင်းလက်က မနက်စောစောစီးစီး ခေါင်မိုးပေါ် ဘာတက်လုပ်ရတာလဲ"

ဝါဝါ့အမေးစကားကြောင့် ချစ်သက်နွယ်က ခေါင်းကို ခါယမ်းပြလိုက်ရင်း

"ငါလည်း အဲဒါကိုပဲ သိချင်နေတာ"

"ဒါဆို နင်နဲ့ငါ တက်ကြည့်ကြရင် မကောင်းဘူးလား ခေါင်မိုးပေါ်တက်လို့ရတဲ့ လှေကားရှိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



''အင်း. . . ရှိတယ်၊ စတိုခန်းဘေးမှာ မီးလောင်ရင်သုံးဖို့ အရေးပေါ်လှေကားကနေ ခေါင်မိုးပေါ်တက်လို့ရတယ်။ လာ . . . သွားကြည့်ကြရအောင်''

ချစ်သက်နွယ်က ဦးဆောင်ပြီး မတ်စောက်သော သံလှေကားကို လက်ဖြင့် ကုပ်တွယ်ကာခေါင်မိုးပေါ်သို့ တက်ခဲ့ကြ၏။ အိမ်ခေါင်မိုး အုတ်ကြွပ်ပြားများက နီညိုရင့်ရောင် သန်းနေပြီး အချို့နေရာများတွင် ကပ်ပါးပင် စိမ်းစိမ်းကလေးတွေ အစုလိုက် ငြိတွယ်ပေါက်ရောက်နေကြ၏။

ချစ်သက်နွယ်က လသာဆောင်ဘက်ရှိရာဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး

''အဲဒီဘက်အစွန်က လိမ့်ကျသွားတယ်လို့ ပြောတာပဲ''

ဝါဝါက ပြေလျှောသောခေါင်မိုးဆင်ခြေလျှောအတိုင်း သတိကြီးစွာသွားနေရင်း တုံ့ခနဲရပ်လိုက်သည်။ နေရာမှာပင် မလှုပ်မရှား. . . ငြိမ်သက်လျက်။ သူမ၏ မျက်လုံးတွေကတော့ တစ်စုံတစ်ရာကို စိန်းစိန်းကြီး စိုက်ကြည့်နေသည်။

''ဟေ့. . . ဝါဝါ၊ ဘာကို ကြည့်နေတာလဲ''

ချစ်သက်နွယ်က မေးရင်း ရှေ့သို့အနည်းငယ် တိုးသွားလိုက်သည်။ သူမ၏မေးခွန်းကိုဘယ်သူမှ ပြန်ဖြေဖို့ မလိုတော့ပါ။ ဝါဝါစိုက်ကြည့်နေသောအရာကို ချစ်သက်နွယ်လည်း မြင်လိုက်ရပြီဖြစ်သည်။

ထိုအရာကား ခေါင်မိုးအစပ်နားရှိ အုတ်ကြွပ်တစ်ချပ်တွင် တွယ်ငြိလျက်သားဖြစ်နေသည့် အရုပ်တစ်ရုပ်. . . ။

မြေကြီးခဲများတစ်ကိုယ်လုံးပေကျံနေသည့် သစ်သားရုပ်တောနောသည် ရက်စက်ရန်လိုသော သရော်ပြုံးဖြင့် သူတို့နှစ်ယောက်ကို လှမ်းကြည့်နေလေသည်။

■

## အခန်း (၁၇)

မြေကြီးခဲတွေ ပေကျံနေသည့် တောနောအရုပ်ကိုကိုင်ကာ အိပ်ခန်းထဲသို့ ပြန်ဆင်းလာခဲ့သည်။ ဒီအရုပ်ကို ဘယ်လိုဖျက်စီးပစ်ရမလဲဟုတွေးရင်း ချောက်ချားသထက် ချောက်ချားနေမိ၏။

တကယ်ပဲ ဒီအရုပ်ကို ဘယ်လိုနည်းနဲ့မှ အနိုင်မရတော့ဘူးလား။

ဝါဝါက

''ဘာဖြစ်လို့လဲဟင် . . . ချစ်သက်''

''ဒီ. . . ဒီအရုပ်က လင်းလက်ကိုသတ်လိုက်တာ''

သူမ၏စကားကြောင့် ဝါဝါတုန်လှုပ်သွားလိမ့်မည်ဟု ထင်ပြီး လှမ်းကြည့်လိုက်သည်။ သို့သော် သူမ အတွက်မှားသွား[illegible]

ဝါဝါက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း [illegible] ကြည့်နေသည်။ ချစ်သက်နွယ်က

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်က ငါပြောတာ မယုံဘူးလား ဝါဝါ။ ဒီလိုကိစ္စမျိုး မဖြစ်နိုင်ဘူးလို့ နင်ထင်နေတယ်ပေါ့ ဟုတ်လား . . . "

ဝါဝါက ခေါင်းကိုထပ်ပြီး ခါယမ်းလိုက်ပြန်သည်။ ဝါဝါ့မျက်နှာက သွေးဆုတ်ဖြူရော်နေ၏။ ဝါဝါက

"မဖြစ်နိုင်ဘူးလို့ ငါမငြင်းပါဘူး ချစ်သက်နွယ်၊ နင်စွပ်စွဲတာ တရားခံမှားနေတယ်လို့ ပြောချင်တာပါ"

"ဘာပြောတယ် ဝါဝါ"

"တကယ့်တရားခံအစစ်က နင့်လက်ထဲကအရုပ်မဟုတ်ဘူး။ သူက အနိုင်းခံရတဲ့ ဓါးစာခံပဲ။ သူ့ကိုနိုင်းနေတဲ့နောက်ကွယ်က တရားခံအစစ်က ဟောဟို ကုလားထိုင်ပေါ်က အရုပ်ပဲ"

ဝါဝါက ပြတင်းပေါက်ရှေ့ ကုလားထိုင်ပေါ်တွင် တင်ထားသော လေက်ဝါးဆီသို့ မေးငေါ့ပြရင်း ပြောလိုက်၏။

ချစ်သက်နွယ် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဘာ၊ နင် . . . နင် ဘယ်လိုလုပ်ပြီးပြောနိုင်တာလဲ၊ လေက်ဝါးအကြောင်းကို နင်ဘယ်လို သိနေတာလဲ"

"နင် သိပ်အံ့သြသွားလား ချစ်သက်။ အဲဒီ ကုလားထိုင်ပေါ်က အရုပ်ဟာ တစ်ချိန်တုန်းက ငါ့မောင်လေး ပိုင်ဆိုင်ခဲ့တာပါလို့ ပြောရင် နင်ယုံမှာလား"

"နင်. . . နင်တကယ်ပြောတာလား ဝါဝါ"

"ငါတို့မောင်နှမအတွက်ဆိုပြီး ဖေဖေက ရုပ်သေးရုပ်နှစ်ရုပ်ကို အော်ဒါမှာပြီး အပ်ခဲ့တယ်။ တကယ်တမ်းသွားရွေးရမယ့်အချိန်ရောက်တော့ ရုပ်သေးကို ဝါသနာမပါတဲ့ငါက သွားမရွေးဖြစ်ဘူးလေ။

မောင်လေးကတော့ ဟောဒီလေက်ဝါးဆိုတဲ့အရုပ်ကို မြင်မြင်ချင်း အရမ်းသဘောကျသွားပြီးတော့ အိမ်ကိုတခါတည်း အပါခေါ်လာတယ်။ အဲဒီနေ့ကစပြီး မောင်လေးဟာအရုပ်ကို လက်က မချတော့ဘူး။ ထမင်းစားတာတောင်မှ သူ့အရုပ်ကိုတကိုင်ကိုင်နဲ့၊ အိပ်ရင်လည်း အရုပ်ကို ရင်ခွင်ထဲမှာ ပွေ့ပြီးအိပ်တယ်။



အဲ . . . ထူးခြားတာတစ်ခုကတော့ အဲဒီအရုပ်ရောက်လာပြီးမှ ငါတို့အိမ်ဟာ ဆိုးဆိုးရွားရွား စီးပွားကျဆင်းလာတယ်။ ကျန်းမာရေးဆိုတာကလည်း တစ်ယောက်တစ်မျိုး ချူချာလိုက်ကြတာ မပြောပါနဲ့တော့။

အဲဒီအရုပ်ရောက်လာပြီး တစ်လအကြာမှာပဲ ငါ့အမေ ကွယ်လွန်သွားတယ်လေ။ အဲ . . . နောက် ဘာမှမကြာလိုက်ပါဘူး။ ငါ့မောင်လေးလည်း ဝရန်တာက ပြုတ်ကျပြီး ဆုံးသွားတော့တာပဲ. . . "

ဝါဝါ့စကားကို နားထောင်ပြီး ချစ်သက်နွယ်၏ကျောထဲတွင် အလိုလို စိမ့်တက်လာသည်။

ဒီလိုအဖြစ်ဆိုးတွေဟာ တကယ်ပဲလား။

ဝါဝါကတော့ ဖြူဖျော့သော မျက်ဝန်းအစုံဖြင့် အဝေးဆီသို့ငေးရင်း ဆက်ပြောနေသည်။

"မေမေကော မောင်လေးပါ ဆုံးသွားပြီးကတည်းက ဖေဖေလည်း နောက်အိမ်ထောင်ပြုလိုက်တယ်။ ပြီးတော့ ဒီအိမ်ကြီးဆီကို ပြောင်းလာခဲ့ကြတော့တာပဲ။ ငါလည်း အဲဒီရုပ်သေးရုပ်ကိုမြင်တိုင်း ငါ့မောင်လေးရဲ့ အဖြစ်ဆိုးကိုသတိရတာကြောင့်ကော၊ ကြောက်တာကြောင့်ပါ အဲဒီအရုပ်ကို ခြံထောင့်မှာ လွှင့်ပစ်လိုက်တယ်"

"ဟင် . . . ဟုတ်တယ်၊ ဟုတ်တယ် လေက်ဝါးကို ငါတို့ ကောက်ရတဲ့နေရာက နင်တို့ခြံထောင့်ဆီကပဲ"

ချစ်သက်နွယ်၏စကားကို ဝါဝါက ကြားဟန်မတူ။ သူ့အငေးတွေက ကမ္ဘာလောက၏ အပြင်ဘက်ဆီသို့ မျောလွင့်နေပုံရ၏။

နောက် . . . ဝါဝါက ချစ်သက်နွယ်ဘက်သို့ မျက်နှာမူ၍ ...

www.burmeseclassic.com

www.burmeseclassic.com



လှည့်လာသည်။ ထို့နောက် မပွင့်တပွင့် လေသံဖြင့် တိုးတိုးကလေး ပြော၏။

''လာမယ့် (၂၃) ရက်နေ့ဆို ငါ့မောင်လေးသေတာ တစ်နှစ်ပြည့်ပြီ။ အဲဒီနေ့ကျရင် ငါလည်း ငါ့မောင်လေးနောက်ကို လိုက်သွားရတော့မယ် ထင်ပါရဲ့ဟယ်''

''ဘာ. . .နင် ဘာတွေလျှောက်ပြောနေတာလဲ ဝါဝါ။ အမိပ္ပာယ်မရှိတာတွေဟာ . . . သေတဲ့လူက သေပြီးပြီပဲ''

''သေပြီးတဲ့နောက်မှာ အားလုံးပြီးဆုံးသွားပြီလို့ နင့်ကို ဘယ်သူကပြောသလဲ ချစ်သက်နွယ်။ ငါ့အိပ်မက်ထဲကို မောင်လေးက အမြဲတမ်းလာတယ်၊ သူနဲ့အတူ လာနေပါလို့လဲ အိပ်မက်ထဲမှာ အမြဲပြောတယ်။ သူ့ကိုချစ်မယ့် ခင်မယ့်သူမရှိတဲ့ သူစိမ်းလောကကြီးထဲမှာ နေရတာ အထီးကျန်လွန်းလို့ပါတဲ့။ သူဆုံးတာ တစ်နှစ်ပြည့်တဲ့နေ့ကျရင် ငါ့ကို လာခေါ်မယ်လို့ ပြောတယ် . . . ချစ်သက်နွယ်''

''ဟင်. . .''

သူမ ဘာပြန်ပြောရမည်မှန်း မသိတော့ပါ။ ဝါဝါဆိုသော ဒီမိန်းကလေးသည် အထီးကျန်လွန်းသဖြင့် စိတ်ကယောင်ချောက်ချားဖြစ်နေသည်လား။ ဒါမှမဟုတ် သူယုံကြည်ရာကို တကယ်အတည်ပြောနေသည်လား . . . ခွဲခြားရခက်လှသည်။

''ဟင့်အင်း . . . အဓိပ္ပာယ်မရှိတာတွေ။ နင်မသေရဘူး. . . ဝါဝါ ဘာပဲဖြစ်ဖြစ် နင်ဟာငါ့ရဲ့သူငယ်ချင်းပါ။ အခု လင်းလက်ကို ဆုံးရှုံးလိုက်ရတာကိုတောင် ငါရူးမတတ် ခံစားရတယ်ဆိုတာ နင်သိရဲ့လား။ ငါချစ်တဲ့သူတွေကို ထပ်ပြီး အဆုံးရှုံးမခံနိုင်တော့ဘူးဟာ''

ဝါဝါက မျက်လွှာချရင်း တိုးတိုးကလေး ပြန်ပြောသည်။

''တမလွန်ကလူတွေကလည်း သူတို့ကို ကြင်နာမယ့်၊ ခင်မင်မယ့်သူတွေကိုစောင့်နေကြရရှာတယ် ချစ်သက်နွယ်။ အေးစက်မှောင်



မိုက်တဲ့ လောကကြီးထဲမှာ သူတို့အထီးကျန်ဖြစ်နေရတာဟာ သနားစရာ မကောင်းဘူးလား''

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

လင်းလက်၏ အသုဘရက်လည်နေ့အပြီးတွင် တစ်အိမ်လုံး ခြောက်သွေ့တိတ်ဆိတ်ကာ ကျန်နေရစ်ခဲ့တော့သည်။

ခုနစ်ရက်လုံးလုံး အသုဘလာမေးသူတွေ၊ ရပ်ကွက်ထဲမှ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးသူတွေ ဝင်ဟယ်ထွက်ဟယ်ဖြင့် ရှုပ်ယှက်ခတ် ဆူညံနေခဲ့ရာမှ ဖြုန်းခနဲ တိတ်ဆိတ်ခြောက်သွေ့သွားသောအခါ . . .

သုသာန်တစပြင်လို ညှိုးရော်စွာ ကျန်ရစ်ခဲ့လေတော့သည်။

●

ညနေစောင်း နွားရိုင်းသွင်းချိန်သည် စိတ်ကို အလိုလိုနေရင်း တုန်လှုပ်အားငယ်စေလေသည်။

ည ကိုးနာရီခန့်တွင် ဖေဖေကော မေမေပါ တစ်နေ့လုံးပင်ပန်း



ထားသည့်အရှိန်ဖြင့် အိပ်မောကျနေကြပြီဖြစ်သည်။ ချစ်သက်နွယ် ကတော့ အိပ်မပျော်နိုင်သေး။

သူမက တောနောအရုပ်ကိုကော၊ လက်ဝါးအရုပ်ကိုပါ ကြိုးဖြင့်ချည်ကာ ပခုံးထက်မှာထမ်းရင်း ခြံဝင်းထဲသို့ ဆင်းလာခဲ့သည်။

အိမ်နံဘေးရှိ ဝပ် (၆၀)အား မီးလုံး၏ ဝါကျင့်ကျင့်အလင်းရောင် သည် ခြံဝင်းထဲရှိ သစ်ပင်ခြုံနွယ်များကို နာနာဘာဝတွေလို အရိပ်ဆိုး တွေ ထင်ဟပ်နေစေ၏။

ချစ်သက်နွယ်က အရုပ်နှစ်ရုပ်စလုံးကို ပုဏ္ဏားရိက်ပင်တန်း နံဘေးရှိ ခြံထောင့်သစ်ပင်အောက်တွင် ပစ်ချလိုက်သည်။ ထို့နောက် အကျီအိတ်ထဲတွင် အသင့်ထည့်ယူလာသည့် မီးခြစ်ကို ထုတ်ယူလိုက် ၏။

အနီးအနားတွင် ကောက်ယူစုဆောင်းရနိုင်သမျှသော သစ် ကိုင်းခြောက်နှင့် အမှိုက်သရိုက်များကို သစ်ပင်အောက်ခြေတွင် စုပုံ လိုက်သည်။ ထို့နောက် မီးခြစ်ဖြင့် စတင်ရှို့လိုက်၏။

ခဏကြာသောအခါ သစ်ရွက်ခြောက်များကို မီးစွဲပြီး မီးခိုးငွေ့ တွေ အူကာ ထွက်လာသည်။

ချစ်သက်နွယ်က မီးတောက်အရှိန်ရလာသည့်အချိန်ကို စိတ် ရှည်လက်ရှည်စောင့်ဆိုင်းနေလိုက်သည်။ သူမက မြေပြင်ပေါ် မှောက် လျက်သားပုံကျနေသော လက်ဝါးနှင့် တောနောအရုပ်နှစ်ရုပ်ကို တစ်ချက်လှမ်းကြည့်ပြီး အံကို တင်းတင်းကြိတ်လိုက်မိသည်။

ဒင်းတို့အရုပ်နှစ်ရုပ်စလုံးကို မီးရှို့ပစ်လိုက်မှပဲ အေးမယ် . . .

ချစ်သက်နွယ်က တင်းမာသော ဆုံးဖြတ်ချက်ဖြင့် စိတ်ထဲ ဒုန်းဒုန်းချလိုက်၏။

လက်ဝါးကြောင့်ပဲဖြစ်ဖြစ်၊ တောနောကြောင့်ပဲဖြစ်ဖြစ် . . .

လင်းလက်ကြွယ်သေရခြင်းအတွက် ညော်သူတို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။

ဒင်းတို့နှစ်ယောက်စလုံး ပြာပုံဘဝရောက်ကို ရောက်ရမည်။

စောင့်ကြည့်နေရင်းမှာပင် မီးတောက်က တဟုန်းဟုန်းအရှိန်ရလာသည်။ ချစ်သက်နွယ်က မြေကြီးပေါ်ပစ်ချထားသော အရုပ်နှစ်ရုပ်ကို ကောက်ယူပြီး မီးပုံထဲသို့ ပစ်ချရန် ဟန်ပြင်လိုက်စဉ်မှာပင်

"ဟိတ် . . . နေဦး"

တစ်ဖက်ခြံမှ လှမ်းအော်လိုက်သံကို ကြားရ၏။ လှည့်ကြည့်လိုက်တော့ အနက်ရောင် အထက်အောက်ဆင်တူဝတ်စုံကို ဝတ်ဆင်ထားသော ဒေါ်အိရွှေစင်ကို တွေ့လိုက်ရသည်။

ဒေါ်အိရွှေစင်က

"သမီး . . . ညကြီးမင်းကြီး ဘာလုပ်နေတာလဲ"

စိုးရိမ်တကြီးပြောရင်း ပုဏ္ဏားရိက်ပင်များကြားမှ တိုးဝှေ့ဖြတ်သန်းကာ ဒီဘက်ခြံသို့ ကူးလာသည်။

"ဟင် . . . ဘာဖြစ်လို့ မီးပုံကြီးဖိုထားရတာလဲသမီးရယ်။ မတော်တဆ မီးရေးထင်းရေး တစ်ခုခုဖြစ်ရင် မခက်ပါလား။ ဒီ . . . ဒီအရုပ်နှစ်ရုပ်က ဘာလုပ်ဖို့လဲ"

"သူတို့ကို မီးရှို့ပစ်မလို့ အန်တီ"

"ဟင် . . . "

ချစ်သက်နွယ်၏အဖြေကြောင့် ဒေါ်အိရွှေစင်က အလန့်တကြားဖြစ်သွားဟန်ဖြင့် ရင်ဘတ်ကိုဖိရင်း ရေရွတ်လိုက်သည်။ ထို့နောက်

"အမယ်လေး ကြဲကြဲစည်ရာ သမီးရယ်၊ မလုပ်ရဘူး . . . မလုပ်ရဘူး၊ ပေး အဲဒီအရုပ်တွေ အန်တီ့ကိုပေးနော်"

ပြောပြောဆိုဆိုဖြင့် ချစ်သက်နွယ်၏လက်ထဲမှ ရုပ်သေးရုပ်နှစ်ရုပ်ကိုအတင်းဝင်ဆွဲ၏။ ချစ်သက်နွယ်က ကိုယ်ကိုယ်နှိုကာ ရှောင်တိမ်းရင်း



"ဟင့်အင်း . . . ဒီအရုပ်တွေကို မီးရှို့ပစ်မှဖြစ်မယ်အန်တီ၊ ဒါ . . . အရုပ်မဟုတ်ဘူး။ မကောင်းဆိုးဝါးတွေ"

"ဘာ . . . ဘာပြောလိုက်တယ် သမီး"

ဒေါ်အိရွှေစင်က အလန့်တကြား ပြန်မေး၏။ ချစ်သက်နွယ်က သူမ၏ရင်ထဲတွင် တနင့်တပိုးခံစားထားရသော နာကျင်နွမ်းနယ်မှုတို့ကို ဖွင့်ဟသွန်ချလိုက်လေတော့သည်။

အကြောင်းစုံကို နားထောင်ပြီးသောအခါ ဒေါ်အိရွှေစင်၏ မျက်ဝန်းများက စာနာကြေကွဲစိတ်ဖြင့် မှိုင်းညို့သွားကြ၏။ ဒေါ်အိရွှေစင်က မောလှိုက်စွာဖြင့် ပင့်သက်ကိုချရင်း

"ဖြစ်မှဖြစ်ရလေကွယ်။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရတယ်။ တကယ်တော့ ဒါတွေဟာ သမီးရဲ့ စိတ်အထင်သက်သက်ပါပဲ။ အင်း . . . ပြောရမယ်ဆိုရင် လင်းလက် လိမ့်ကျသွားတာကို အန်တီကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်လိုက်ပါတယ်ကွယ်"

"ရှင် . . . အန်တီ မြင်လိုက်တယ် ဟုတ်လား"

"ဟုတ်တယ် သမီး . . . အဲဒီနေ့မနက်မိုးမလင်းခင် အန်တီ ခြံထဲဆင်းလာတုန်းက သမီးတို့ ပေါက်ပြားတစ်လက်နဲ့ အလုပ်ရှုပ်နေကြတယ်လေ။ ပြီးတော့ အန်တီ့ကိုနှုတ်ဆက်ပြီး အိမ်ပေါ်ပြန်တက်သွားကြရော၊ မှတ်မိသေးလား"

"အင်း . . . သမီးလည်း အိပ်ရာပေါ်တောင် မရောက်လိုက်ဘူး။ ပင်ပန်းနေတာနဲ့ ရေချိုးရင်း ကြွေဖလုံပေါ် ခေါင်းမှီပြီးအိပ်ပျော်သွားတယ်အန်တီ"

"အေး . . . သမီးတို့အိမ်ထဲ ဝင်သွားပြီး သိပ်မကြာဘူး ဆယ့်ငါးမိနစ်လောက်နေတော့ လင်းလက်တစ်ယောက်တည်း ပြန်ထွက်လာတယ်။ ပြီးတော့ . . . စောစောက မြှုပ်[illegible] ရုပ်သေးရုပ်ကလေးကို ပြန်တူးယူသွားတယ်"

www.burmeseclassic.com



"ရှင်. . . "

မည်သို့မျှ မျှော်လင့်မထားသောအဖြစ်အပျက်မို့ ချစ်သက်နွယ် မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။

"အန်တီ. . . အန်တီ တကယ်ပြောနေတာလားဟင်

"ဟုတ်တယ် သမီး၊ အဲဒီအချိန်မှာ အန်တီက အန်တီတို့ အိမ်ပေါ်ဆုံးထပ်ကဝရန်တာကိုပြန်ရောက်နေပြီဆိုတော့ အားလုံးကို အပေါ်စီးကနေ လှမ်းမြင်နေရတယ်။

လင်းလက်က ရုပ်သေးရုပ်ကို လက်တစ်ဖက်ကကိုင်ပြီး အိမ်နောက်ဘက်သံလှေခါးကနေ ခေါင်မိုးပေါ်ကို တွယ်တက်သွားနေတာကိုလည်း မြင်ရတယ်။ ခေါင်မိုးအစွန်းမှာအရုပ်ကိုတွဲလောင်းချည်ဖို့ ကြိုးစားနေတုန်း ခြေချော်ပြီးလိမ့်ကျသွားတာကိုလည်း မြင်လိုက်ရတယ်"

ဟင် . . . ဒါဆို တောနောက က သူ့ဘာသာသူ မြေကြီးထဲက ပြန်ထွက်လာတာ မဟုတ်ဘူးပေါ့. . . ဟု ချစ်သက်နွယ်က ပဟေဠိဆန်စွာ တွေးလိုက်၏။ ဒီပဟေဠိ၏အဖြေကိုတော့ သိပ်ခက်ခက်ခဲခဲ ရှာစရာ မလိုပါ။

"ချစ်သက် . . . နှင်ကြောက်အောင် . . . ငါ. . . နောက်ခဲ့မိတာတွေ. . . ခွင့်လွှတ်. . . "

လင်းလက်ကြယ် အသက်ထွက်ကာနီးဆဲဆဲတွင် နောက်ဆုံး ရေရွတ်သွားသောစကားလုံးများကို ပြန်ကြားယောင်လာ၏။

တောနောက လက်ဝါးအရုပ်ပေါ်ကို ခွစီးပြီး လည်ပင်းညှစ်နေသည့်ပုံစံဖြစ်အောင် လုပ်ထားသည်ကိုလည်းကောင်း၊ မီးဖိုချောင်ထဲတွင် တောနောက အစားအသောက်များ စားနေပုံဖြစ်အောင် လုပ်ထားသည်ကိုလည်းကောင်း မြင်ယောင်လာမိ၏။

ဒါတွေအားလုံးသည် လင်းလက်ကြယ်က လုပ်ကြံဖန်တီးခဲ့သည်ချည်းသာ ဖြစ်ပေလိမ့်မည်။



"ဒါဆို . . . တောနောက သရဲစီးနေသလိုလို ဖြစ်ခဲ့တာတွေ အားလုံးဟာ သမီးကို ခြောက်လှန့်ဖို့ လင်းလက်က တမင်လုပ်ခဲ့တာတွေ ပေါ့နော်"

ဒေါ်အိရွှေစင်က ချစ်သက်နွယ်၏မေးခွန်းကိုမဖြေဘဲ စိတ်မောသည့်အကြည့်ဖြင့် စိုက်ကြည့်ရင်း

"ကဲ . . . ကဲ သမီးရယ် ဟောဒီအရုပ်တွေကို သမီးစိတ်ထဲက မသတီဘူးဆိုရင်လည်း မီးတော့မရှို့ပစ်လိုက်ပါနဲ့ သမီးရယ်။ ပေး. . . ပေး အန်တီပဲ သိမ်းထားလိုက်ပါ့မယ်"

ပြောပြောဆိုဆိုဖြင့် ချစ်သက်နွယ်၏ လက်ထဲမှ အရုပ်နှစ်ရုပ်ကို တယုတယ ပွေ့ယူလိုက်သည်။ ထို့နောက် ချစ်သက်နွယ်၏ဦးခေါင်းမှ ဆံပင်များကို ဖွဖွလေးပွတ်သပ်ပေးပြီး တစ်ဖက်ခြံထဲသို့ လှည့်ထွက်သွားလေတော့သည်။

●

သံသယတွေကြားမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသူကတော့ ချစ်သက်နွယ်ပင် ဖြစ်သည်။

ဝါဝါကတော့ အရုပ်ကြောင့် သူတို့တစ်မိသားစုလုံး ထိခိုက်ရပြီး သူမ၏မောင်လေးပါ သေဆုံးရသည်ဟု ပြောသည်။

ဒေါ်အိရွှေစင်ကတော့ အရုပ်သည် မည်သည့်ဆိုးကျိုးကိုမှ မပေးဘဲ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ခြင်းသာ ဖြစ်သည်ဟု ပြောသွား၏။

သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကတော့ လိမ်ညာနေသူ ဖြစ်ပေလိမ့်မည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ညသည် မှောင်မိုက်ကာ အေးစက်နေ၏။

လရောင်သည် လေညင်းကို သယ်ဆောင်ကာ ပြတင်းပေါက်မှ တိုးဝင်လာသည်။

ချစ်သက်နွယ်သည် အိပ်ရာထဲတွင် သက်ပြင်းများနှင့် လုံးထွေးလူးလိမ့်နေသည်။ လင်းလက်ကို သတိရသည့်စိတ်ကြောင့် တော်တော်နှင့် အိပ်မပျော်။

အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်ဆိုးတွေက သူမကို ဖိစီးနှိပ်စက်နေကြ၏။

●



မကြာခဏ မက်နေကျအိပ်မက်ပင် ဖြစ်သည်။

အိပ်မက်ထဲတွင် သူမက မည်သည့်နေရာကို ရောက်နေမှန်း မသိ။ သို့သော် သူမနှင့် တရင်းတနှီးရှိသောနေရာတစ်ခုဖြစ်မှန်းကိုတော့ အလိုလို သိနေသည်။

ထိုတစ်ခဏတွင် ချစ်သက်နွယ်၏ မြင်ကွင်းထဲသို့ မိန်းကလေးတစ်ယောက် ပြေးဝင်လာသည်။

မြင်နေကျ ညဝတ်အင်္ကျီလေးကို ဝတ်ထားလျက်နှင့် ပြေးလွှားလာသော လင်းလက်၏ဆံပင်တွေက လေထဲမှာ ဝဲပျံနေ၏။

နောက်တစ်ခဏတွင် သူမခုန်ချတော့မည်ကို ချစ်သက်နွယ်စိတ်ထဲက (ထုံးစံအတိုင်းပို့) ကြိုသိနေသည်။ လင်းလက်ကို လှမ်းအော်ပြီး သတိပေးဖို့ ကြိုးစားသော်လည်း သူမ၏နှုတ်ခမ်းတွေက ဖွင့်ဟ၍မရ။

အနေ့ပြကွက်တစ်ခုလို ပြေးလွှားလာသော မိန်းကလေးက လွှားကနဲ တစ်ရှိန်ထိုး ခုန်ချလိုက်သည်နှင့်အတူ ကြောက်မက်ဖွယ်ရာ အော်ဟစ်သံကို ကြားလိုက်ရပြန်လေတော့၏။

"အား . . . "

●

ထုံးစံအတိုင်းပင် ထိုအိပ်မက်ကိုမက်ပြီး နိုးလာသောအခါ သူမတစ်ကိုယ်လုံး ချွေးစေးတွေနှင့် ရွှဲနစ်နေပြန်လေသည်။

အိပ်ရာထဲတွင် ဆတ်ခနဲ ထထိုင်လိုက်မိ၏။ လင်းလက်ရဲ့ အဖြစ်ဆိုးက ငါ့ကို အခုချိန်ထိ ခြောက်လှန့်နေပါသေးလား. . . ဟူသောအသိက နှလုံးသားကို ဓါးနဲ့မွှန်းသလို ခံစားရသည်။

"တီ . . . တီ. . . တီ. . . "

ညကြီးသန်းခေါင် မြည်လာသော တယ်လီဖုန်းသံကြောင့် ချစ်သက်နွယ်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဆက်တဲ့ ဖုန်းပါလိမ့် . . . ဟုတွေးရင်း ဖုန်းကိုထကိုင်လိုက်ပြီး

"ဟဲလို. . . "

"ဟဲလို . . . ချစ်သက်နွယ်လား။ ငါ ဝါဝါပါ"

ဝါဝါ့အသံက အထိတ်တလန့် ဖြစ်နေ၏။ ချစ်သက်နွယ်က စိုးရိမ်သွားပြီး

"ဟင်. . . ဝါဝါ နင်ဘာဖြစ်နေတာလဲ။ ဒီအချိန်ကြီးကျမှ ဟယ်. . . အလန့်တကြား"

"ငါအရမ်းကြောက်တယ်ဟာ။ ငါ့မောင်လေးကို အိပ်မက်မက်ပြန်ပြီ။ သူနဲ့ လာနေဖို့ ငါ့ကိုခေါ်နေတယ်။ ငါ. . . ငါ စိတ်မထိန်းနိုင်ရင် သတိတွေဘာတွေလွတ်ပြီး တိုက်ပေါ်က ခုန်ချလိုက်မိမလားမသိဘူး"

"ဘာ . . . နင်ရူးနေပြီလား ဝါဝါ။ စိတ်ကို ခိုင်ခိုင်ထားစမ်းဟာ . . . ဘာဖြစ်လို့ ခုန်ချရမှာလဲ။ အဲဒါ စိတ်ဓာတ်ပျော့ညံ့တဲ့လူတွေရဲ့အလုပ်ဟာ"

တစ်ဖက်မှ ပြောနေသော ဝါဝါ၏အသံက တဖြည်းဖြည်းနှင့် ငိုရှိုက်သံစွက်လာ၏။ ဝါဝါက

"ငါ့မောင်လေးက ငါ့ကို ခေါ်လို့မရရင် ဖေဖေ့ကို ခေါ်မယ်လို့ ပြောနေတယ်။ ငါ ဘာလုပ်ရမလဲ ဟင်"

"နင် စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး သွေးလန့်တဲ့ အိပ်မက်တွေ မက်နေတာပါဟာ။ အဲဒါကို နင်က အတည်မှတ်ပြီး ပေါက်ကရတွေ လျှောက်လုပ်မနေနဲ့"

"မဟုတ်ဘူး . . . မဟုတ်ဘူး။ မနက်ဖြန်ကျရင် ငါ့အဖေက ဆေးကုဖို့ မန္တလေးကို သွားရမှာဟ . . . လမ်းမှာ မတော်တဆ တစ်ခုခုများဖြစ်. . . "

ပြောရင်းပြောရင်းနှင့် ဝါဝါ့အသံက တိမ်ဝင်သွားပြီး ချုံးပွဲချ



ကာ ငိုကြွေးလိုက်တော့သည်။

ချစ်သက်နွယ်တစ်ယောက် ဆံပင်တွေကြား လက်လျှိုပြီး ခေါင်းကိုသာ ကုတ်မိတော့သည်။

ကယောင်ချောက်ချားဖြစ်နေသော ဝါဝါ့ကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ဖုန်းထဲမှနေပြီး ချော့ရသည်က နာရီဝက်လောက် ကြာမည်ထင်သည်။

နောက်ဆုံး . . . ဝါဝါက သက်ပြင်းရှည်ကြီးချရင်း ဘာတစ်ခုမှ မိုက်မိုက်မဲမဲ မလုပ်တော့ပါဟု ကတိပေးကာ ဖုန်းချသွားသည့်အချိန်တွင် ချစ်သက်နွယ်တစ်ကိုယ်လုံး အားအင်ကုန်ခမ်းပြီး မောပန်းနွမ်းဟိုက်လျက် ကျန်ရစ်ခဲ့လေသည်။

ဒီညအဖို့တော့ သူမ တော်တော်နှင့်ပြန်ပြီးအိပ်လို့ ရတော့မည် မထင်တော့. . . ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မနေ့ညက တစ်ညလုံး ကောင်းကောင်းမအိပ်ထားခဲ့ရသော ကြောင့် ဦးခေါင်းကို တဒုန်းဒုန်းထုရိုက်ခံနေရသလိုမျိုး နာကျင်ရိဝေသည့် ခံစားမှုဖြင့် အိပ်ရာမှ နိုးလာသည်။ နိုးပြီးသည့်နောက်တွင်လည်း တဒုန်းဒုန်းမြည်သံကို ဆက်ပြီးကြားနေရဆဲပင် ရှိသေး၏။

ဟင်. . . ဒီအသံက ငါ့အိပ်ခန်းတံခါးကို တစ်ယောက်ယောက် လာပြီး ထုရိုက်နေတဲ့အသံပဲ''

''ဒုန်း. . . ဒုန်း. . . ဒုန်း''

''သမီးရေ . . . ချစ်သက်နွယ်၊ အိပ်ရာက ထပါဦး. . .''

အိပ်ခန်းတံခါးကို လာခေါက်နေသူက သူမ၏ဖခင် ဖြစ်လေ သည်။

''ဟုတ်ကဲ့ လာပါပြီ ဖေဖေ''



ချစ်သက်နွယ်က အလူးအလဲထကာ အိပ်ခန်းတံခါးကို ပြေးဖွင့် လိုက်တော့ ဖခင်ဖြစ်သူက မျက်နှာမသာမယာဖြင့်

''စောစောက သမီးမေမေ မူးလဲသွားလို့၊ အဲဒါ ဆရာဝန်က ဆေးရုံတင်လိုက်ရင်ကောင်းမယ်လို့ ပြောနေတယ်။ အဲဒါ အခု သမီး မေမေကို. . . ''

''ဟင်. . . ''

ဖေဖေ့စကားကို ဆုံးအောင်ပင် နားမထောင်နိုင်တော့ဘဲ ချစ်သက်နွယ်က အိမ်အောက်ထပ်သို့ ဒုန်းစိုင်းကာ ပြေးဆင်းသွားတော့ သည်။ ဖခင်ဖြစ်သူက နောက်မှနေ၍ သမီး၊ သမီးဟု လှမ်းခေါ်ရင်း ခပ်သုတ်သုတ် လိုက်လာ၏။

မေမေက ကုတင်ပေါ်တွင် ဖျော့တော့နုန်းချိစွာ လဲလျောင်း နေသည်။ ဘေးမှာ ဆရာဝန်လည်း ရှိနေ၏။

''မေမေ . . . မေမေ ဘာဖြစ်တာလဲဟင်''

ချစ်သက်နွယ်က စိုးရိမ်တကြီးမေးရင်း မိခင်ဖြစ်သူ၏ ကုတင် ဘေးတွင် အပြေးကလေး ဒူးထောက်လိုက်၏။ ဆရာဝန်ကတော့

''ဘာမှ မစိုးရိမ်ရပါဘူးသမီးရယ်၊ အသုဘကိစ္စနဲ့ ခုနစ်ရက် လုံးလုံး ပင်ပန်းထားတော့ အားပြတ်သွားတဲ့သဘောပါ။ ဒါပေမဲ့ နှလုံး ရောဂါအခံများ ရှိနေမလားလို့ သံသယဖြစ်တာနဲ့ လိုလိုမယ်မယ်ဆိုပြီး ဆေးရုံတက် ဆေးစစ်ခံကြည့်စေချင်တာပါ။ အလွန်ဆုံး တစ်ရက်နှစ်ရက် ပါပဲ''

ထိုအချိန်တွင် အနားသို့ရောက်လာသော ဖေဖေက

''ဆေးရုံတက်ဖို့ လိုအပ်တာတွေ အားလုံးကိုတော့ ဖေဖေ ပြင်ဆင်ပြီးပြီ။ သမီးကတော့ အိမ်မှာပဲ နေခဲ့ပေါ့ဟုတ်လား။ အဲ. . . နောက်ပြီး ဒီညအဖို့တော့ ဖေဖေ ဆေးရုံမှာပဲ လူနာစောင့်ရမယ်ထင် တယ်။ သမီးတစ်ယောက်တည်း အိမ်မှာ အိပ်ရဲရဲ့လား''

www.burmeseclassic.com



"ရပါတယ် ဖေဖေ"

ချစ်သက်နွယ်က ပြန်ဖြေလိုက်ရင်း စိုးရိမ်မကောင်းစွာဖြင့်

"ဒါနဲ့ မေမေ ဘာမှမဖြစ်ဘူးဆိုတာ သေချာတယ်နော်"

"သေချာပါတယ်သမီးရယ်။ ကဲ . . . ဖေဖေတို့သွားလိုက်ဦးမယ်။ သမီးအတွက် ညစာကိုတော့ ရေခဲသေတ္တာထဲက ဟင်းတွေကိုပဲ ပြန်နွှေးပြီးစားလိုက်တော့နော်"

ချစ်သက်နွယ်က ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် သွေးဆုတ်ဖြူရော်နေသော မေမေ့လက်ဖဝါးကို အသာအယာ ဖျစ်ညှစ်ရင်း အားပေးလိုက်ရတော့သည်။

●

"ချစ်သက်နွယ် . . . ချစ်သက်နွယ်"

ညနေစောင်း နေဝင်ရီတရောအချိန်ဖြစ်သောကြောင့် ချစ်သက်နွယ်က မီးဖိုချောင်ထဲတွင် ညစာအတွက်ပြင်ဆင်ရန် ဟင်းအိုး နွှေးနေသည်။

ထိုအချိန်မှာပင် သူမနာမည်ကို ခေါ်သံလိုလို ကြားရသည်ဟု စိတ်ထဲမှာ ထင်မိသည်။

ဟင်. . . ငါ့ကိုခေါ်နေတာလား။ ဟင့်အင်း. . . မဖြစ်နိုင်ပါဘူး။

"ချစ်သက်နွယ်. . . ချစ်သက်နွယ်"

ခေါ်သံက ပို၍ပြီးထင်ရှား ပီပြင်လာသည်။

ထို့နောက် ချစ်သက်နွယ်က အိမ်နောက်ဖေးတံခါးကိုဖွင့်ပြီး ခေါ်သံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ခြံထောင့်သစ်ဆိမ့်ပင်ကြီးနှင့်ကပ်လျက် ပုဏ္ဏားရိုက်ပင် ခြံစည်းရိုး၏တစ်ဖက်တွင် ညှိုးငယ်စွာရပ်နေသော ဝါဝါ့ကို တွေ့မြင်လိုက်ရသည်။



ချစ်သက်နွယ်က ဘာဖြစ်ပါလိမ့်ဟု သိချင်ဇောဖြင့် ခြံစပ်ဆီသို့ ခပ်သွက်သွက်ပြေးသွားလိုက်သည်။ အနားရောက်ကာမှ ဝါဝါ့ပါးပြင်ပေါ်က မျက်ရည်စတွေကို မြင်လိုက်ရသောကြောင့်

"ဟင် . . . ဝါဝါ၊ ဘာဖြစ်လို့လဲဟင်"

"ငါ . . . နင့်ကိုလာနှုတ်ဆက်တာ သူငယ်ချင်း"

ဝါဝါ့စကားသံက တစ်လုံးချင်း လေးလေးတွဲ့တွဲ့ အံထွက်ကျလာ၏။ ချစ်သက်နွယ်က

"ဟင် . . . နင်က ဘယ်သွားမှာမို့လို့လဲ"

ဝါဝါက သူမ ပါးပြင်ပေါ်မှ မျက်ရည်စများကိုသုတ်ရင်း

"ဒီနေ့ (၂၃) ရက်နေ့လေ၊ ငါ့မောင်လေးသေတာ တစ်နှစ်ပြည့်တဲ့နေ့ပေါ့။ ဒီည သူငါ့ကို လာခေါ်လိမ့်မယ်။ ငါ . . . ငါ သူနဲ့ လိုက်သွားတော့မယ် ချစ်သက်နွယ်"

ဝါဝါ့စကားကြောင့် ချစ်သက်နွယ် တုန်လှုပ်သွား၏။

"မဦးမချွတ် နင်ဘာတွေလျှောက်ပြောနေတာလဲ ဝါဝါ။ အဓိပ္ပာယ်မရှိတာတွေဟာ"

ချစ်သက်နွယ်၏စကားကို ဝါဝါက မည်သို့မျှ မတုန့်ပြန်ဘဲ ခေါင်းကိုငုံ့လျက်သား ငိုရှိုက်နေ၏။

ချစ်သက်နွယ်က ဝါဝါ့ကို သနားကြင်နာစွာဖြင့် စိုက်ကြည့်ရင်း

"ဝါဝါ . . . နင်အရမ်းကြောက်ပြီး စိတ်တွေ ကယောင်ချောက်ချားဖြစ်နေပြီထင်တယ်။ နင်သိပ်ကြောက်နေရင် ဒီည ငါ့အိမ်မှာ လာအိပ်ပါလား။ အိမ်မှာလည်း ဘယ်သူမှ မရှိဘူးဟ။ နင့်ကို ငါအဖော်လုပ်ပေးလို့ ရတာပေါ့"

"ငါ့ကို နင်အဖော်လုပ်ပေးမယ်ဆိုတာ ယုံပါတယ်ဟာ။ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မဲ့. . . ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်သလဲ ပြောလေ ဝါဝါ''

ဝါဝါက ကြိတ်၍ရှိုက်နေရာမှ စိတ်မထိန်းနိုင်တော့ဘဲ ချုံးပွဲချ ငိုကြွေးလိုက်ရင်း

''ဟင့်အင်း ဟင့်အင်း မဖြစ်ပါဘူးဟာ၊ ငါ့အကြောင်းနဲ့ငါပဲ သူငယ်ချင်းရယ်''

ငိုသံဗလုံးဗထွေးဖြင့်ပြောကာ ချာခနဲလှည့်ပြီး ပြေးထွက်သွား တော့သည်။

ချစ်သက်နွယ်ကြောင်ပြီး ရပ်ငေးကြည့်ကာ ကျန်နေခဲ့သည်။ အသုဘရက်လည်နေ့က အရုပ်တွေကို သူမိုးရှိုကာနီးမှာ ဒေါ်အိရွှေစင်က လာယူသွားသည်ကိုလည်း ဖျတ်ခနဲ ပြန်သတိရလိုက်၏။

ဝါဝါက ဒီအရုပ်ကြောင့် သူ့မောင်လေးသေရသည်ဟု ပြော ဖူးသည်။ အခုလည်း ဝါဝါဒုက္ခရောက်တော့မည်။

ဒီလို အချိန်ရောက်ခါနီးတွင်မှ သူမထံမှ အရုပ်တွေကို ဒေါ်အိရွှေစင်က လာယူသွားခြင်းသည် တိုက်ဆိုင်မှုမှ ဟုတ်ပါလေစ. . .။

ဝါဝါနှင့် မတည့်သည့်မိထွေးဖြစ်သူ ဒေါ်အိရွှေစင်က တမင် ဒုက္ခပေးချင်သောကြောင့်လား. . . ။

ချစ်သက်နွယ်က တွေဝေနေရာမှ ရုတ်တရက်သတိဝင်လာကာ

''ဝါဝါ. . . ဝါဝါ၊ နင် ဒီညအရေးအကြောင်းရှိရင် ငါ့ဆီကို ချက်ချင်း ဖုန်းဆက်လိုက်နော်''

ဟု လှမ်းအော်ပြောလိုက်သည်။

■

## အခန်း (၂၁)

မနေ့ညက တစ်ညလုံး ကောင်းကောင်းမအိပ်ခဲ့ရသောကြောင့် ညစာ စားပြီးသည့်အခါတွင် ဗိုက်လေးလံလာကာ မေးခနဲ အိပ်ပျော် သွားသည်။

နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေရာမှ ဖျတ်ခနဲနိုးလာသော အခါ ပြတင်းပေါက်အပြင်ဘက်တွင် မှောင်မိုက်နေသည်ကို သတိထား လိုက်မိ၏။

ဟင် . . . ငါ ဘယ်လောက်တောင် အိပ်ပျော်သွားလဲ မသိဘူး။ ညကို မလွန်မြောက်သေးသည်ကတော့ သေချာသည်။

ချစ်သက်နွယ်က အိပ်ရာဘေးမှ မီးခလုတ်ကိုဖွင့်ပြီး စားပွဲတင် နာရီကို လှမ်းကြည့်လိုက်၏။

ည ၁၁း၅၂ မိနစ် . . . ။

www.burmeseclassic.com

www.burmeseclassic.com

သြော် . . . ဘာလိုလိုနဲ့ ညသန်းခေါင်ယံကိုကျော်ပြီး (၂၃) ရက်နေ့ကို လွန်မြောက်တော့မည်ပဲလေ။

သူမ၏စိတ်ထဲတွင် ဝါဝါ့မျက်နှာကို ဖျတ်ခနဲမြင်ယောင်လိုက်၏။

ဝါဝါတစ်ယောက် ချောချောမောမောဖြင့် (၂၃)ရက်နေ့ကို ကျော်လွန်သွားပြီးလျှင်တော့ ကိုယ့်ကိုယ်ကို ပြန်ခြောက်လှန့်နေသော စိတ္တဇအစွဲပြေပျောက်ပြီး ပုံမှန်အတိုင်း ပြန်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်မိလေသည်။

အခုထိ ဖုန်းမဆက်သေးဘူးဆိုမှတော့ အရာရာတိုင်းသည် အဆင်ပြေစွာ ဖြတ်သန်းပြီးဆုံးသွားလိမ့်မည်ဟု စိတ်ချထားလိုက်သည်။

“တီ. . . တီ. . . တီ”

ထိုအချိန်မှာပင် တယ်လီဖုန်းက မြည်ခနဲထမြည်လာလေသည်။

ဟင် . . . ဘယ်က တယ်လီဖုန်းလဲ၊ ဝါဝါများတစ်ခုခုဖြစ်လို့လား။ ဒါမှမဟုတ် ဆေးရုံမှာ မေမေများ တစ်ခုခုဖြစ်. . .

မည်သည့်အတွေးကမျှ သူမကို စိတ်သက်သာရာ မရစေပါ။

ချစ်သက်နွယ်က တယ်လီဖုန်းရှိရာဆီသို့ ပြေးသွားပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

“ဟဲလို . . . ဟဲလို. . . အမိန့်ရှိပါရှင်။ ချစ်သက်နွယ် ပြောနေပါတယ်”

“သူ . . . ငယ်. . . ချင်း”

တစ်ဖက်မှ ဝါဝါ့အသံက အိပ်မက်ခရီးရှည်တစ်ခုကို ဖြတ်သန်းလာသလိုမျိုး လွင့်မျောမောဟိုက်နေ၏။

“ဟင် . . . ဝါဝါ၊ နင်. . . ဘာဖြစ်နေပြီလဲ”

“ဂွတ်ဘိုင် . . . သူငယ်ချင်း။ ငါသွားရတော့မယ်။ တမလွန်ဆိုတာ မသေဆုံးသေးတဲ့ ချစ်ခင်သူတွေဆီကနေ သေဆုံးခဲ့ပြီးသား ချစ်ခင်သူတွေဆီကို သွားတဲ့ခရီးပါပဲဟာ”



ဝါဝါ့စကားကြောင့် သူမတစ်ကိုယ်လုံး တုန်ခါသွားသလို ခံစားလိုက်ရ၏။

ချစ်သက်နွယ်က ချက်ချင်းပင်

“နေဦး. . . နေဦး ဝါဝါ၊ နင် ဘာမှမလုပ်နဲ့ဦး အခုချက်ချင်း ငါလာခဲ့မယ်၊ ငါလာတဲ့အထိစောင့်. . . ”

ချစ်သက်နွယ်က ဖုန်းကိုပစ်ချလိုက်ပြီး အိမ်နောက်ဖေးတံခါးပေါက်ဆီသို့ ပြေးထွက်ခဲ့သည်။

တံခါးကို ဝုန်းခနဲတွန်းဖွင့်လိုက်ပြီး တစ်ဖက်ခြံဆီသို့ တစ်ဟုန်ထိုး သုတ်ခြေတင် ပြေးတော့၏။ ပြေးရင်းနှင့် ချစ်သက်နွယ်၏ခေါင်းထဲတွင် ဝါဝါ့ကို ပြောခဲ့ဖူးသောစကားတစ်ခွန်းကို ပြန်သတိရလာ၏။

“နင့်အတွက် အဖော်လိုရင်ပဲဖြစ်ဖြစ်၊ အကူအညီလိုရင်ပဲဖြစ်ဖြစ် ငါ့ကို အချိန်မရွေးခေါ်နော်”

ဟုတ်တယ် ငါ့စကားအတိုင်းတည်အောင် ဝါဝါ့အနားမှာ ငါရှိနေဖို့ လိုအပ်တယ်ဟု သူမ၏ ယုံကြည်စိတ်ကို အားတင်းလိုက်၏။

သူမ၏နားထင်မှ ချွေးစက်များက ပါးစပ်ထဲအထိ စီးကျလာသည်။ သို့သော် . . . ပြေးနှုန်းကိုတော့မလျှော့။ ချစ်သက်နွယ်၏ ခြေလှမ်းများက သုံးထပ်တိုက်၏လှေကားထစ်တွေကို နှစ်ထစ်စီကျော်ပြီး တရကြမ်း ပြေးတက်ခဲ့၏။

ဟောဟဲ . . . ဟောဟဲ . . .

မောပန်းလွန်းသဖြင့် အသက်ရှူပင်မမှန်တော့။ အားတင်းထား ချစ်သက်နွယ်၊ အားတင်းထားစမ်း။ ဟော. . . ဒီမှာ အပေါ်ဆုံးထပ်ကို ရောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသောမြင်ကွင်းကြောင့် ချစ်သက်နွယ်၏ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

ဝါဝါက ဝရန်တာအစွန်းတွင်ရပ်ကာ အောက်သို့ခုန်ချလိုက်ဖို့ရန် အသင့်ဖြစ်နေလေပြီ. . .

"ဝါဝါ . . . မလုပ်နဲ့"

ချစ်သက်နွယ်က အာခေါင်ကိုခြစ်၍ အသံကုန်လှမ်းအော်လိုက်၏။ ဝါဝါက ဦးခေါင်းကို ဖြည်းညင်းစွာလှည့်ပြီး ချစ်သက်နွယ်ကို လှမ်းကြည့်သည်။ ဝါဝါ့မျက်နှာသည် အဓိပ္ပာယ်ကင်းမဲ့စွာသော မျက်နှာသောဖြစ်နေလေသည်။

ထို့နောက် ဝါဝါက ချစ်သက်နွယ်ကို နောက်ဆုံးနှုတ်ဆက်သည့် အနေဖြင့် ခေါင်းကိုသာသာလေး ဆတ်ပြလိုက်၏။

ပြီးတော့ . . . ဝါဝါက အောက်သို့ခုန်ချရန် ကိုယ်ကိုကိုင်းညွှတ် အရှိန်ယူလိုက်လေသည်။

"မလုပ်နဲ့. . . "

ချစ်သက်နွယ်က အော်ဟစ်ရင်း တစ်ဟုန်ထိုးပြေးကာ ဝါဝါ့ကို လှမ်းဆွဲလိုက်သည့်အချိန်မှာပင် ဝါဝါကလည်း ခုန်ချလိုက်သောကြောင့် ပြုန်းခနဲအရှိန်လွန်ကာ . . .

ချစ်သက်နွယ်တစ်ကိုယ်လုံး ဝရန်တာပေါ်မှ အားလွန်ပြီး ပြုတ်ကျသွားလေတော့သည်။

"အား. . . "

အသည်းထဲတွင်အေးခနဲဖြစ်သွားပြီး ဆွဲမိဆွဲရာကို လှမ်းဆွဲလိုက်ရာ ဝရန်တာအစပ် အုတ်ဘောင်အစွန်းကို လက်တစ်ဖက်ဖြင့် တွဲလောင်းခိုမိလျက်သား ဖြစ်နေ၏။

ဟင် . . . ဝါဝါ. . . ဝါဝါကော. . . ။

အဲသည်အချိန်မှာပင် ဝါဝါ့ကို သူမနံဘေးတွင် မြင်လိုက်ရသည်



ဝါဝါက အောက်သို့ပြုတ်ကျသွားခြင်းမရှိပါ။ ဝါဝါ့တစ်ကိုယ်လုံးသည် လေထဲတွင် မတ်တတ်ရပ်နေလေသည်။

ထိုမြင်ကွင်းကိုမြင်လိုက်ရသောချစ်သက်နွယ်က အံ့သြခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်းတို့ဖြင့်

"ဟင် . . . ဝါဝါ၊ နင် . . . နင်က ဘာဖြစ်လို့ လေထဲမှာ ရပ်နေနိုင်ရတာလဲ"

ဝါဝါက ဘာမှပြန်မဖြေဘဲ သူမကို စိတ်မကောင်းသော မျက်နှာဖြင့်တွေတွေကြီး ငေးစိုက်ကြည့်နေ၏။ အရင်ကတည်းက ဖြူဖျော့လွန်းသော ဝါဝါ့တစ်ကိုယ်လုံးသည် နောက်ခံညလေထုနှင့်ရောနှောကာ အခိုးအငွေ့သဏ္ဍာန်လို ထွင်းဖောက်မြင်နေရလေသည်။

"ဝါဝါ. . . ၊ ငါက. . . ငါက နင့်ကို လူလို့ထင်ထားခဲ့တာ နင်ဟာ. . . "

ချစ်သက်နွယ်က တစ်စုံတစ်ရာကို နောက်ကျစွာ သဘောပေါက်လိုက်သည်။ ဟိုးအစကတည်းက ဝါဝါက သူမကို လှည့်စားခဲ့သည်ပဲ။ ဒီခြံဝင်းထဲတွင် လက်ဝါးအရုပ်ကို စတွေ့ခဲ့စဉ်တုန်းက မည်သူမျှ ပြောင်းရွှေ့လာခဲ့ခြင်းမရှိသေးဘဲနှင့် 'ဒီအိမ်ကို ပြောင်းလာပြီးနောက် လက်ဝါးအရုပ်ကို လွှင့်ပစ်ခဲ့သည်'ဟု ပြောသော ဝါဝါ့စကားကို ယုံကြည်ခဲ့မိသည်က သူမ၏အမှားပင်။

ဒေါသနာကြည်းခြင်းတို့ဖြင့် ဝါဝါ့ကိုလှမ်းကြည့်လိုက်တော့ ဝါဝါ့ထံမှ တီးတိုးစကားသံလိုလို ကြားရသည်။

"ငါ့ကိုခွင့်လွှတ်ပါ သူငယ်ချင်းရယ်၊ ငါ နင့်ကို အရမ်းခင်တယ်။ ငါ့အတွက် မိတ်ဆွေတစ်ယောက်ကို ငါအရမ်းလိုအပ်နေတယ်ဟာ"

အုတ်ဘောင်အစွန်းကို လှမ်းခိုထားသော ချစ်သက်နွယ်၏ လက်က အဆမတန် နာကျင်ကိုက်ခဲလာသည်။ ခန္ဓာကိုယ်တစ်ခုလုံး၏ အလေးချိန်ကို လက်တစ်ဖက်တည်းဖြင့် မည်သို့မျှ ထိန်းနိုင်သော

www.burmeseclassic.com



ပြုတ်ကျရန် တည်းတည်းကလေးသာ လိုတော့သည်။

ထိုအချိန်တွင် ဝရန်တာဆီသို့ တရွေ့ရွေ့ တွန်းလာနေသော ဘီးတပ်ကုလားထိုင်၏အသံကို ကြားလိုက်ရသည်။

"ကယ်ပါဦး . . . အန်တီအိရွှေစင်၊ သမီးကို ကယ်ပါဦး"

ချစ်သက်နွယ်၏ ထိတ်လန့်တကြား အော်ဟစ်သံမဆုံးခင်မှာပင် ဝရန်တာအစပ်သို့ရောက်လာသော ဘီးတပ်ကုလားထိုင်ပေါ်တွင် အန်ကယ် ဦးရဲမြင့်ကို တွေ့လိုက်ရ၏။

ဘီးတပ်ကုလားထိုင်တွန်းလာသူက . . . ဒေါ်အိရွှေစင်။

"ကယ်ပါဦး . . . ၊ သမီးကို ဆွဲတင်ပေးပါဦး"

အန်ကယ်ဦးရဲမြင့်၏ လက်တစ်ဖက်က ဖြည်းဖြည်းချင်း မြှောက်လာပြီး ပါးစပ်ကို ဖွင့်ချည်ပိတ်ချည်လုပ်ကာ စကားတစ်ခွန်း ပြောသည်။

"ကယ်ဖို့ မဖြစ်နိုင်တော့ဘူး သမီး၊ အန်ကယ် ကိုယ်တိုင်လည်း အန်ကယ့်သမီးနဲ့အတူ အိရွှေစင်လက်ချက်နဲ့ သေဆုံးခဲ့ရတာ ကြာပါပြီကွယ်"

"ရှင် . . . "

ချစ်သက်နွယ်တစ်ယောက်ပါးစပ်အဟောင်းသား ဖြစ်သွားသည့် အခိုက်အတန့်မှာပင် ဦးရဲမြင့်၏လက်ကို ရုပ်သေးရုပ်၏လက်တစ်ချောင်းလို အနီရောင်ကြိုးသေးသေးလေးဖြင့် ဆိုင်းချည်ထားသည်ကို တွေ့လိုက်ရ၏။

ဒေါ်အိရွှေစင်က တဟားဟား ရယ်မောရင်းရုပ်သေးကြိုးဆွဲသလို အချက်ကျကျဆွဲလိုက်သည့်အခါ ဦးရဲမြင့်၏အသက်ကင်းမဲ့သော လက်က ချစ်သက်နွယ်ကို နှုတ်ဆက်လက်ပြသလိုမျိုး လှုပ်ယမ်းသွား၏။

ဒေါ်အိရွှေစင်က ဦးရဲမြင့်၏ပါးစပ်ကို ဖွင့်ချည်ပိတ်ချည် ကြိုးဆွဲပြီး ရုပ်သေးရုပ်၏အသံမျိုးဖြင့် ပြောလိုက်သည်။



"ဝွတ်ဘိုင် . . . ချစ်သက်နွယ်"

ကြောက်လန့်စိတ်ကြောင့် ချစ်သက်နွယ်၏ လက်ချောင်းများ ရုတ်တရက် ပြေလျော့သွားပြီး သူမ၏ခန္ဓာကိုယ်က အောက်သို့ပြုတ်ကျသွားလေတော့သည်။

"အား"

ဦးရဲမြင့်၏စကားသံက ဘာကြောင့်တောနေ့၏အသံနှင့် တူနေရသလဲဆိုသည့်အချက်ကို သူမ အခုတော့ နားလည်သွားသည်။

ထိုအသိစိတ်သည် သူမ မသေဆုံးခင် ဦးနှောက်ထဲတွင် နောက်ဆုံးပေါ်လာသော အတွေးပင်ဖြစ်၏။

ထို့နောက် သူမ ငြိမ်းချမ်းစွာပင် ကွယ်လွန်သွားလေသည်။

●

အခုတော့လည်း အားလုံးပြီးဆုံးသွားခဲ့လေပြီ။

ချစ်သက်နွယ် မက်ခဲ့သော အိပ်မက်သည် လင်းလက်အကြောင်းမဟုတ်ဘဲ သူမကိုယ်တိုင် ကြုံရတော့မည့် အဖြစ်ဆိုးအတွက် ဖြစ်သည်ဆိုခြင်းကို ရိပ်မိရိပ်စားသွားမိပါလေစ။

■

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

သတင်းစာဖြတ်ပိုင်းဟောင်းတစ်ခုမှ ကောက်နုတ်ချက်. . .

●

**စိတ်ဝေဒနာသည် ရုပ်သေးပညာရှင်ဟောင်းတစ်ဦးကြောင့် ခင်ပွန်းနှင့် လင်ပါသမီးဖြစ်သူ သေဆုံးခဲ့**

လွန်ခဲ့သည့် (၁၅)ရက်ခန့်က စိတ်ဝေဒနာရှင်တစ်ဦးကြောင့် ခင်ပွန်းနှင့်လင်ပါသမီးတို့ သေဆုံးခဲ့ရသော မှုခင်းတစ်ရပ်ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားပုံမှာ . . . စိတ်ဝေဒနာခံစားနေရသော ရုပ်သေးပညာရှင်ဟောင်းတစ်ဦးဖြစ်သူ ဒေါ်အိရွှေစင် (အသက် ၃၆ နှစ်) (ဘ)



ဦးသန့်စင်သည် စိတ်ဝေဒနာဖိစီးဖောက်ပြန်လာသောကြောင့် ခင်ပွန်းသည်ဖြစ်သူ ဦးရဲမြင့် အသက် (၅၄)နှစ်နှင့် ၎င်း၏သမီးဖြစ်သူ မဝါဝါ အသက် (၁၉)နှစ်တို့အား အသက်သေဆုံးစေခဲ့ပြီး အလောင်းများကို ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းများ ပြုလုပ်ခဲ့ကြောင်း သက်ဆိုင်ရာမှ စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့သည်။

ယခုအခါ တရားခံဖြစ်သူ ဒေါ်အိရွှေစင်ကို သက်ဆိုင်ရာက ဥပဒေနှင့်အညီ တရားစွဲဆိုပြီး အရေးယူရန်ပြင်ဆင်နေကြောင်း သတင်းရရှိသည်။

●

ထိုသတင်းကို ဖတ်ပြီး မဲ့ပြုံးပြုံးနေသူနှစ်ယောက်ကတော့ လေက်ဝါးနှင့် တောနောတို့ပင် ဖြစ်ကြ၏။

သူတို့ကိုတော့ မည်သူကမှ သတိမထားမိခဲ့ကြဘဲ စင်ပေါ်ရှိ များပြားလှသော အခြားရုပ်သေးရုပ်တွေကြားတွင် ချိတ်ဆွဲလျက် သား. . . ။

သူတို့ဖြတ်သန်းရဦးမည့်နေ့ရက်တွေကတော့ ရှေ့မှာစောင့်ကြို နေကြဦးမည်ထင်သည်။

ဘဝဆိုသည်မှာ မမြင်ကွယ်ရာ ချောင်တစ်နေရာရာမှာ ချိတ်ဆွဲခံထားရရုံနှင့်တော့ ပြီးဆုံးမသွားတတ်ဘူး မဟုတ်လား။

ဟုတ်သည်. . . ။

တကယ်တော့ ဘဝဆိုသည်မှာ ဘာတွေဖြစ်လာဦးမည်ကို မည်သူမှ ကြိုတင်သိခွင့်မရသော ရုပ်သေးပွဲတစ်ပွဲ ဖြစ်ပါသည်။

■

သမိုးစေ

www.burmeseclassic.com